# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။
စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက် | ၂၀၂၁ ခုနှစ်၊ မတ် ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၈၀)


# တာချီလိတ်မြို့၊ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိ အား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၈

၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို မတ် ၂၇ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်ကြီး၌ကျင်းပခဲ့ပြီး ကျန်းမာရေး အခက်အခဲကြောင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် ဆရာတော်ကြီးများကို သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် ပူဇော်လျက်ရှိသည်။

ဘွဲ့တံဆိပ်ဆက်ကပ်ပူဇော်ခံရသည့် ဆရာတော်ကြီးတစ်ပါးဖြစ်သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိ အား ၂၀၂၁ ခုနှစ်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နဂါးနှစ်ကောင်ကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ကြည်ညို၍ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်သည်။

အခမ်းအနားသို့ ဘွဲ့ခံဆရာတော်ကြီးဖြစ်သည့် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❊



ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဓမ္မသီရိ အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန်

၂၈-၃-၂၀၂၁

| |
|---|
| ချောက်မြို့ |
| ၄၃ ဒီဂရီစင်တီဂရိတ် |
| ရွှေဘိုမြို့ |
| ၄၁ ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ |
| ၄၁ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ |
| ၄၁ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ |
| ၄၁ ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်းမြို့ |
| ၄၁ ဒီဂရီစင်တီဂရိတ် |

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို

*စာမျက်နှာ ၃ ကော်လံ ၁* ○


မြင်တတ်အောင် ကြည့်ဖို့လိုပါတယ် (ဆောင်းပါး) (စာ-၆)

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် – ၁၉ အသွား အလာပိတ်ဆို့ကန့်သတ်မှုများကို အားဖြည့်လုပ်ဆောင်သွားမည် (နိုင်ငံတကာသတင်း) (စာ-၁၃)

မြန်မာ့အလင်း

## ဆူးစူး၍ပင်၊ အပ်နှင့်ထွင်သည်

မြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးလမ်းကို ဆယ်နှစ်ကြာ ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ ယင်းဆယ်နှစ်သက်တမ်းအတွင်း မတူညီသောပါတီနှစ်ခု၏ အစိုးရများက ရွေးကောက်ပွဲများမှတစ်ဆင့် ပြည်သူတို့က အပ်နှင်းခဲ့သော အာဏာများဖြင့် နိုင်ငံကို တာဝန်ယူခဲ့ကြသည်။ ပြည်သူလူထုအများစုအနေဖြင့်မူ အရပ်သားစစ်စစ် အစိုးရဟု ရှုမြင်ထားကြသည့် ဒုတိယမြောက်အစိုးရအဖွဲ့သည် ပို၍ ဒီမိုကရက်တစ်ဆန်စွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပြည်သူများ၏ စားဝတ်နေရေးဘဝ ပိုမိုချောင်လည်စေရေးတို့ကို ထိထိရောက်ရောက်၊ ပြောင်မြောက်စွာ ဆောင်ရွက်ပေးနိုင်ကြမည်ဟူ၍ မျှော်လင့်ထားခဲ့ကြသည်။

လက်တွေ့အားဖြင့်မူ နိုင်ငံ၏အခြေအနေသည် အထက်တွင်ဖော်ပြခဲ့သည့် မျှော်လင့်ချက်များကို မည်သည့်ကဏ္ဍတွင်မျှ ထင်ထင်ရှားရှားပြသနိုင်စရာ အောင်မြင်မှုတို့ကို မတွေ့ခဲ့ကြရ။ ပို၍ ပို၍ တွေ့ရှိလာရသည့် အချက်များမှာ အာဏာရပါတီနှင့် အစိုးရကို လော်ဘီလုပ်ကြသူများ၏ ဆင်ခြေများ၊ ၎င်းတို့ကို ဝေဖန်ထောက်ပြသူများအား အံ့နှင့်ကျင်းနှင့် တုံ့ပြန်ကြမှုများသာဖြစ်သည်။ ၎င်းတို့၏ ဆင်ခြေများတွင် အဓိက အပြစ်ဖို့ခဲ့သည်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တပ်မတော်ကြောင့် မအောင်မြင်ရခြင်းဖြစ်သည်ဟူသော အချက်ကို အဓိကထားသည်။ လွှတ်တော်အတွင်းရှိ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းတို့ကိုလည်း ကန့်လန့်တိုက်နေသူများအဖြစ် ပြည်သူက ရှုမြင်လာအောင် ပုံဖော်ခဲ့သည်။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကြီးမားလာအောင် လှုံ့ဆော်မှုများ၊ အမျိုးဘာသာ သာသနာဟူ၍ ကြွေးကြော်သူများကို ဒီမိုကရေစီ၏ ရန်သူများအဖြစ် ပြည်သူနှင့် ရန်တိုက်ပေးမှုများ၊ ဗုဒ္ဓဘာသာနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘုန်းတော်ကြီးများနှင့် စပ်လျဉ်း၍ လည်းကောင်း ဗုဒ္ဓဘာသာဝင်များအတွင်းမှာပင် ပုံပျက်ပန်းပျက် ထင်မြင်ယူဆလာစေရန် ဆောင်ရွက်မှု များကိုလည်း ထိုခေတ်ထိုကာလတွင် အများအပြားတွေ့ခဲ့ရသည်။ ဖေ့စ်ဘုတ် ခေါ် လူမှုကွန်ရက်ကို အခြေပြုသည့် အထက်ဖော်ပြပါ ဝါဒဖြန့်လှုပ်ရှားမှုသည် မြန်မာ့လူမှုအဖွဲ့အစည်း၏ ခိုင်မာသည့် ကွန်စတီကျူးရှင်းဖြစ်သော တပ်မတော်နှင့် ဗုဒ္ဓဘာသာရေးတို့ကို အင်အားချည့်နဲ့အောင်၊ ပြည်သူအများစုက အထင်အမြင်လွဲမှားကာ အပြစ်မြင်လာအောင်၊ စနစ်တကျ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတိပြုမိသူ အနည်းငယ်မျှသာရှိခဲ့သည်။

ဒီမိုကရေစီကို ကျင့်သုံးနေသည့် နိုင်ငံတစ်နိုင်ငံအဖို့ နိုင်ငံရေးပါတီများ မရှိမဖြစ် တည်ရှိနေကြသည်သာဖြစ်သည်။ နိုင်ငံရေးပါတီများအဖို့ အင်အားကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အမျိုးသားအကျိုးစီးပွားကိုသာ ဦးထိပ်ထားကြရပြီး ပါတီ၏အကျိုးကို ရှေ့တန်းမတင်ရ။ နိုင်ငံရေးပါတီများ ကိုယ်ကျိုးစီးပွားကိုသာကြည့်ပြီး အမြော်အမြင်ကင်းမဲ့ပါက နိုင်ငံရေးကျင့်ဝတ်များကို ချိုးဖောက်ခြင်း၊ ဖြစ်ပေါ်လာနိုင်သည့် ဆိုးရွားသောအကျိုးဆက်များကို လျစ်လျူရှုကာ ဖြစ်လိုရာဖြစ် ဆင်ကန်းတောတိုး ပြုမူခြင်း၊ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများကြောင့် ပြည်သူလူထုအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ကာ တိုင်းပြည်မငြိမ်မသက်ဖြစ်ရခြင်း အဆင့်အထိ ရောက်ရှိကြရသည်။

ယခုနှစ်အစပိုင်း ဇန်နဝါရီလ ၆ ရက်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် ဖြစ်ပွားခဲ့သည့် ကက်ပီတော်လွှတ်တော်အတွင်းသို့ မဲရှုံးသမ္မတဟောင်း ထရမ့်ကို ထောက်ခံသူများ ချိုးဖောက်ဝင်ရောက်မှုဖြစ်စဉ်၌လည်း ဤသဘောကို တွေ့ရသည်။ ဆန္ဒပြ၍ လွှတ်တော်အတွင်း ဝင်ရောက်သူများကို ရဲတပ်ဖွဲ့ဝင်များက ဖြိုခွဲသည့် ဖြစ်စဉ်တွင် အမျိုးသမီးတစ်ဦးအပါအဝင် လေးဦး သေဆုံးခဲ့ရသလို အမေရိကန်ပြည်သူများအတွင်း၌လည်း သဘောထားကွဲလွဲမှုများ နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်ခဲ့ရသည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်းသည် ပြည်သူတို့၏ အခွင့်အရေးတစ်ရပ်ဖြစ်သည်။ သို့ရာတွင် ပြည်သူများအတွင်း မညီမညွတ်ဖြစ်အောင်၊ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် ဆူပူအုံကြွမှုများမှသည် တိုင်းနိုင်ငံ ချောက်ချားကာ ပုန်ကန်မှုများ မဖြစ်ဖြစ်အောင် ပြုလုပ်ခြင်းကမူ လျစ်လျူရှုထား၍မရ။ နိုင်ငံနှင့် ပြည်သူတို့၏အကျိုးကို ရည်မျှော်ကာ ရှင်းလင်းဖယ်ရှားပစ်ရမည်သာ ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့ ရန်ကုန်မြို့ရေပေးဝေရေးနှင့် မြို့သန့်ရှင်းရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီက မင်္ဂလာဒုံမြို့နယ် လှော်ကားရေလှောင်ကန်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် အင်ဂျင်နီယာဌာန (ရေအရင်းအမြစ်နှင့်ရေပေးဝေရေး) ဌာနမှူး ဦးမြင့်ဇော်သန်းက ရန်ကုန်မြို့သို့ ရေအရင်းအမြစ်များနှင့် ရေလှောင်ကန်ကြီးများ နေ့စဉ်ရေပေးဝေနေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (ရေအရင်းအမြစ်နှင့် ရေပေးဝေရေး)မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံကာ ရန်ကုန်မြို့အား အဓိက ရေပေးဝေနေသည့် လှော်ကား ရေလှောင်ကန်မှာ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့်အတွက် ပြည်သူတွေကို အထိရောက်ဆုံး အကျိုးပြုနေခြင်းဖြစ်ပြီး ရေအကျိုးဆယ်ပါးကို မတောင်းဘဲ ရနေကြကြောင်း၊ ယခုကဲ့သို့ တက်ညီလက်ညီ လုပ်ကြမည်ဆိုပါက အနာဂတ်တွင် မျှော်မှန်းထားသည့် တစ်နေ့ ရေဂါလန်သန်း ၅၀၀ ဖြန့်ဖြူးနိုင်ရေး အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြို့တော်ဝန်က မြောက်ဥက္ကလာပ မြို့နယ်တွင် အရေးပေါ်ကာလအတွင်း နိုင်ငံပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကြိုးပမ်းဆောင်ရွက်ခဲ့သော အကြီးစားပြုပြင်ထိန်းသိမ်းရေး ဌာနစုမှ ဝန်ထမ်း ၁၈ ဦးကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး မြို့ရေပေးရေးအတွက် ရေပို့ပိုက်လိုင်းကြီးများ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းတစ်လျှောက် သွယ်တန်းလျက်ရှိရာ နှောင့်ယှက်လိုသူများက လမ်းပိတ်အတားအဆီးများအဖြစ် အသုံးချနေသည့်ကြားမှ မတ် ၁၂ ရက် ညတွင် ၁၆ လက်မ HDPE ပိုက် ၂၇ လုံး၊ မတ် ၂၀ ရက်တွင် ၁၂ လက်မ၊ ၁၆ လက်မ၊ ၄၈ လက်မ HDPE ပိုက် ၁၅၀၊ စုစုပေါင်းပိုက်၁၇၇ လုံးကို နှောင့်ယှက်လိုသူလူအုပ်စုကြားမှ ခက်ခက်ခဲခဲ သယ်ယူရွှေ့ပြောင်းပေးခဲ့ခြင်းမှာ နိုင်ငံပိုင်ပစ္စည်းကို စွန့်စားကာကွယ်စောင့်ရှောက်ခြင်းဖြစ်၍ ယခုကဲ့သို့ ဂုဏ်ပြုရခြင်းဖြစ်ကြောင်း၊ အလားတူ ယခု အရေးပေါ်ကာလအတွင်း ဌာနအသီးသီးမှ ဝန်ထမ်းများစွာ စွန့်စား၍ အပင်ပန်းခံ ဆောင်ရွက်ခဲ့ကြသည်များကိုလည်း မှတ်တမ်းတင်ကြောင်းနှင့် ဂုဏ်ပြုချီးမြှင့်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှော်ကားရေလှောင်ကန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု၊ စက်ပစ္စည်းနှင့် ယန္တရားများ ကြံ့ခိုင်ရေးဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း၊ ၁၂ ထပ်ခွဲရုံးရှိ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသို့ ရောက်ရှိရာ ဌာနမှူး ဦးချိုထွန်းအောင်က ရန်ကုန်မြို့တွင် နေ့စဉ် အမှိုက်သိမ်းဆည်းနေမှုစနစ်၊ လှော်ကားရှိ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံ၊ ထိန်ပင်ရှိ ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များ မီးရှို့စက်တို့၏ လည်ပတ်ဆောင်ရွက်နေမှု၊ နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ Final Disposal Site များနှင့် အမှိုက်ပုံများတွင် စုပုံနေမှု၊ တိုးတက်လာသည့်လူဦးရေနှင့်အညီ ထပ်မံလိုအပ်မည့် နောက်ဆုံး စွန့်ပစ်အမှိုက်ပုံအသစ် လျာထားမှုများ၊ လေထုညစ်ညမ်းမှု စီမံခန့်ခွဲ ဆောင်ရွက်နေမှုများ၊ အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲရေးနှင့် အမှိုက်မှ စွမ်းအင်ထုတ်လုပ်ရေးအတွက် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြရာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက သန့်ရှင်းရေးဌာနအနေဖြင့် အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံများစွာ ရရှိလာပြီဖြစ်၍ အမှိုက်စွန့်ပစ်မှု စီမံခန့်ခွဲရေးကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်စွာ ဆောင်ရွက်ကြရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ဓမ္မသီရိ ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်

※ *ရွှေဖုံးမှ*

ကျိုင်းတုံမြို့၊ သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဦးစီးပဓာန နာယက (ဝစီပိတ်) ဆရာတော် ဘဒ္ဒန္တ ကောဝိဒတို့ အမှူးပြုသည့် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးစိုင်းလုံးဆိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ တာချီလိတ်ခရိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### သာသနာရေးဆိုင်ရာများ လျှောက်ထား

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ဓမ္မသီရိထံ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။ ဆက်လက်ပြီး ဆရာတော်ကြီးအား သင်္ကန်းပရိက္ခရာများ၊ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသီရိက သမ္မောဒနီယဩဝါဒကထာနှင့် အနုမောဒနာတရား မြွက်ကြားချီးမြှင့်တော်မူရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်တို့က နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### နေ့ဆွမ်းဆက်ကပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာန နာယကဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြသည်။

### အားသွန်ကြိုးပမ်းဆောင်ရွက်ခဲ့

အဆိုပါ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာန နာယက ဆရာတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ယန်းကိန်ကျေးရွာ၌ ခမည်းတော် ဦးဟောင်၊ မယ်တော် ဒေါ်နန်းပင်းတို့မှ မွေးဖွားခဲ့ပြီး ငယ်အမည်မှာ စိုင်းရုန်လာဖြစ်ကြောင်း၊ ၁၂၉၉ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်တွင် ကျိုင်းတုံမြို့၊ ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ထံ၌ "ရှင်ရုန်လာ" အမည်ဖြင့် သာမဏေအဖြစ်သို့ ခံယူခဲ့ကြောင်း၊ ရဟန်းအဖြစ်သို့ ရောက်ရှိချိန်တွင် အရှင် ဓမ္မသီရိအဖြစ် အမည်တွင်ခဲ့ပါကြောင်း၊ နဂါးနှစ်ကောင်ကျောင်းတိုက်၌ စာသင်သား၊ ရဟန်း၊ သာမဏေတို့အား အစိုးရပထမပြန်နှင့် ဓမ္မာစရိယ ဆိုင်ရာ နေ့ဝါ ညဝါ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူသည့်အပြင် ဓမ္မပဒ(ဂုံရှမ်းဘာသာ)၊ ပိဋကတ်သုံးပုံ(ဂုံရှမ်းဘာသာ)ကျမ်းတို့ကို ရေးသားပြုစုခဲ့ကြောင်း၊ လက်ရှိအချိန်တွင် သက်တော် ၉၁ နှစ်၊ ဝါတော် ၇၁ ဝါ ရှိပြီဖြစ်ပြီး ဆရာတော်သည် ပုန်းတွန်ကျောင်း၊ နဂါးနှစ်ကောင်ကျောင်း စသည့်ကျောင်းများအပါအဝင် ကျောင်းတိုက်ပေါင်း ၁၂တိုက်ကို တည်ထောင်တော်မူခဲ့ပြီး ဗုဒ္ဓသာသနာ ထွန်းကားရေးဆိုင်ရာများကို အားသွန်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်ကြီးသည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း၊ သက်တော်ရှည် သံဃမထေရ် ဖြစ်တော်မူခြင်း၊ ကျမ်းဂန်တတ်သိ ဗဟုသုတနှင့် ပြည့်စုံခြင်း၊ လူအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်နိုင်ခြင်း၊ ကျမ်းဂန်များရေးသားပြုစုခြင်း စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ယခုကဲ့သို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ *ရွှေဖုံးမှ*

လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများ ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

### စတင်ဆောင်ရွက်ပေးလျက်ရှိ

အလားတူ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံရှိ ဆရာဝန်များနှင့် သူနာပြုများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းမရှိဘဲ တာဝန်များ



ပျက်ကွက်လျက်ရှိပြီး ဒေသခံ ပြည်သူများက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အကူအညီတောင်းခံလာခဲ့သဖြင့် ယနေ့တွင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မှ တပ်မတော်သား ဆရာဝန်များနှင့် သူနာပြုများ ပါဝင်သောဆေးအဖွဲ့ကို အဆိုပါဆေးရုံသို့ စေလွှတ်ခဲ့ရာ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှိုက်လှဲစွာ ကြိုဆိုခဲ့ကြကြောင်းနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားများ ကျင်းပမည်

**နေပြည်တော် မတ် ၂၈**

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ယင်းစာမူဆုနှင့် စာပေဆုချီးမြှင့်ပွဲများကို ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပရာ၌ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အခမ်းအနားကို ဧပြီ ၂ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် လည်းကောင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆုချီးမြှင့်ခံရသူများအား အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း ၀၁ - ၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။
သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ကာ တာဝန်လွှဲပြောင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်

နေပြည်တော် မတ် ၂၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား သွားရောက် တွေ့ဆုံ အမှာစကားပြောကြားသည်။**

### တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာချီလိတ်တပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

### ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်

တွေ့ဆုံပွဲတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ရန်လာရောက်စဉ် အခါအခွင့်ကြုံကြိုက်သဖြင့် ယခုကဲ့သို့ အမှာစကားပြောကြားရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် သိရှိနေရမည်ဖြစ်ပြီး နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေး၊ နိုင်ငံတော်၏ တာဝန်ကို တပ်မတော်မှ ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခင်တပ်မတော် အစိုးရလက်ထက် တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီမကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကိုလေ့လာပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီ နည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

### ဒီမိုကရေစီ ခိုင်မာအောင် ကြိုးပမ်း

ရွေးကောက်ပွဲပြီးနောက် သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်သဖြင့် ဒီမိုကရေစီစနစ်နှင့် ပတ်သက်၍ နားလည်သိရှိနိုင်ရန် လိုအပ်မှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံအလိုက်ကျင့်သုံးသည့် ဒီမိုကရေစီကျင့်သုံးပုံချင်း တူညီမှုမရှိဘဲ မိမိတို့နိုင်ငံ၏ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီသည့် ဒီမိုကရေစီကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း၊ ဒီမိုကရေစီကူးပြောင်းစကာလတွင် အင်အားကြီးနိုင်ငံအချို့က ၎င်းတို့လိုလားသည့် ပုံစံအတိုင်းဖြစ်စေရေး နည်းလမ်းအမျိုးမျိုးဖြင့် တွန်းအားပေးဆောင်ရွက်ခဲ့မှုများရှိ၍ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ဒီမိုကရေစီ ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

### မဲမသမာမှု ၁၀ သန်း ကျော်အထိ ရှိခဲ့

၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ် ရပ်တည်နေသော NLD ပါတီကို ရွေးကောက်ပွဲဝင်ရောက်နိုင်စေရေး ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး ၅ နှစ်တာ သက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက် တိုးတက်မှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ပြင် ဥပဒေနှင့် မလျော်ညီသည့် လုပ်ဆောင်ချက်များကို တွေ့ရှိလာရကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသဖြင့် တပ်မတော်က နည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တိုက်တွန်းခဲ့ကြောင်း၊ နိုဝင်ဘာ ၈ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပတော့မည်ဖြစ်သော်လည်း ၇ ရက်နေ့အထိ မဲလက်မှတ်များ ရိုက်နှိပ်လျက်ရှိနေသည်ကို တွေ့ရှိပြီး ကြိုတင်မဲများ၊ အခြားသောနည်းလမ်းများဖြင့် မဲမသမာမှုများ ဖြစ်ပေါ်အောင်လုပ်ဆောင်ခဲ့ရာ စုစုပေါင်း သံသယဖြစ်ဖွယ် မဲမသမာမှု ၁၀ သန်း ကျော်အထိ ရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

### ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး

ထိုသို့ မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီနည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်း ဖြေရှင်းမရသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၀ ရွေးကောက်ပွဲတွင် မရိုးမသားဆောင်ရွက်ခဲ့သည့် ဥပဒေမဲ့လုပ်ဆောင်မှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ထမ်းဆောင်ခြင်းဖြစ်ပြီး အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ကာ တာဝန်လွှဲပြောင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*

# စစ်မှန်၍ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်၏ တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်သားများအနေဖြင့် တစ်ဦးချင်းအသိစိတ်ဓာတ် ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကိုကောင်းအောင်ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တာချီလိတ်တပ်နယ်မှူးက လက်ခံရယူစဉ်။

*စာမျက်နှာ ၄ မှ*

တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း၊ မိမိတို့ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာဖြင့် အေးအတူပူအမျှ လက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တပ်မတော်သားမိသားစုများအနေဖြင့် မိမိတို့၏ တစ်ဦးချင်းလုပ်ဆောင်ရမည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ပြီး နိုင်ငံ့တာဝန်များကို တစ်ဖက်တစ်လမ်းမှ ပါဝင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ခိုင်မြဲရေးနှင့် ထွန်းကားပြန့်ပွားရေးကိုလည်း ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် ယုံယုံကြည်ကြည် ခိုင်ခိုင်မာမာဖြင့် ရည်မှန်းချက်ပြီးမြောက်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### စားသောက်ဖွယ်ရာများ ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာချီလိတ်တပ်နယ်မှူးက လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးထောက်ပံ့ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လည်းကောင်း အသီးသီး လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ကျက်သရေဆောင် နောင်တုံရေကန်သို့ ရောက်ရှိကြပြီး နောင်တုံကန် သာယာလှပရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် ဆောင်ရွက်လျက်ရှိသည့် ကန်ပတ်လမ်းအဆင့်မြှင့်တင်နေမှု၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေနုတ်မြောင်းပြုလုပ်ခြင်းနှင့် သာယာလှပရေးလုပ်ဆောင်နေမှု အခြေအနေများကို ကြည့်ရှုကြရာ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးခဲ့ပြီး နောင်တုံကန်ပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးထောက်ပံ့ငွေကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးက လက်ခံရယူစဉ်။

# မြင်တတ်အောင် ကြည့်ဖို့လိုပါတယ်

ငြိမ်းချမ်းမောင်

\- - - - -

**"အမေရိကန်ဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ရင်းနှီးမြှုပ်နှံမှု မရှိသလောက်ပါပဲ။ သူ့အကျိုးစီးပွားမရှိပါဘူး။ ဒါပေမယ့် ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီးတော့ မြန်မာ့နိုင်ငံက လူပုဂ္ဂိုလ်တွေ၊ အသင်းအဖွဲ့တွေ၊ လူမှုအသိုက်အဝန်းတွေကို အစောပိုင်းကတည်းက ကနေ့အထိ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါဟာ အမေရိကန် ဆော့ဖ်ပါဝါပိုးတွေ မွေးမြူနည်းဖြစ်ပါတယ်။ ပြည်သူတွေ အကျိုးရှိ/မရှိတော့ မသိပါဘူး။ အဲဒီလူတွေ၊ အဖွဲ့အစည်းတွေကတော့ အကျိုးရှိခဲ့ကြပါတယ်။ ဒါတွေဟာ လျှို့ဝှက်ထားတဲ့အရာတွေ မဟုတ်ပါဘူး။ ဘယ်သူတွေ၊ ဘယ်အဖွဲ့အစည်းတွေ ဘယ်လိုအကျိုးရှိတယ်။ ဘယ်လိုအသုံးချတယ်ဆိုတာကို အင်တာနက်ထဲမှာ လေ့လာကြည့်ရင် အလွယ်တကူ သိနိုင်ပါတယ်"**

သစ်ပင်တစ်ပင် ရှင်သန်ဖွံ့ဖြိုးလာအောင် အချိန်ကာလကြာရှည်စွာ ပြုစုပျိုးထောင်ရပါတယ်။ သစ်ပင်အပင်ပေါက်လေးကို စတင်ပြုစုပျိုးထောင်စဉ်ကတည်းက လေဒဏ်၊ မိုးဒဏ်၊ ရာသီဥတုဒဏ်တွေ မခံရအောင် ကာကွယ်ပေးရပါတယ်။ ပြီးရင် ပေါင်းသင်၊ ရေလောင်း၊ ပိုးမွှားဒဏ်တွေ မခံရအောင် ကာကွယ်ပေးရပါတယ်။ သစ်ပင်လေးဟာ တဖြည်းဖြည်းကြီးထွားဖွံ့ဖြိုးလာပြီး နှစ်တွေကြာလာတာနဲ့အမျှ ကြီးမားခိုင်ခံ့တဲ့ သစ်ပင်ကြီးတစ်ပင် ဖြစ်လာပါတယ်။

ကြီးမားခိုင်ခံ့တဲ့ သစ်ပင်ကြီးတစ်ပင်ဖြစ်တယ်ဆိုပြီး ဂရုမစိုက်ဘဲ ပစ်ပယ်ထားလို့ မရပါဘူး။ သစ်ပင်ကြီးထဲကို ပိုးမွှားတွေဝင်ရောက်လာတယ်ဆိုရင် အဲဒီပိုးတွေဟာ တဖြည်းဖြည်း လှိုက်စားပါတယ်။ သာမန်မျှသာဆိုတဲ့ ပိုးလေးတွေကြောင့် သစ်ပင်ကြီးဟာ တစ်နေ့မှာ ဘုံးဘုံးလဲပြိုကျသွားနိုင်ပါတယ်။ ဒီလိုဥပမာလိုပါပဲ သစ်ပင်ကြီး တစ်ပင်လို အရှည်တည်တံ့ကြာရှည်စွာ တည်ထောင်လာခဲ့တဲ့ တိုင်းပြည်ကြီး တစ်ပြည်ဟာလည်း ပိုးမွှားလေးတွေ အမျိုးမျိုးကြောင့် တဖြည်းဖြည်း ယိုင်နဲ့ပြီး တစ်နေ့မှာ ပြိုလဲပျက်စီးသွားနိုင်ပါတယ်။

အမေရိကန်နိုင်ငံဟာ ၎င်းရဲ့(US-NED)အဖွဲ့အစည်းရဲ့ နောက်ဆုံးထုတ်ပြန်ချက်အရ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံပေါင်း ၉၀ ကျော်မှာ ၎င်းမွေးမြူထားတဲ့ပိုး (Cells) တွေ ဖြန့်ကြဲပျိုးထောင်ထားတာကို တွေ့ရပါတယ်။

(၁) မီဒီယာတွေ၊

(၂) နိုင်ငံရေးသမားတွေ၊

(၃) ပညာရေးသုတေသနအဖွဲ့အစည်းတွေ၊

(၄) အရပ်ဘက်လူမှုရေး အဖွဲ့အစည်းတွေ၊

(၅) ဘာသာရေးအသွင်ယူထားတဲ့ အဖွဲ့အစည်းတွေ၊

(၆) ပြည်တွင်း/ပြည်ပ middle class & educated Burma campaign တွေ၊

(၇) ထောက်လှမ်းရေးသူလျှိုတွေ၊

(၈) သူ့လူ ကိုယ့်ဘက်သား defector – in – place တွေ၊

(၉) စီးပွားရေးလုပ်ကြံသူ economic hit-men တွေ

စတဲ့ပိုးပေါင်းများစွာကို မွေးမြူထားပါတယ်။ ဒီပိုးပေါင်းများစွာ ရှင်သန်ကြီးထွားရေးအတွက် (US-NED) ဟာ နှစ်စဉ်အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ ကျခံသုံးစွဲပြီး ကမ္ဘာ့နိုင်ငံများမှာ အနုနည်း/အကြမ်းနည်း နိုင်ငံရေးကစားကွက်အမျိုးမျိုး ကစားနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေး အခင်းအကျင်းမှာ အာဏာရှင်ဆန့်ကျင်ရေး ခေါင်းစဉ်တပ်ပြီး ပြည်သူတွေနဲ့ အထက်ပါ အဖွဲ့အစည်းတွေ ပါဝင်ပတ်သက်လာအောင် ဖန်တီးလာခဲ့ပုံတွေကို မီးမောင်းထိုးဖော်ပြလိုပါတယ်။ ရည်ရွယ်ချက်ရှိရှိ ပျိုးထောင်ထားတဲ့ အထက်ဖော်ပြပါ Cells တွေထဲအနက် အမှတ်စဉ် (၄) နဲ့ (၆) အဖွဲ့အစည်းတွေနဲ့အတူ CDM လှုပ်ရှားမှုကိုအကြောင်းပြုလို့ ဆရာဝန်တွေရဲ့ အခန်းကဏ္ဍဟာ ပါဝင်လာခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။ (ဆရာဝန်အများစုကို မရည်ရွယ်ပါဘူး) နိုင်ငံ့ဝန်ထမ်းဆရာဝန်တွေဟာ မရည်ရွယ်ဘဲ နိုင်ငံရေးအပြောင်းအလဲမှာ ပါဝင်လာခဲ့ကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်တာနဲ့ မွေးမြူထားတဲ့(Cells)ပိုးတွေဟာ ချက်ချင်းလှုပ်ရှားလာကြပါတယ်။ ဒီမိုကရေစီအရေး၊ လစ်ဘရယ်အရေး၊ စစ်အာဏာရှင်အရေး၊ တော်လှန်ရေးစတဲ့ မီးခိုးမှိုင်းတွေ ပြည်သူလူထုအတွင်းမှာ တစ်စတစ်စဖုံးလွှမ်းမှိုင်းမိလာပြီး အာဏာဖီဆန်တာတွေ၊ ဥပဒေချိုးဖောက်တာတွေ၊ အကြမ်းဖက်တိုက်ခိုက်တာတွေ ဖြစ်လာခဲ့တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရရှိရေး၊ အာဏာရှင်ဆန့်ကျင်ရေးလို့ ပြည်သူတွေမြင်ထားပေမယ့် နောက်ပိုင်းမှာ အသွင်ယူထားတဲ့ ဒီမိုကရေစီကို ခွာချလိုက်ပြီး အမည်းရောင်တော်လှန်ရေး အသွင်ပြောင်းလာတာဟာ သွေးရိုးသားရိုးမဟုတ်ပါဘူး။ မြန်မာနိုင်ငံကို အမေရိကန်ဆော့ဖ်ပါဝါပိုးတွေ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အချိန်ကာလရှည်ကြာစွာ ပျိုးထောင်နိုင်ခဲ့တဲ့ အကျိုးရလဒ်ပဲ ဖြစ်ပါတယ်။

အမေရိကန်ဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ ရင်းနှီးမြှုပ်နှံမှု မရှိသလောက်ပါပဲ ။ သူ့အကျိုးစီးပွားမရှိပါဘူး။ ဒါပေမယ့် ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီးတော့ မြန်မာ့နိုင်ငံက လူပုဂ္ဂိုလ်တွေ၊ အသင်းအဖွဲ့တွေ၊ လူမှုအသိုက်အဝန်းတွေကို အစောပိုင်းကတည်းက ကနေ့အထိ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါဟာ အမေရိကန် ဆော့ဖ်ပါဝါပိုးတွေ မွေးမြူနည်းဖြစ်ပါတယ်။ ပြည်သူတွေ အကျိုးရှိ/မရှိတော့ မသိပါဘူး အဲဒီလူတွေ၊ အဖွဲ့အစည်း တွေကတော့ အကျိုးရှိ ခဲ့ကြပါတယ်။ ဒါတွေဟာ လျှို့ဝှက်ထားတဲ့အရာတွေ မဟုတ်ပါဘူး။ ဘယ်သူတွေ၊ ဘယ်အဖွဲ့အစည်းတွေ ဘယ်လိုအကျိုးရှိတယ်။ ဘယ်လို အသုံးချတယ်ဆိုတာကို အင်တာနက်ထဲမှာ လေ့လာကြည့်ရင် အလွယ်တကူ သိနိုင်ပါတယ်။

မြန်မာပြည်က လူထုကြားမှာ ထင်ရှားတဲ့ လူပုဂ္ဂိုလ်အချို့ကို ဆုကောင်းကောင်းပေးပြီး ပိုးကြီးကြီး မွေးမြူခဲ့ကြပါတယ်။ NGOs တွေ၊ အသွင်ယူထားတဲ့ ပရဟိတအဖွဲ့တွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ဝါသနာရှင်အဖွဲ့အစည်းတွေ၊ စီးပွားရေးအဖွဲ့အစည်းတွေ၊ ပညာရေးအဖွဲ့အစည်းတွေ၊ ဗားမားကမ်ပိန်း စတဲ့အဖွဲ့အစည်း အသီးသီးကြားမှာ ဒေါ်လာထောက်ပံ့ကြေးတွေပေးပြီး သစ်ပင်ကြီးကို လှိုက်စားနိုင်တဲ့ ထိုးဖောက်ဝင်ရောက်မယ့် ပိုးတွေကို မွေးထားနိုင်ခဲ့ပါတယ်။ ပိုးတွေ စိမ့်ဝင်ထိုးဖောက်ခဲ့တဲ့အတွက် အချိန်အခါကျလာတဲ့အခါမှာ တစ်စစီပြိုကျရေးကို ပြုလုပ်ခဲ့ကြပါတယ်၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ တစ်ခုလုံး ပြိုလဲသွားလောက်အောင် ဆောင်ရွက်နိုင်ခဲ့တာကို အထင်အရှားတွေ့ရမှာ ဖြစ်ပါတယ်။

ပြည်သူ့ဆေးရုံတွေကို ပိတ်လိုက်လို့ အစိုးရတစ်ရပ်ပြုတ်မကျသွားပါဘူး။ ပြည်သူတွေ ဒုက္ခအခက်အခဲတွေ့ပြီး တိုင်းပြည်ယိုင်နဲ့သွားစေတဲ့ အချက်တစ်ချက်ပဲဖြစ်ပါတယ်။ အခြေခံလူတန်းစားတွေ အဓိကအားထားရတဲ့ အခမဲ့ သို့မဟုတ် စရိတ်သက်သာတဲ့ ပြည်သူ့ဆေးရုံတွေကို ပိတ်လိုက်တော့ အခြေခံပြည်သူတွေ ရောဂါအနာတရဖြစ်တဲ့အခါ ရှိသမျှကို ရောင်းချပေါင်နှံပြီး ပုဂ္ဂလိကဆေးရုံတွေကို ပြေးကြရပါတယ်။ ပြည်သူတွေ ဒုက္ခရောက်တာ တိုင်းပြည်လည်း ဒုက္ခရောက်ပါတယ်။

**"ယနေ့ကမ္ဘာကြီးမှာ နိုင်ငံတစ်နိုင်ငံကို စစ်ပွဲဆင်နွှဲ၍ သိမ်းပိုက်တဲ့ခေတ် မဟုတ်တော့ပါဘူး။ ခေတ်သစ်ကိုလိုနီဝါဒခေတ်တွင် ဆော့ဖ်ပါဝါပျိုးထောင်ရေးနည်းနဲ့ နိုင်ငံဖြိုလှဲရေးစနစ်ကို ကျင့်သုံးတာကို လက်တွေ့တွေ့ရပြီဖြစ်ပါတယ်။ CDM လုပ်လို့ ဆရာဝန်တွေ အမြောက်အမြားအလုပ်ထုတ်ပယ်ခံရတာ၊ အဖမ်းမခံရအောင် ထွက်ပြေးနေရချိန်မှာ ပြည်ပက Cells တွေက ပြည်တွင်းက ဒုက္ခရောက်နေကြတာကို ရယ်မောပျော်ရွှင်အောင်ပွဲခံနေကြပါတယ်။ အခုလိုဖြစ်ရတာ စစ်အာဏာရှင်ကြောင့် လို့ လက်ညှိုးထိုးလွှဲချကြွေးကြော်နေကြပါတယ်။ ဒါပေမယ့် လက်ညှိုးထိုးလွှဲချလို့ မရပါဘူး။ ကြည့်တတ်သူကတော့ မြင်ကြပါတယ်"**

*စာမျက်နှာ ၈ သို့*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် ဘွဲ့တံဆိပ်တော်များအား အသီးသီးဆက်ကပ်ပူဇော်

နေပြည်တော် မတ် ၂၈

**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလာဘိဝံသ အား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သော အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်အား ဆက်ကပ်ပူဇော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**

### ရင်းရင်းနှီးနှီး တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဝန်းသိုမြို့ ခန္တီပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇနဝ အား ဖူးမြော်ကြည်ညိုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သော အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အား ဆက်ကပ်ပူဇော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရွှေဘိုတပ်နယ်နှင့် ဝန်းသိုတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အမှာစကားပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။

### ဆက်ကပ်လှူဒါန်း

အလားတူ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် အောင်ရေဖြူကျေးရွာအုပ်စု နာရဒရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရဒ ဆရာတော်ကြီးအား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့်အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်အား ဆက်ကပ်ပူဇော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

### သွားရောက်ဖူးမြော်

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံကျောင်းတိုက် ဦးစီးပဓာနနာယက၊ ပန္နရသ ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် ဆရာတော်ဘုရားကြီးအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဖဒိုမန်းငြိမ်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့်အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်သည့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အား ဆက်ကပ်ပူဇော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့အတူ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားသို့ ဘွဲ့တံဆိပ်တော်ယူရန် ကြွရောက်နိုင်ခြင်းမရှိသော ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ KWEKABAW ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သာယာကုန်းကျေးရွာ သုံးထပ်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တပဏ္ဍိတ အား ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကာ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

### ရေစက်သွန်းချ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ ဆံတော်ရပ်ကွက်ရှိ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိက အား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များက သွားရောက် ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆက်ကပ်သည့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့အတူ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ မတ် ၂၇ ရက်နှင့် ယနေ့တို့တွင် ပြုလုပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဘွဲ့တံဆိပ်များ ဆက်ကပ်

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ အလိုက် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များအားအသီးသီးဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်မြို့နယ်ရှိ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ တပ်မတော်သား မိသားစုများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စောသန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များက အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့နယ်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ထားဝယ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ထားဝယ်မြို့ရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဈေးပေါင်း ၁၈၄ ဈေးရှိသည့်အနက် မြို့နယ်များရှိ ဈေးများတွင် မတ် ၂၈ ရက်က ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် လက်ကားဈေးကြီးများတွင်လည်း ကုန်စည်ဝင်ထွက်စီးဆင်းမှု ကောင်းမွန်လျက်ရှိရာ သီရိမင်္ဂလာဈေး၌ ဈေးရောင်း၊ ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်းစဉ်



## ၂၀၂၂ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် တည်ဆောက်

**မန္တလေး မတ် ၂၈**

၂၀၂၂ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးရှေ့တွင် တည်ဆောက်လျက်ရှိရာ မတ် ၂၅ ရက်က မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း၊ ဒုတိယမြို့တော်ဝန် ဦးစောဟန်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးရာ အဆောက်အအုံနှင့်ကုန်ရုံဌာန ဌာနမှူးနှင့် အင်ဂျင်နီယာများက အလျား ၁၃၅ ပေ၊ အနံ ၇၅ ပေရှိ မဏ္ဍပ်အား သံဖရိန်များဖြင့် တည်ဆောက်တပ်ဆင်နေမှု၊ သင်္ကြန်မဏ္ဍပ်ရှေ့ ၂၆ လမ်း လမ်းလယ်ကျွန်းပေါ်ရှိ ပန်းအလှပင်များကို သင်္ကြန်ကာလအတွင်း ပျက်စီးမှုမရှိစေရေး သံပန်းများဖြင့် ကာရံနေခြင်းနှင့် ၂၆ လမ်းပေါ် လမ်းလျှောက်သင်္ကြန်ပွဲတော်အတွက် တစ်လက်မ ဂျီအိုင်ပိုက်များစိုက်ထူ၍ တစ်ပိုက်လျှင် ရေပန်းနှစ်ခု ခွဲထွက်ကာ ရေကစားနိုင်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေပိုက်များ တပ်ဆင်နေမှုကို ကြည့်ရှုပြီး မန္တလေးမြို့တော် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် မန္တလေးမြို့ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲ ဆင်နွှဲနိုင်ရေးအတွက် ကျုံးတောင်ဘက် ၂၆ လမ်း၊ ၆၆ လမ်းမှ ၇၃ လမ်းအတွင်းနှင့် ၂၆ လမ်း၊ ၇၃ လမ်းမှ လမ်း ၈၀ အထိ PVC ရေပန်းများတပ်ဆင်၍ ရေကစားနိုင်ရန် ဆောင်ရွက်ရေးနှင့် သတ်မှတ်ဒီဇိုင်းအတိုင်း စနစ်တကျ ဆောင်ရွက်သွားရန်နှင့် စေတနာရှင်များ၏ စတုဒိသာမဏ္ဍပ်များ၊ ရေပက်မဏ္ဍပ်များ တည်ဆောက်ရေး သတ်မှတ်နေရာများ ထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။ ၂၀၂၂ ခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ကို ၂၆ လမ်းတွင် ရေပက်မဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များဖြင့် စည်ကားစွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



*စာမျက်နှာ ၆ မှ*

ဖေဖော်ဝါရီလဆန်းပိုင်းကစတင်ခဲ့တဲ့ CDM လှုပ်ရှားမှုနောက်ကွယ်တွင် ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆရာဝန်အချို့ဟာ ကျင့်ဝတ်ကို လိုက်နာခြင်းမရှိဘဲ ပင်မတာဝန်ကို စွန့်ပယ်ကာ CDM တွင်ပါဝင်ကြသလို မပါဝင်လိုသော်လည်း ဖိအားပေးအကျပ်ကိုင်မှုကြောင့် ပါဝင်သွားကြသူတွေလည်း ရှိနိုင်ပါတယ်။

ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲမှိုင်းမိကြသူတွေရဲ့ လှုံ့ဆော်မှုဟာ သာမန်ပြည်သူတွေမဆိုထားနဲ့ ပညာတတ် ဆရာဝန်တွေပင် အမှား/အမှန် မခွဲခြားနိုင်တာဟာ အလွန်အစွမ်းထက်တဲ့ပိုးကြောင့်လို့ ဆိုချင်ပါတယ်။ ပြည်သူလူထုအားကိုး အားထားပြုရတဲ့ ဆေးရုံတွေကို ပိတ်လိုက်တဲ့အတွက် ဆရာဝန်တွေအကြား၊ ပြည်သူလူထုတွေအကြား ဝေဖန်မှုတွေ မြင့်တက်ခဲ့ပါတယ်။ နိုင်ငံရေးရဲ့ ပရိယာယ်ကိုနားလည်ကြတဲ့ ဆရာဝန်အချင်းချင်း CDM စကတည်းက မလုပ်သင့် မလုပ်ထိုက်ကြောင်း သတိပေးကြ၊ သဘောမတူကြောင်းပြောကြ၊ ပြစ်မှုမြောက်ကြောင်း အသိပေးကြသော်လည်း ဆက်လက်ရှေ့တိုးမြဲ ရှေ့တိုးခဲ့ကြပါတယ်။

**ယနေ့ကမ္ဘာကြီးမှာ နိုင်ငံတစ်နိုင်ငံကို စစ်ပွဲဆင်နွှဲ၍ သိမ်းပိုက်တဲ့ခေတ် မဟုတ်တော့ပါဘူး။ ခေတ်သစ်ကိုလိုနီဝါဒခေတ်တွင် ဆော့ဖ်ပါဝါပျိုးထောင်ရေးနည်းနဲ့ နိုင်ငံဖြိုလှဲရေးစနစ်ကို ကျင့်သုံးတာကို လက်တွေ့တွေ့ရပြီဖြစ်ပါတယ်။ CDM လုပ်လို့ ဆရာဝန်တွေ အမြောက်အမြား အလုပ်ထုတ်ပယ်ခံရတာ၊ အဖမ်းမခံရအောင် ထွက်ပြေးနေရချိန်မှာ ပြည်ပက Cells တွေက ပြည်တွင်းက ဒုက္ခရောက်နေကြတာကို ရယ်မောပျော်ရွှင် အောင်ပွဲခံနေကြပါတယ်။ အခုလိုဖြစ်ရတာ စစ်အာဏာရှင်ကြောင့်လို့ လက်ညှိုးထိုးလွှဲချ ကြွေးကြော်နေကြပါတယ်။ ဒါပေမယ့် လက်ညှိုးထိုး လွှဲချလို့မရပါဘူး။ ကြည့်တတ်သူကတော့ မြင်ကြပါတယ်။**

တကယ်တော့ ဒီမိုကရေစီဆိုတာ၊ အာဏာရှင်ဆိုတာ အသွင်ယူထားတာသာ ဖြစ်ပါတယ်။ မြန်မာပြည်က ဆရာဝန်တွေဖြစ်စဉ်က ရိုးရှင်းပါတယ်။ လစာနည်းနည်းလေးနဲ့ ဂုဏ်သိက္ခာမြင့်မားလာဖို့ အလုပ်လုပ်နေကြတာ ဖြစ်ပါတယ်။ ပြည်ပက မြန်မာအချို့ရဲ့ မြန်မာပြည်အပေါ်ထားတဲ့ အမုန်းတရားတွေ၊ မြန်မာပြည်က ဆရာဝန်တွေကို ပြည်သူလူထုကြည်ညိုလေးစားတဲ့ အောင်မြင်မှုတွေအပေါ် ဣဿာဖြစ်တာတွေ၊ တပ်နဲ့ပတ်သက်တဲ့ အောင်မြင်မှုတွေအပေါ် မစ္ဆရိယဖြစ်တာတွေနဲ့ရောပြီး နိုင်ငံရေးရေချိန်တက်ချိန်မှာ လုပ်မှားကိုင်မှား ဖြစ်ကြတာလို့ ဆိုချင်ဆိုနိုင်ပါတယ်။

**ဆန္ဒပြဖြစ်စဉ် အဆင့်ဆင့် ပြောင်းလဲလာတာကို ကြည့်မယ်ဆိုရင် တပ်မတော် မုန်းတီးရေးလမ်းကြောင်းပေါ်ကို မရောက်ရောက်အောင် ပို့နေတာကို တွေ့ရမှာဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ အကြမ်းဖက်တိုက်ခိုက် ထိပ်တိုက်တွေ့ဆုံစေဖို့ ဇာတ်နာအောင် ဖန်တီးကြပါတယ်။ တပ်မတော်ကို အလုံးစုံမုန်းတီးရေးလမ်းကြောင်းကို ဘာကြောင့် ဖန်တီးတာပါလဲ၊ ဘယ်သူဖန်တီးတာပါလဲ၊ ပြည်တွင်းမှာ သွေးမြေကျလို့ စိတ်မကောင်းဘူးပြောပြီး တစ်ဖက်က ဝမ်းမြောက်ဝမ်းသာဖြစ်နေကြတာ အဖြေရှင်းနေပါတယ်။ ဆေးရုံတွေပိတ်ထားတာ၊ ပြည်သူတွေ ဒုက္ခရောက်တာ တပ်မတော်ကြောင့်လို့ ပြောစေချင်သလို မြန်မာပြည်ပျက်စီးရေးလမ်းကြောင်းကို သွားနေလို့ပါပဲ။**

မြန်မာပြည်က အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး ပြည်ပနိုင်ငံတစ်နိုင်ငံ မှ မြန်မာဆရာဝန်တစ်ဦးရေးခဲ့တဲ့ "အမုန်းတရားနိုင်ငံရေး၊ ပြင်ပကမ္ဘာ့အရေး နားမလည်တဲ့ ပညာမရှိမှုကို ဦးနှောက်ဖွင့်နှလုံးသားဖွင့် မလေ့လာဘဲ ပြောသူတွေ အရှုံးဖြစ်ရတဲ့ လောကလို့ Keynes West ပြောသလို Mob အမုန်းတရားလူတစ်စု၊ မမှန်ကန်တဲ့ စေတနာ၊ ဘဝပျက်ခံရတဲ့ ဆရာဝန်၊ သေကျေဝေဒနာခံစားရတဲ့ ပြည်သူနဲ့ မိသားစုရဲ့ Curses တွေ၊ Clouds တွေ လာနေပြီ" ဆိုတဲ့ မှတ်ချက်လေးကို သတိရမိပါတယ်။ ။

# ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိကြသည့် နေပြည်တော်ကောင်စီနယ်မြေမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်

နေပြည်တော် မတ် ၂၈

**၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် နေပြည်တော်ကောင်စီနယ်မြေမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပေးအပ်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပသည်။**



၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။

### တက်ရောက်

အခမ်းအနားသို့ နေပြည်တော်ကောင်စီနယ်မြေ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အမှူးပြုသော ဘွဲ့ခံဆရာတော်ကြီးများ ကြွရောက် ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော် ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ငါးပါးသီလ ခံယူဆောက်တည်

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒွေ့ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပုဗ္ဗသီရိမြို့ အောင်စည်သာ ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏက သမ္ဗောဒနီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က သာသနာရေးဆိုင်ရာ များကို လျှောက်ထားသည်။

### ဆက်ကပ်ပူဇော်

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိစက္ခဏနှင့် တပ်ကုန်းမြို့နယ် ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာသာမိ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဒက္ခိဏသီရိမြို့နယ် ရွှေစေတီတောရကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုသလရိယ ထံတို့ကို ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် ဒုတိယမြို့တော်ဝန်၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဂန္ထဝါစက ပဏ္ဍိတနှင့် သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပေးအပ်ကြသည်။

### အခမ်းအနားကို ရုပ်သိမ်း

ထို့နောက် နေပြည်တော် ကောင်စီနယ်မြေ သံဃနာယက အဖွဲ့ အကျိုးတော်ဆောင် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုန္ဒာဝုဓထံမှ ဒွေ့ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေမှ ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၂) ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၂) ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၃) ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၄) ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၄) ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၁) ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၁) ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၇) ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် (၅) ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး (၂) ပါးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် (၂) ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်ပူဇော်ပေးအပ်ခဲ့ကြောင်း သိရသည်။

### နေ့ဆွမ်း ဆက်ကပ်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၌ ယနေ့နံနက်ပိုင်းက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တကုသလရိယအား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နေပြည်တော်ကောင်စီအတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ဒေါ်နန္ဒသိင်္ဂီ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၈

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တပ်မတော်က အခြေပြုလျက်ရှိသော ထီးမူထစခန်းအား KNLA တပ်မဟာ (၅) လက်အောက်ခံတပ်ဖွဲ့ဝင်များ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်

**နေပြည်တော် မတ် ၂၈**

ဖာပွန်ခရိုင်အတွင်းရှိ ထီးမူထကျေးရွာအနီး တပ်မတော်စခန်းတစ်ခုကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် KNLA မှ ဘောကျော်ဟဲ ဦးဆောင်မှုဖြင့် KNLA တပ်မဟာ ၅ တပ်ဖွဲ့ဝင်တို့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

KNU အနေဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတကာနှင့် တိုင်းရင်းသားခေါင်းဆောင်များ အသိသက်သေဖြင့် NCA အား လက်မှတ်ရေးထိုးထားခဲ့သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ၎င်းအဖွဲ့အစည်းမှ တပ်မဟာ ၅ အနေဖြင့် ဘောကျော်ဟဲ၏ သီးခြားညွှန်ကြားချက်ဖြင့် တပ်မတော်၏ ရိက္ခာစုပုံမှုများတွင် ကားမိုင်းထောင်တိုက်ခိုက်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်ကူပြုစေမည့် လမ်းကြောင်းများ ဖောက်လုပ်ရာတွင် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များသို့ လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်းများကို နည်းမျိုးစုံအကြောင်းအမျိုးမျိုးပြလျက် NCA ပျက်စီးစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ယနေ့အထိ



ဇန်နဝါရီ ၂၃ ရက်က ဒေသန္တရ ကားမိုင်းဖောက်ခွဲတိုက်ခိုက်ခံရသည့် လုပ်ငန်းယာဉ်ကို တွေ့ရစဉ်။

ကားမိုင်းထောင်တိုက်ခိုက်ခြင်း ၈ ကြိမ် ဆောင်ရွက်ခဲ့ပြီး တပ်မတော်မှ လုပ်ငန်းယာဉ် ၉ စီး ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့အပြင် ချောင်းမြောင်းနှောင့်ယှက်ပစ်ခတ်ခြင်း ၂၅ ကြိမ် ပြုလုပ်ခဲ့ပြီး ယခုရက်ပိုင်းအတွင်း တပ်ဌာနချုပ်များသို့ ၁၀၇ မမ ရော့တိုက်ဒုံးဖြင့် ပစ်ခတ်မှုအနေဖြင့် ဘားအံတပ်နယ်၊ သထုံတပ်နယ်၊ တောင်ငူတပ်နယ်၊ ဘောနက်ကြီးတပ်နယ်များရှိ တပ်ဌာနချုပ်များသို့ ၁ ကြိမ်စီ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အပြင် မော်လမြိုင်တပ်နယ်အတွင်း အရပ်ဘက်ပစ်မှတ်များပါ ပစ်ခတ်ရန်ကြိုးပမ်းမှု ၁ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

အထက်ပါ ပစ်ခတ်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးကို ထောက်ရှုသောအားဖြင့် စိတ်ရှည်သည်းခံစွာ KNU ဗဟိုရှိ တာဝန်ရှိသူများအား အကြိမ်ကြိမ်သတိပေးခြင်း၊ ကန့်ကွက်ခြင်းနှင့် NCA စာချုပ်ပါ အချက်များအား လိုက်နာရန် အသိပေးခြင်းများကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီမှတစ်ဆင့် နှုတ်ဖြင့်လည်းကောင်း၊ တရားဝင်စာဖြင့်လည်းကောင်း အကြိမ်ကြိမ်အကြောင်းကြားခဲ့သည်။ သို့သော် KNU ဗဟိုဦးစီးကော်မတီဝင်များနှင့် KNLA စစ်ဦးစီးချုပ်တို့၏ တားမြစ်ချက်ကိုပင် KNLA တပ်မဟာ ၅ အနေဖြင့် လိုက်နာမှုမရှိဘဲ NCA ပျက်စီးစေရန် ဆက်တိုက်ဆောင်ရွက်လျက်ရှိနေသဖြင့် တာဝန်ရှိခေါင်းဆောင်များထံ လက်အောက်သို့ ထိန်းသိမ်းနိုင်ရေး အသိပေးအကြောင်းကြားခဲ့ရာ KNU ဗဟိုအနေဖြင့် NCA လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းမည်ဖြစ်ပြီး တပ်မဟာ ၅ ၏ လုပ်ဆောင်မှုများတွင် KNU ဗဟို၏ သဘောဆန္ဒပါဝင်မှုမရှိကြောင်း၊ ဒုတိယဦးစီးချုပ်အဆင့်ရှိသူ ဘောကျော်ဟဲမှာ အမိန့်နာခံမှုမရှိဘဲ တပ်မဟာ ၅ မှ တပ်ဖွဲ့ဝင်များဖြင့် NCA ချိုးဖောက်မှုများ ဆောင်ရွက်နေပြီး ငြိမ်းချမ်းရေးပျက်ပြားအောင် ဆောင်ရွက်လျက်



မတ် ၂၃ ရက်က သံဘို-ဘော်စဲခိုလမ်းပိုင်း မူသဲစခန်း၏ အရှေ့ဘက် မီတာ ၁၈၀၀ ခန့်အကွာ ကားမိုင်းနင်းပျက်စီးသွားသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

ရှိသဖြင့် တပ်မတော်အနေဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ကြောင်း အကြောင်းပြန်ကြားလာခဲ့သည်။

KNU တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ငြိမ်းချမ်းရေးကို လိုလားလျက်ငြိမ်းချမ်းရေးအတွက် အခြေခံသဘောတူညီမှုဖြစ်သည့် NCA တွင် ဆက်လက်လျှောက်လှမ်းလိုသော်လည်း ဘောကျော်ဟဲ၏ ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ဖြင့် စစ်မက်လိုလားမှုအပေါ်တွင် ဒေသခံများက ကြောက်ရွံ့စိုးရိမ်ပူပန်လျက်ရှိပြီး ယခုဖြစ်စဉ်တွင် NCA သဘောတူညီမှုများနှင့်အညီ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းများကို ထိခိုက်ဆုံးရှုံးအောင် တပ်မဟာ ၅ အနေဖြင့် NCA ကို လိုက်နာမှုမရှိဘဲ တိုက်ခိုက်လာမှုသည် သည်းခံနိုင်မှုအတိုင်းအတာထက် ကျော်လွန်လာသဖြင့် မတ် ၂၇ ရက်နေ့မှ စတင်ကာ ပြုလုပ်သင့် ပြုလုပ်ထိုက်သည်များကို တပ်မတော်အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တို့၌ လေသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ လုံခြုံရေး တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေ ပြည်သူများက နားလည်သဘောပေါက်ကာ လက်လုပ်သေနတ် ၁၂ လက်နှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြသည်။

အလားတူ မတ် ၂၇ ရက်နှင့် ယနေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ကျောင်းကုန်းမြို့၊ ကျုံပျော်မြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့များရှိ ကျေးရွာအချို့တို့မှ ဒေသခံပြည်သူများက လက်လုပ်သေနတ် ၄၂ လက်၊ လေသေနတ် ၈ လက်နှင့်



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ရှိ ကျေးရွာများမှ တာဝန်သိဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့သို့ လာရောက်အပ်နှံသည့် ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် လက်လုပ်သေနတ်များကို တွေ့ရစဉ်။

အခြားအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အင်းတော်မြို့နယ် နန့်ဒရက်ချောင်းကူးတံတားအား စိစစ်ဆဲသောင်းကျန်းသူအဖွဲ့က ဒေသန္တရလက်လုပ်မိုင်းဖြင့် လာရောက်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်ရှိနန့်ဒရက်ချောင်းကူးတံတားအား စိစစ်ဆဲသောင်းကျန်းသူအဖွဲ့မှ ဒေသန္တရလက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် စီမော်ကျေးရွာအုပ်စု စီပိန်းကျေးရွာ၏ တောင်ဘက်မီတာ ၁၀၀၁ ခန့်အကွာရှိ အရှည်ပေ ၂၈၀၊ အကျယ် ၂၈ ပေ၊ အမြင့် ၁၅ ပေရှိ ကွန်ကရစ်အမျိုးအစားတံတားဖြစ်သည့် နန့်ဒရက်ချောင်းကူးတံတားကို ယနေ့နံနက် ၂ နာရီခန့်တွင် စိစစ်ဆဲသောင်းကျန်းသူအဖွဲ့က ဒေသန္တရလက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ တံတားလက်ရန်း (ဝဲ/ယာ) ၁၅ ပေခန့် ကျိုးပဲ့ပျက်စီးခဲ့ပြီး ကြမ်းခင်း ၂ ပေခန့် ပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိကြောင်းသိရှိရပြီး အဆိုပါနေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# လမ်းဖျက်သောသူ - တို့ပြည်သူ့ရန်သူ

**အမှန်တရားမြတ်နိုးသူ**

မြစ်တွေ့လျှင် တံတားဆောက်ကြသည်။

ရှန်ဟဲမြို့ကြီးဘေးမှာရှိသော ဝှမ်ဖူမြစ်ကို ကျော်၍ ဖူတုန်းရွံ့နွံဗွက်တောမြေကို တရုတ်တို့က မြို့သစ်ချဲ့ရန် တံတားထိုးခဲ့သည်။ ဖူတုန်းမြို့သစ် တည်ဆောက်စဉ် မိမိတစ်ခေါက် ရောက်ဖူးသည်။ ဝှမ်ဖူမြစ်ကို တံတား နှစ်စင်း ထိုးထားသည်။ တစ်ဖက်ကမ်းသို့ လမ်းပေါက်ဖို့ ပထမလိုအပ်သည် မဟုတ်လား။

ခြောက်နှစ်လောက်ကြာပြီးနောက် ရှန်ဟဲမြို့ကြီးသို့ ဒုတိယတစ်ခေါက် ရောက်ရပြန်သည်။ ဝှမ်ဖူမြစ်တစ်ဖက်ကမ်းမှာ အံ့သြလောက်အောင် မြို့ကြီးပြကြီးဖြစ်နေပြီ။ အထပ် ၄၀၊ ၅၀ တိုက်တာတွေနှင့် ပါတကား။ ဖွံ့ဖြိုးမှုက အချိန်တိုအတွင်းမှာပင် အတော်မြန်လှပါကလား။ လမ်းတွေလည်း ကောင်း၊ တံတားလည်း လေးစင်း။

နောက်ထပ် ခုနစ်နှစ်ကြာပြီးသောအခါတွင် ရှန်ဟဲမြို့တော်ကြီးဆီသို့ တတိယအခေါက် ရောက်ရပြန်ပါ၏။ ဝှမ်ဖူမြစ်တစ်ဖက်ကမ်းရှိ ဖူတုန်းမြို့သစ်ကြီးကား ယခင် နှစ်ကြိမ်မြင်ခဲ့ရဖူးသော အနေအထားနှင့် ၁၃ နှစ်ကျော်ကာလအတွင်း ထင်ထင်ရှားရှား ပြောင်းလဲတိုးတက်သွားခဲ့လေပြီ။ အထပ် ၈၀၊ အထပ် ၁၀၀ မိုးထိတိုက်တာ အဆောက်အအုံကြီးများနှင့် ဒီဘက်ကမ်းရှိ ရှန်ဟဲမြို့ကြီး လူဦးရေသန်း ၂၀ ကျော် နေထိုင်ရာနှင့် ခွဲမရအောင် ဖွံ့ဖြိုးတိုးတက်နေသည့် အမြွှာမြို့ပမာ စည်ကား၊ ကြီးမား၊ ခမ်းနားနေပေပြီ။ ဝှမ်ဖူမြစ်ကူး တံတားက ရှစ်စင်း၊ မြေအောက်လိုဏ်ခေါင်းလမ်းကြောင်းလည်း ပါသေးသည်။ လမ်းတွေများသည်။ လမ်းတွေ ကောင်းသည်။ လမ်းတွေကောင်းမွန်ခြင်းက ဆယ်စုနှစ်တစ်ခုကျော်မျှသော ကာလအတွင်း သက်ဆိုင်ရာဒေသကို တစ်ဟုန်ထိုး လျင်မြန်စွာ ဖွံ့ဖြိုးစေနိုင်ကြောင်း မိမိကောင်းစွာ သဘောပေါက်နားလည်ခဲ့ရသည်။

သုံးနှစ်ဆက်တိုက် သုံးကြိမ်တိတိ ဧပြီလရက်များတွင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ အစည်းအဝေးတက်ရန် တစ်ပတ်ကြာခရီးတွေ တစ်ကိုယ်တော်သွားရောက်ခဲ့ရဖူးသည်။ အခြားမြို့များကိုကား များများစားစား မရောက်ခဲ့ရပါ။ တိုကျိုမြို့ ရှင်ဂျူကုမြို့နယ် ခေးအိအိုပလာဇာ ဟိုတယ်တစ်ဝိုက်နှင့် ကာမာကူရမြို့ဆီသို့သာ လှည့်လည်လေ့လာခဲ့ရပါ၏။ ပင်လယ်အောက်ကို ကားလမ်းဥမင် အရှည်ကြီး ဖောက်ထားလေသည်။ လမ်းတွေကောင်းလှသည်။ ပင်လယ်ကွေ့ကို တံတားဖောက်ထားသည်။ မြေအောက်ဥမင်လမ်းတွေ ရှိသည်။ ဂျပန်ကား ဖွံ့ဖြိုးပြီးရင်း ဖွံ့ဖြိုးရင်းနှင့် တိုးတက်စည်ပင်ချမ်းသာနေလေသည်။ အကြောင်းရင်းတရား များစွာအနက် သွားလမ်းသာ၍ လာလမ်းဖြောင့်ဖြူးခြင်းလည်း အဓိကတစ်ချက်ပါမည်ဟု မိမိသတိထားမိခဲ့သည်။ လမ်းများ အရေးကြီးပေစွ။

ချမ်းသာချင်လျှင် လမ်းဖောက်ပါဟု တရုတ်ရှေးဟောင်းစကားပုံက ဆိုခဲ့၏။ တိန့်ရှောင်ပင်က တရုတ်ပြည်ကြီး တိုးတက်ဖွံ့ဖြိုးအောင်၊ လမ်းတွေကောင်းအောင် တည်ဆောက်ကြ၊ လမ်းမပေါက်သော ကျေးလက်ကို လမ်းကောင်းအောင် ဆက်သွယ်ဖောက်လုပ်ကြဟု လမ်းညွှန်ကာ ဈေးကွက်စီးပွားရေး စနစ်သို့ ပြုပြင်ပြောင်းလဲစေခဲ့၏။ ၁၉၉၀ - ၂၀၀၀ ကာလအတွင်း တရုတ်ပြည်သည် သိသိသာသာ စီးပွားတက်လာခဲ့၏။ ၂၀၀၀ မှ ၂၀၂၀ ကာလအတွင်း ဖွံ့ဖြိုးမှုအံ့မခန်း တိုးတက်မြန်ဆန်လာခဲ့၏။ လမ်းများ ကွန်ရက်ဆက်သွယ်ကာ ရောင်းဝယ်ဖောက်ကား စည်ကားစေခြင်း၏ ကျေးဇူး။ လမ်းများအသုံးချပြီး အခြားတိုင်းပြည်များ တိုးတက်နေကြပုံများ။

တရုတ်တို့သည် တောတောင်ထူထပ်သော ယူနန်ပြည်နယ်တွင် လမ်းသစ်များ အကြီးအကျယ် ဖောက်သည်။ ကွန်ရက်သဖွယ် ဖြန့်ဖြာလျက် လမ်းကောင်းလမ်းကျယ် အဝေးပြေးကားလမ်း၊ ရထားလမ်းကြီးတွေ အဆက်မပြတ် ဖောက်နေလေ သည်။ တောင်တွေ့လျှင် ဥမင်ဖောက်သည်။ ရှောင်မနေ။ ကွေ့မသွား။

**“လမ်းဆိုသည်မှာ ပါဠိလို မဂ္ဂင်ဟုခေါ်သည်။ မဂ္ဂင်ရှစ်ပါး လမ်းကောင်းတရားကို မြတ်စွာဘုရားက ပြညွှန်ထားခဲ့ပါလေသည်။ ကောင်းသောအမြင်၊ ကောင်းသောအကြံ၊ ကောင်းသော စကားအပြောအဆို၊ ကောင်းသော အပြုအမူ၊ အလုပ်အဆောင် စသဖြင့် ရှစ်ချက်ပါဝင်သည်။ ဒါတွေကို တစ်လုံးမှ မသိလျှင်လည်း နေ၊ မလိုက်နာချင်လည်း ရှိစေ။ လူ့အသိဉာဏ် (Common Sense) တစ်ခုဖြင့် စဉ်းစားကြည့်ပါလေ။ လမ်း၏တန်ဖိုးကို သူတို့မသိ”**



အကြမ်းဖက်ဆူပူဆန္ဒပြသူများက အများပြည်သူအသုံးပြုရာလမ်းများကို သဲအိတ်များ၊ တာယာကွင်းများဖြင့် ပိတ်ဆို့ထားစဉ်။



အကြမ်းဖက်ဆူပူဆန္ဒပြသူများက အများပြည်သူအသုံးသည့် လမ်းမကြီးများကို သဲအိတ်များ၊ အတားအဆီးများဖြင့် ပိတ်ဆို့ထားစဉ်။

စာမျက်နှာ ၁၂ သို့



မန္တလေးမြို့၌ အကြမ်းဖက်ဆူပူဆန္ဒပြသူများက အများပြည်သူအသုံးပြုသည့် လမ်းများကို သဲအိတ်များဖြင့် တားဆီးပိတ်ဆို့ထားသည်ကို တွေ့ရစဉ်။



အကြမ်းဖက်ဆူပူဆန္ဒပြသူများက မြောင်းဖုံးများဖျက်ဆီး၍ လမ်းပိတ်ဆို့ထားမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းစဉ်။

*စာမျက်နှာ ၁၁ မှ*

ချောက်အပေါ်တည့်တည့် ကြီး တံတားထိုးကာ ရှေ့က ကာဆီးထားသော ကျောက်တောင်ကြီးများကို ဥမင်များ အတိုအရှည် အစားစားဖြင့် လမ်းဖြစ်အောင်တူးပြီး ဖောက်လိုက်ကြသည်။ လမ်းတွေဖြောင့်သည်။ ခရီးတိုသည်။ ကုန်သွယ်မှု ကျယ်ပြန့်သည်။

တရုတ်ပြည် ယူနန်ပြည်နယ်သို့ မိမိက ငါးခေါက် ထက်မနည်းရောက်ဖူးသည်။ လွန်ခဲ့သော ၂၅ နှစ်မှသည် လေးနှစ်၊ ငါးနှစ်ကြာတိုင်း တစ်ခေါက်တစ်ခေါက် မကြာမကြာရောက်သည်။ ကျေးလက်တောရွာတွေအထိလည်း သွားရောက်ပြီး ကြည့်ရှုလေ့လာခဲ့ဖူးပေသည်။ လမ်းတွေ လျှင်မြန်စွာ ပေါက်ခဲ့ပြီ။ တံတားပေါင်းများစွာ ခင်းခဲ့ပြီ။ ဥမင်ပေါင်းများစွာ သူတို့ တူးခဲ့ကြပြီ။ လမ်းပေါင်းများစွာ ကောင်းမွန်ချောမွေ့လာသဖြင့် တရုတ်ပြည်သူတွေ၏ နေ့စဉ်လူမှုဘဝ သည် အနှစ် ၃၀ အချိန်ကာလအတွင်း သိသိသာသာ ချောင်လည်စိုပြည်လာခဲ့ကြောင်း မြင်တွေ့ခဲ့ရသည်။ သူများ နိုင်ငံ လမ်းတွေကောင်းသဖြင့် လူတွေ အဆင်ပြေကြသည်။

မြန်မာပြည်မှာ လမ်းတွေဖျက်သတဲ့။ ပြည်ပက ခိုင်းစေချက်ကို မြန်မာတွေက လိုက်နာလုပ်ဆောင်သတဲ့။

အကျိုးရှိသလား၊ အကျိုးဖျက်ဆီးသလား။
အကောင်းဖြစ်မလား၊ အဆိုးဖြစ်မလား။
အမှန်လား၊ အမှားလား။



အကြမ်းဖက်ဆူပူဆန္ဒပြသူများက အများပြည်သူအသုံးပြုသည့် လမ်းများကို ပိုက်လုံးများ၊ အတားအဆီးများဖြင့် ပိတ်ဆို့ထားစဉ်။

ကိုယ်ပိုင်ဦးနှောက်နှင့် စဉ်းစားဖို့ မသင့်ပေဘူးလား။ သူများတိုင်းပြည်အပေါ် သင်းတို့က စော်ကားလွန်းလှ၏။

ဒီတိုင်းပြည်မှာ ဒီလူမျိုးရယ်လို့ လူဖြစ်လာပြီး ဒီပြည်သူတွေ၏ ကောင်းကျိုးတိုးတက်ဖို့ရာ အတွက် မဆောင်ရွက်ချင်ရင်နေပါလေ။ ကောင်းကျိုး မဆောင်နိုင်လျှင် ရှိစေ။ ဖျက်ဆီးတာကတော့ မိုက်မဲရုံမျှမက ယုတ်မာရိုင်းစိုင်းရာ ကျလွန်းပြီ။ ပုဆိန်ရိုးတွေကြောင့် အပင်မျိုးစုံ အခုတ်ခံကြရတော့မည်။

လမ်းဆိုသည်မှာ ပါဠိလို မဂ္ဂင်ဟု ခေါ်သည်။ မဂ္ဂင်ရှစ်ပါး လမ်းကောင်းတရားကို မြတ်စွာဘုရားက ပြညွှန်ထားခဲ့ပါလေသည်။ ကောင်းသောအမြင်၊ ကောင်းသောအကြံ၊ ကောင်းသော စကားအပြောအဆို၊ ကောင်းသောအပြုအမူ၊ အလုပ်အဆောင်စသဖြင့် ရှစ်ချက်ပါဝင်သည်။ ဒါတွေကို တစ်လုံးမှ မသိလျှင်လည်း နေ၊ မလိုက်နာချင်လည်း ရှိစေ။ လူ့အသိဉာဏ် (Common Sense) တစ်ခုဖြင့် စဉ်းစားကြည့်ပါလေ။ လမ်း၏တန်ဖိုးကို သူတို့မသိ။

လမ်းတွေဖျက်သင့်ပါသလား။

လမ်းတွေ ဆက်သွယ်သွားလာ ပြည်သူပြည်သားလူအများသုံးမရအောင် သူတို့ကတားဆီးပိတ်ပင်ဖျက်ဆီးသင့်ပါသလား။

ဤမျှ မိုက်ရိုင်းယုတ်မာလာသူတွေကို သည်းခံမျက်နှာလွှဲနေ၍ ရပါမည်လား။ စဉ်းစားဆင်ခြင်ကြပါကုန်။

အို - ချစ်စွာသော ပြည်သူအပေါင်းတို့ တိုင်းပြည်အပေါ် ယုတ်မာရက်စက်ဖျက်ဆီးရန် သက်သက်ရည်ရွယ်ချက်ဖြင့် ရမ်းကားကျူးလွန်နေသည့် နယ်ချဲ့လက်ပါးစေများ၏ ထောင်ချောက်ဆင် ရက်စက်ချက်များကို လက်ပိုက်ခွင့်လွှတ်ပြီး ကြည့်နေကြရမည့်အချိန်မျိုး မဟုတ်တော့ပါပြီ။ ကြောက်ရွံ့ငြိမ်ခံနေသဖြင့် ပိုမိုက်ရိုင်းနေချေပြီ။ စုပေါင်းညီညာ ညီညွတ်စွာဖြင့် သူတို့ လူမိုက်အုပ်စုကို လူထုအင်အားဖြင့်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ စီရင်ဆုံးမကြရမည့်အချိန်သို့ ဆိုက်ရောက်နေပါပြီ။

ဥပဒေ၏အထက်မှာ မည်သူမျှ မရှိစေရ။

❖ **ဥပဒေကို ဆန့်ကျင်ကာ ဆူပူဖျက်ဆီးပါက မှားကြလိမ့်မယ်။**

**ရွယ်တူ သူငယ်ချင်းများက အမှားမလုပ်မိခင် ကယ်တင်ဆွေးနွေး ဖျောင်းဖျ တားဆီးကြပါ။**

**လူငယ်ဘဝဟာ နိုင်ငံလူမျိုးကောင်းကျိုးအတွက်သာ ဖြစ်ရမှာ....။**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် – ၁၉ အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို အားဖြည့်လုပ်ဆောင်သွားမည်

**မနီလာ မတ် ၂၈**

ဖိလစ်ပိုင်အစိုးရသည် မတ် ၂၉ ရက်မှစတင်ကာ မနီလာမြို့နှင့်အနီးတစ်ဝိုက်တွင် ကိုဗစ်–၁၉ အသွားအလာ ကန့်သတ်မှုများကို အမြင့်ဆုံးအဆင့်အထိ လုပ်ဆောင်သွားမည်ဟု သိရသည်။ ယခုလအစောပိုင်း မှစတင်ကာ ကိုဗစ် – ၁၉ ကူးစက်မှုများ များပြားလာသည့်အတွက် ယင်းအခြေအနေကို တုံ့ပြန်ရန်အတွက် ယခုလိုပြုလုပ်ခြင်း ဖြစ်သည်။ မတ် ၂၆ ရက်တစ်ရက်တည်းတွင်ပင် ကိုဗစ်– ၁၉ ကူးစက်ခံရ သူ ၉၈၃၈ ဦးရှိသည်။ မတ် ၂၇ ရက်က ကြေညာချက်တွင် မြို့တော်မနီလာနှင့် အနီးတစ်ဝိုက်ဒေသတို့တွင် သီတင်းတစ်ပတ်ကြာ တင်းကျပ်သည့် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများ အပါအဝင် တင်းကျပ်သည့် စည်းကမ်းချက်များကို ချမှတ်သွားမည်ဖြစ်သည်။

မေလအတွင်းကလည်း ကိုဗစ်–၁၉ သတိပေးမှုအဆင့်–၄ အထိချမှတ်ခဲ့ပြီး ယင်းနောက်ပိုင်း ယခုတစ်ခါ တစ်ဖန်ပြန်လည်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ မရှိမဖြစ်လိုအပ်သည့် ပစ္စည်းများကို ဝယ်ယူရန်နှင့် ဆေးပစ္စည်းများ ဝယ်ယူရန်မှလွဲ၍ မလိုအပ်ဘဲ အပြင်သို့ထွက်ခြင်းကို ပိတ်ပင်တားဆီးထားသည်။ ညနေ ၆ နာရီမှ နံနက် ၅ နာရီအထိ အပြင်ထွက်ခြင်းကို ပိတ်ပင်ထားသည်။

ကုမ္ပဏီများတွင်လည်း အလုပ်သမားအရေအတွက်ကို ကန့်သတ်လျှော့ချထားရန် တိုက်တွန်းထားသည်။ ယင်းသို့ ကြေညာချက်ထုတ်ပြန်ပြီးသည့်နောက် မနီလာမြို့ရှိ စူပါမားကတ်များတွင် အစားအသောက်များ၊ အသင့်စားခေါက်ဆွဲများနှင့် အိမ်သာသုံးစက္ကူများနှင့် နေ့စဉ် လိုအပ်ချက်ပစ္စည်းများကို ကြိတ်ကြိတ်တိုး ဝယ်ယူစုဆောင်းကြသည်။

အစိုးရသည်လည်း ဗီဇပြောင်း ကိုဗစ် – ၁၉ ကူးစက်မှုကို စောင့်ကြည့်လျက်ရှိသည်။ ဗီဇပြောင်း ကိုဗစ်– ၁၉ ကို ဖိလစ်ပိုင်နိုင်ငံတွင် တွေ့ရှိရပြီး ဗြိတိန်၊ တောင်အာဖရိကနှင့် ဘရာဇီးတို့တွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုဗစ် –၁၉ နှင့် မတူညီကြောင်း




ဖိလစ်ပိုင်နိုင်ငံ လမ်းမထက်တွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

သိရသည်။ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ထားသည်မှာ တစ်နှစ်နီးပါး ရှိတော့မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် လမ်းသွားလမ်းလာများ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသည်ကို တွေ့ရစဉ်။

## တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၈၂ ဦးထပ်တိုး

**ဆိုးလ် မတ် ၂၈**

တောင်ကိုရီးယားနိုင်ငံတွင် မတ် ၂၇ ရက်က ကိုဗစ်–၁၉ နောက်ထပ် ကူးစက်ခံရသူ ၄၈၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၁၀၁၇၅၇ ဦး ရှိသည်ဟု သိရသည်။

ယခင်ရက်ပိုင်းတွင် နေ့စဉ် ကူးစက်ခံရသူ ၅၀၅ ဦး တွေ့ရှိခဲ့ရာ ကူးစက်ခံရသူ ၅၀၀ အောက် ကျဆင်းလာခြင်း ဖြစ်သည်။ နေ့စဉ် ကူးစက်မှုနှုန်း ၄၀၀ အထက်တွင်ရှိနေသည်မှာ ငါးရက်ဆက်တိုက်ရှိပြီဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ဆိုးလ်မြို့နှင့် ဂယောင်းဂီပြည်နယ် အနီးတစ်ဝိုက်တွင် အစုလိုက် ကိုဗစ် – ၁၉ ကူးစက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် နေ့စဉ် ကူးစက်မှုနှုန်း ၁၀၀ နှင့်အထက်တွင်ရှိနေသည်မှာ နိုဝင်ဘာ ၈ ရက်ကတည်းက ဖြစ်သည်။ နောက်ထပ် ကူးစက်ခံရသူများ အနက် ၁၃၅ ဦးမှာ ဆိုးလ်မြို့ဒေသခံများဖြစ်ပြီး ၁၅၀ မှာ ဂယောင်းဂီပြည်နယ်တွင် နေထိုင်ကြသူများ ဖြစ်သည်။ နိုင်ငံရပ်ခြားမှ ကူးစက်ခံလာရသူ ၂၀ ရှိပြီး နိုင်ငံခြားမှ ကူးစက်ခံလာရသူ အရေအတွက်မှာ ၇၅၄၅ ဦး ရှိသည်။

ကိုဗစ်–၁၉ ကြောင့် နောက်ထပ် သေဆုံးသူတစ်ဦး တိုးလာရာ စုစုပေါင်းသေဆုံးသူအရေအတွက်မှာ ၁၇၂၂ ဦးရှိသည်။ စုစုပေါင်း သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၆၉ ရာခိုင်နှုန်းတွင်ရှိသည်။

ကိုဗစ်–၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၃၈၀ ထပ်တိုးလာသည့်အတွက် စုစုပေါင်း ပြန်လည် ကျန်းမာလာသူအရေအတွက်မှာ ၉၃၈၅၅ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့်ကြည့်လျှင် ၉၂ ဒသမ ၂၄ ရာခိုင်နှုန်းရှိသည်။

တိုင်းပြည်အတွင်း လူပေါင်း ၇ ဒသမ ၅၉ သန်းကို ကိုဗစ်– ၁၉ ဆေးစစ်ပေးမှုများ ပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ တောင်ကိုရီးယားတွင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ကာ ကာကွယ်ဆေး အစုလိုက် ထိုးနှံပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး လူပေါင်း ၇၉၃၈၅၈ ဦးကို ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်သည်။

**ဆင်ဟွာ**

## ကိုဗစ် –၁၉ ကန့်သတ်ချက်များ ချိုးဖောက်သူများကို အီသီယိုပီးယားတွင် ပြစ်ဒဏ်ချမှတ်သွားမည်

**အဒစ္စအဘာဘာ မတ် ၂၈**

အီသီယိုပီးယားတွင် ကိုဗစ်–၁၉ ကူးစက်မှု ကာကွယ်နိုင်ရေးအတွက် ချမှတ်ထားသည့် စည်းကမ်းကန့်သတ်ချက်များကို ချိုးဖောက်သူများ ထောင်ဒဏ်သုံးနှစ်ထိ ချမှတ်နိုင်မည့် တရားဝင်ညွှန်ကြားချက်ကို အီသီယိုပီးယား ရှေ့နေချုပ်ရုံးက မတ် ၂၇ ရက်တွင် ကြေညာခဲ့သည်။

အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများသို့ သွားလာသည့်အခါ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကြရန် ပျက်ကွက်ကြသကဲ့သို့ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၌ ကိုဗစ်–၁၉ စည်းကမ်းချက်များကို လိုက်နာကြရန်လည်း ပျက်ကွက်ကြသည်။ စီးပွားရေးလုပ်ငန်းများနှင့် အခြားသော အဖွဲ့အစည်းများတွင်လည်း ကိုဗစ်– ၁၉ စည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်ပါက ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်သည်ဟု အက်ဖ်ဘီစီ မီဒီယာက ဖော်ပြသွားသည်။

ယင်းစည်းကမ်းသတ်မှတ်ချက်မှာ မတ် ၂၉ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး လူ ၅၀ နှင့် အထက်စုဝေးခြင်းကိုလည်း တားမြစ်ထားသည်။ ကိုဗစ်– ၁၉ ကူးစက်မှုကို ရပ်တန့်ရန်အတွက် ယခုကဲ့သို့ စည်းကမ်းများများ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အီသီယိုပီးယားနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူပေါင်း ၁၉၈၇၉၄ ဦးရှိပြီး သေဆုံးသူ ၂၇၈၄ ဦး ရှိသည်ဟု အီသီယိုပီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အီသီယိုပီးယားနိုင်ငံသည် အာဖရိကတွင် ဒုတိယလူဦးရေအထူထပ်ဆုံးဖြစ်ပြီး ကိုဗစ် –၁၉ ဆိုးရွားစွာကူးစက်ခံရသည့်နိုင်ငံလည်း ဖြစ်သည်။

**ဆင်ဟွာ**



ကိုဗစ် –၁၉ ကပ်ရောဂါအကြောင်း ဈေးအနီးတစ်ဝိုက်တွင် လိုက်လံရှင်းပြနေသည့် လူငယ်စေတနာ့ဝန်ထမ်းများကို တွေ့ရစဉ်။

## ကျူးဘားနိုင်ငံတွင် ကိုဗစ် – ၁၉ နေ့စဉ် ကူးစက်ခံရသူ ၉၅၀ ရှိ

**ဟာဗားနား မတ် ၂၈**

ကျူးဘားနိုင်ငံတွင် မတ် ၂၇ ရက်က ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၉၅၀ ရှိပြီး သေဆုံးသူတစ်ဦးရှိသည်ဟု ကျူးဘားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ထို့ကြောင့် ကျူးဘားနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူစုစုပေါင်း ၇၁၅၈၄ ဦးရှိပြီး သေဆုံးသူအရေအတွက်မှာ ၄၁၄ ဦးအထိ ရှိလာသည်။ ပြီးခဲ့သည့် သီတင်းနှစ်ပတ်တာကာလအတွင်း နေ့စဉ်ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနကျန်းမာရေးနှင့် ကူးစက်ရောဂါ ဌာန ညွှန်ကြားရေးမှူးဖရန်စစ္စကိုဒူရန်က နေ့စဉ် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

မြို့တော် ဟာဗားနားသည် တိုင်းပြည်အတွင်း ကူးစက်မှု၏ ဗဟိုချက်မနေရာဖြစ်နေဆဲဖြစ်သည်။ ရောဂါပျောက်ကင်းသွားပြီးနောက် ဆေးရုံမှဆင်းသွားသူ ၈၅၀ ထပ်တိုးလာခဲ့ပြီးနောက် စုစုပေါင်းပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၆၇၆၉၇ ဦး ရှိလာသည်ဟု ဒူရန်က ဆက်လက်ပြောကြားခဲ့သည်။

ဟာဗားနားမြို့တွင် ကျူးဘားနိုင်ငံထုတ် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို တတိယနှင့်နောက်ဆုံးအဆင့် လက်တွေ့စမ်းသပ်မှုပြုလုပ်နေပြီဖြစ်သည်။ လူပေါင်း ၄၄၀၀၀ မှာ ကိုဗစ် –၁၉ ကာကွယ် ဆေး လက်တွေ့စမ်းသပ်မှုတွင် ပါဝင်ခဲ့ကြသည်။ ဆန်တီဂိုတီကျူးဘား၊ ဂရမ်မာနှင့် ဂွမ်တာနာမိုပြည်နယ်တို့တွင်လည်း နောက်ထပ် ကိုဗစ် –၁၉ ကာကွယ်ဆေးများကို စမ်းသပ်နေသည်။ နောက်ထပ် ကိုဗစ်– ၁၉ ကာကွယ်ဆေးများမှာလည်း လက်တွေ့စမ်းသပ်မှုအဆင့်တွင် အခြားသောအဆင့်များသို့ ရောက်ရှိနေပြီဖြစ်သည်။

**ဆင်ဟွာ**

# ကမ္ဘာတစ်ဝန်း ကာကွယ်ဆေးအလုံးရေ သန်း ၅၀၀ ကျော်ထိုးနှံပြီးချိန်မှာ ဥရောပရဲ့ ကာကွယ်ဆေးပြဿနာအတော်လေးနက်ရှိုင်းလာ

လင်းဟန်သစ်

**ကမ္ဘာ့ကာကွယ်ဆေးထိုးနှံမှု သန်း ၅၀၀ ကျော်လာချိန်မှာတော့ ဥရောပရဲ့ ကာကွယ်ဆေး သိုလှောင်သိမ်းဆည်းမှုနဲ့ ဖြန့်ဝေမှုပြဿနာဟာ အတော်လေး နက်ရှိုင်းလာခဲ့ပါတယ်။ လက်မောင်းကို ကာကွယ်ဆေးထိုးနှံနိုင်ဖို့ အင်တိုက်အားတိုက်ကြိုးစားနေချိန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါဟာ ဥရောပနဲ့ လက်တင်အမေရိကတို့မှာ ကူးစက်မှု တိုးနေပါတယ်။ အထူးသဖြင့် ဘရာဇီးနိုင်ငံမှာဆို ကိုဗစ်-၁၉ ကြောင့် သေဆုံးသူတွေဟာ ၃၀၀၀၀၀ ကျော်လွန်လာပြီဖြစ်သလို မက္ကဆီကိုနိုင်ငံမှာဆိုရင် ၂၀၀၀၀၀ ကျော်လွန်ခဲ့ပါတယ်။**

### အချိန်ကာလအတော်ကြာ မညီမျှမှုဖြစ်

ကာကွယ်ဆေးထုတ်လုပ်ဖြန့်ဝေမှုဟာ အချိန်ကာလအတော်ကြာ မညီမျှမှုတွေ ဖြစ်နေပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိမှုဟာ ကမ္ဘာ့စုစုပေါင်းပမာဏရဲ့ လေးပုံတစ်ပုံကျော် ရှိပြီး ဆင်းရဲတဲ့နိုင်ငံတွေဟာ ချမ်းသာတဲ့နိုင်ငံတွေထက် နောက်ကျကျန်နေပါတယ်။

### ကာကွယ်ဆေးထိုးနှံနိုင်ဖို့ ကြိုးစားရုန်းကန်နေရဆဲ

ဥရောပနိုင်ငံတွေဟာ ကာကွယ်ဆေးထိုးနှံနိုင်ဖို့ အခုချိန်အထိ ကြိုးစားရုန်းကန်နေရဆဲ ဖြစ်ပါတယ်။ ဥရောပသမဂ္ဂအစည်းအဝေး ပြီးနောက် ပြင်သစ်သမ္မတ အင်မန်နျူရယ် မက်ခရွန်က ပုံစံအသစ်နဲ့ ကမ္ဘာ့စစ်ရှိနေသေးကြောင်းနဲ့ မိမိတို့အနေနဲ့ ရုရှားနဲ့ တရုတ်တို့ရဲ့ ကာကွယ်ဆေးမှတစ်ဆင့် တိုက်ခိုက်မှုနဲ့ လွှမ်းမိုးလာမှုကို စောင့်ကြည့်နေရကြောင်း ပြောကြားလိုက်ပါတယ်။

သို့သော်လည်း စပွတ်နစ်ဗွီကာကွယ်ဆေးကို ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ ပေးပို့နေတဲ့ ရုရှားကတော့ မက်ခရွန်ရဲ့ ဒေါသသံစွက်ပြီးပြောကြားလိုက်တဲ့ စကားအပေါ် ခါးခါးသီးသီးငြင်းပယ်လိုက်ပါတယ်။ ကရင်မလင်အရာရှိအသိုင်းအဝိုင်းကလည်း ဒီအပေါ် လုံးဝသဘောမတူကြပါဘူး။

### ရုရှားကာကွယ်ဆေးကို ပျော်ပျော်ကြီးသုံးသွားမယ်

ဥရောပရဲ့ သဘောထားမတိုက်ဆိုင်တဲ့ လက္ခဏာတစ်ခုအနေနဲ့ ဂျာမနီကတော့ အကယ်၍ ဥရောပကာကွယ်ဆေးအာဏာပိုင်အဖွဲ့က ရုရှားကာကွယ်ဆေး စပွတ်နီဗွီကိုသာ အတည်ပြုခဲ့ပါက သူ့အနေနဲ့ စပွတ်နစ်ဗွီကာကွယ်ဆေးကို ပျော်ပျော်ကြီးသုံးသွားမယ်လို့ ပြောပါတယ်။

ဂျာမနီက ပြင်သစ်ဟာ အန္တရာယ်အများဆုံး ဇုန်ဖြစ်နေကြောင်းနဲ့ ခရီးသွားများအနေဖြင့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးထားတဲ့ အထောက်အထားကို ပြသရမှာဖြစ်ကြောင်းနဲ့ ပြင်သစ်နိုင်ငံသို့ ရောက်ရှိလာပါက သီးသန့်ခွဲခြားစောင့်ကြည့်မှု ခံယူရမှာဖြစ်ကြောင်း ပြောကြားလိုက်ပါတယ်။

### ကာကွယ်ဆေးထိုးနှံနိုင်ရေး ဖိအားတွေနဲ့ ရင်ဆိုင်နေရ

၂၀၁၉ ခုနှစ်နှောင်းပိုင်းမှာ တရုတ်နိုင်ငံမှာ ပထမဆုံးပေါ်ပေါက်လာတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခုဆိုရင် ကမ္ဘာတစ်ဝန်း သေဆုံးသူ ၂ ဒသမ ၇ သန်းကျော် ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့ခေါင်းဆောင်တွေဟာ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။

မတ် ၂၆ ရက်အထိ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၅၀၈ သန်း ထိုးပေးပြီးပြီလို့ သိရပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ၁၃၃ သန်းနဲ့ အိန္ဒိယမှာ ၆၁ သန်းထိုးပေးပြီးပြီဖြစ်ပါတယ်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ စိုးရိမ်စရာကောင်းတဲ့ နှုန်းနဲ့ ဆက်လက်ကူးစက်ဖြစ်ပွားလျက် ရှိပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်က နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ခံရသူဟာ ကမ္ဘာတစ်ဝန်းမှာ သန်းထက်ဝက်ကျော်လောက် ရှိခဲ့ပါတယ်။

### လုံလုံလောက်လောက်မရောက်ရှိသေး

ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ဘရာဇီးနိုင်ငံကို လုံလုံလောက်လောက် မရောက်ရှိသေးပါဘူး။ ဘရာဇီးနိုင်ငံဟာ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို မညှာမတာ ခံစားနေရပါတယ်။ အခုဆိုရင် ဘရာဇီးနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူပေါင်း သုံးသိန်း ကျော်သေဆုံးခဲ့ပြီး ၁၂ သန်းကျော် ကူးစက်ခံထားရပါတယ်။

နိုင်ငံရေးအပူလှိုင်းကလည်း ဘရာဇီးသမ္မတ ဂျာဘော်စွန်နာရိုကို ရိုက်ခတ်လျက်ရှိပါတယ်။ အကြောင်းကတော့ သူ့ရဲ့ နောင်တော် ဘရာဇီးသမ္မတဖြစ်သွားသူက သူ့ကို နိုင်ငံရဲ့သမိုင်းမှာ အကြီးမားဆုံး လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်လိုက်သူဟု စွပ်စွဲထားလို့ပဲ ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါမှ ဘရာဇီးနိုင်ငံကို ကာကွယ်ရမယ်လို့ ဘရာဇီးခေါင်းဆောင်ဟောင်း လုဇ်အီနာကိုလူလာဒါဆယ်လ်ဗာက ပြောကြားလိုက်ပါတယ်။ လက်ရှိသမ္မတဟာ နိုင်ငံကို ဒီပုံစံအတိုင်း ဆက်လက်အုပ်ချုပ်သွားမယ်ဆိုရင် ဘရာဇီးနိုင်ငံဟာ မခံနိုင်ဘဲ ကျဆုံးတော့မှာဖြစ်တယ်လို့ သူက ပြောလိုက်ပါတယ်။



ကိုဗစ်-၁၉ ကာကွယ်ဆေးပုလင်း ကြည့်နေသည်ကို တွေ့ရစဉ်။

### တတိယအကျော့ကို အလူးအလဲခံစားနေရ

ထို့အပြင် မက္ကဆီကိုနိုင်ငံကလည်း ကိုဗစ်-၁၉ တတိယအကျော့ကို အလူးအလဲခံစားနေရပါတယ်။ မက္ကဆီကိုနိုင်ငံမှာဆိုရင် အခုချိန်အထိ လူအနည်းငယ်လောက်ကိုသာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်သေးပါတယ်။

လွန်ခဲ့တဲ့တစ်နှစ်က မက္ကဆီကိုနိုင်ငံရဲ့ ပထမဆုံး ကိုဗစ်-၁၉ ကူးစက်ခံရသူ ကားလို့စ် ဟာနန်ဒက်ဇ်ရဲ့ ဖြစ်စဉ်ကို မျက်ဝါးထင်ထင် မှတ်မှတ်ရရရှိနေတုန်းပါလို့ သူ့ရဲ့ဇနီးဖြစ်သူ အက်ဒရီယာနာ မီနက်ဆီက ပြောကြားလိုက်ပါတယ်။ အဲဒီတုန်းက အိမ်နီးချင်းတွေက ထပ်တလဲလဲနှောင့်ယှက်ထိပါးလာတဲ့အတွက် သောကရောက်ခဲ့ရသလို လူမှုမီဒီယာပေါ်မှာ တိုက်ခိုက်မှုကြောင့်လည်း ဗျာများခဲ့ရပါတယ်၊ ပြီးတော့လည်း သူတို့က အိမ်ကို မီးရှို့မယ်လို့လည်း ခြိမ်းခြောက်ခဲ့ပါတယ်။ ဒီနေ့တော့ အဲဒါက ကိန်းဂဏန်းစာရင်းဇယားတစ်ခု ဖြစ်သွားပါပြီလို့ သူက ပြောလိုက်ပါတယ်။

### တင်းကျပ်တဲ့ကန့်သတ်ချက်တွေ ချမှတ်စေခဲ့

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဟာ ကမ္ဘာတစ်ဝန်းလုံးက အစိုးရတွေကို တင်းကျပ်တဲ့ကန့်သတ်ချက်တွေကို ချမှတ်စေခဲ့ပါတယ်။ အဲဒီထဲမှာ ညမထွက်ရအမိန့် အပါအဝင် အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ၊ ကျောင်းတွေနဲ့ ခရီးသွားလာမှု ပိတ်ပင်တားမြစ်မှုတွေအထိ ပါဝင်ပါတယ်။

ဥရောပနိုင်ငံအတော်များများဟာ ခရီးသွားကန့်သတ်ပိတ်ဆို့မှုတွေ၊ စီးပွားရေးဆောင်ရွက်ချက် ကန့်သတ်ပိတ်ဆို့မှုတွေအောက်မှာ နေထိုင်နေကြရပါတယ်။ ကင်ညာနိုင်ငံဟာ မတ် ၂၆ ရက်က တစ်စိတ်တစ်ပိုင်း အသွားအလာကန့်သတ်ပိတ်ဆို့မှု ချမှတ်ခဲ့ရတဲ့ နောက်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာပါတယ်။ မြို့တော် နိုင်ရိုဘီတစ်ဝိုက်ရှိ စာသင်ကျောင်းတွေ၊ ဘားတွေကို ပိတ်ထားခဲ့ရပါတယ်။

အခုနေ ဒီလိုမျိုးမဆောင်ရွက်ရခြင်းဟာ နောက်တစ်ချိန်မှာ တန်ဖိုးကြီးကြီး ပေးရနိုင်ခြေရှိတယ်လို့ သမ္မတ ဟူရူကန်ယက်တာက ပြောကြားလိုက်ပါတယ်။

### ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုကို မလွန်ဆန်နိုင်

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဘာသာရေးပွဲတော်များမှသည် အားကစားပွဲတော်များအထိ ကိုဗစ်-၁၉ ကြောင့် ကန့်သတ်ပိတ်ဆို့မှု ဖြစ်စဉ်တွေအပေါ် မလွန်ဆန်နိုင်ခဲ့ပါဘူး။

အင်ဒိုနီးရှားနိုင်ငံမှာဆိုရင်လည်း ရာမန်ဒန်လို့ခေါ်တဲ့ ဥပုသ်လပြီးရင် မူဒစ်ပွဲတော် ရှိပါတယ်။ အဲဒီပွဲတော်အခါမှာဆိုရင် မိသားစုတွေ၊ လူတွေဟာ ခရီးသွားလာကြပါတယ်။ သို့သော်လည်း ကိုဗစ်-၁၉ ကြောင့် အခုတော့ ခရီးသွားလာခြင်းကို တားမြစ်ပိတ်ပင်ထားပါတယ်။

အဲဒီလိုမျိုး ကန့်သတ်ပိတ်ဆို့မှုတွေဟာ ကမ္ဘာတစ်ဝန်းလုံးမှာ စီးပွားရေးထိခိုက်မှုတွေကို ဖြစ်စေခဲ့ပါတယ်။ အစိုးရတွေကိုလည်း စီးပွားရေးနာလန်ထူရေး ဘဏ္ဍာရေးအထောက်အပံ့အစီအစဉ်တွေကို ဖန်တီးဖြစ်ပေါ်စေခဲ့ပါတယ်။ ဥရောပတစ်ဝန်း စီးပွားရေးနာလန်ထူဖို့ဆိုတာ သန်းနဲ့ချီတဲ့ စီးပွားရေးလုပ်ငန်းလေးတွေ အကုန်လုံး ကောင်းမွန်စွာ လည်ပတ်မှုအပေါ် မူတည်နေပါတယ်။ အခုတော့ ဥရောပရဲ့အခြေအနေဟာ မသေချာသလို ကိုဗစ်-၁၉ ဆေးရရှိမှုဟာလည်း မရေရာမှုတွေ ရှိနေဆဲပါ။ ။

ကိုးကား - အေအက်ဖ်ပီ

> **“ကိုဗစ်-၁၉ ကာကွယ်ဆေးဟာ ဘရာဇီးနိုင်ငံကို လုံလုံလောက်လောက် မရောက်ရှိသေးပါဘူး။ ဘရာဇီးနိုင်ငံဟာ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို မညှာမတာ ခံစားနေရပါတယ်။ အခုဆိုရင် ဘရာဇီးနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူပေါင်း သုံးသိန်းကျော်သေဆုံးခဲ့ပြီး ၁၂ သန်းကျော်ကူး”**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၃၄,၄၈၁) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၈၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၈၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၂၈-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၉၂၂၃၂၉ | ၂၃၃၄၈၇၄၉ | ၅၆၂၀၆၃ |
| ၂။ | ဘရာဇီး | ၁၂၄၉၀၃၆၂ | ၁၀၈၇၉၆၂၇ | ၃၁၀၆၉၄ |
| ၃။ | အိန္ဒိယ | ၁၁၉၈၇၈၆၀ | ၁၁၃၃၀၂၇၉ | ၁၆၁၇၁၅ |
| ၄။ | ရုရှား | ၄၅၁၉၈၃၂ | ၄၁၃၉၁၂၈ | ၉၇၇၄၀ |
| ၅။ | ပြင်သစ် | ၄၅၀၈၅၇၅ | ၂၈၉၃၅၀ | ၉၄၄၆၅ |
| ၆။ | ဗြိတိန် | ၄၃၂၉၁၈၀ | ၃၇၈၇၃၁၂ | ၁၂၆၅၇၃ |
| ၇။ | အီတလီ | ၃၅၁၂၄၅၃ | ၂၈၃၂၉၃၉ | ၁၀၇၆၃၆ |
| ၈။ | စပိန် | ၃၂၅၅၃၂၄ | ၃၀၁၆၂၄၇ | ၇၅၀၁၀ |
| ၉။ | တူရကီ | ၃၁၇၉၁၁၅ | ၂၉၃၉၉၂၉ | ၃၀၉၂၃ |
| ၁၀။ | ဂျာမနီ | ၂၇၇၆၀၀၄ | ၂၄၈၄၆၀၀ | ၇၆၄၁၉ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈- ၃ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၉၆၀၈၅ | ၁၃၃၁၄၀၀ | ၄၀၄၄၉ |
| ဖိလစ်ပိုင် | ၇၂၁၈၉၂ | ၆၀၃၁၅၄ | ၁၃၁၇၀ |
| မလေးရှား | ၃၄၁၉၄၄ | ၃၂၆၃၀၉ | ၁၂၅၅ |
| မြန်မာ | ၁၄၂၃၈၅ | ၁၃၁၇၈၉ | ၃၂၀၆ |
| စင်ကာပူ | ၆၀၃၀၀ | ၆၀၁၁၃ | ၃၀ |
| ထိုင်း | ၂၈၇၃၄ | ၂၇၂၃၉ | ၉၄ |
| ဗီယက်နမ် | ၂၅၉၁ | ၂၃၀၈ | ၃၅ |
| ကမ္ဘောဒီးယား | ၂၂၃၃ | ၁၁၆၆ | ၁၀ |
| ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |




## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၈

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သတိရှိကြပါကုန်

**ကိုထွန်းခင်**

**ဌာနတစ်ခု၏ အရာရှိကြီးတစ်ဦးက အမှုထမ်း၊ အရာထမ်းများနှင့် တွေ့ဆုံရာတွင် "သစ္စာ၊ ဓမ္မ၊ ဝီရိယနှင့် စာဂဟူသည် ရန်သူအောင်မှု ကြောင်းလေးခု" ဟု စစ်အောင်ရာသော အခြေခံအကြောင်းတရားကြီးများကို လမ်းညွှန်ပြောကြားခဲ့သည်။**

နိုင်ငံ့ဝန်ထမ်းတစ်ဦးတွင် ထမ်းဆောင်ရမည့် တာဝန်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းများရှိနေပြီး ယခုအချိန်တွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံနှင့် ပြည်သူအပေါ် ထားရှိအပ်သည့် သစ္စာတရား၊ စောင့်ထိန်းအပ်သည့် ကျင့်ဝတ် လေးစားလိုက်နာမှုတို့ကို မှတ်ကျောက်တင်ရန် စမ်းသပ်ချက်အမျိုးမျိုးက လက်တစ်ကမ်းတွင် စိန်ခေါ်မှုအသွင်ဖြင့် ရှိနေသည်။ နိုင်ငံ့ဝန်ထမ်းများသည် ရန်သူနှင့် ယှဉ်ပြိုင်နေရပြီဖြစ်သည်။

ထို့ပြင် အရာရှိကြီးက ဌာနဆိုင်ရာမှ အဆုံးအဖြတ်ပေးပိုင်ခွင့်ရှိကြသူများ၊ အကြီးအမှူးများကို ဟန်ချက်ထိန်းညှိမှုသဘောကို အဓိကထား၍ ပြောကြားခဲ့ပြီး သတိတရားသည်လည်း အရေးကြီးကြောင်းကို သတိပေးထည့်သွင်းပြောကြားခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သည့် စစ်အောင်ရာသော အခြေခံအကြောင်းတရားကြီးများကို သိမြင်နားလည်ထားပါက မိမိနှင့် ဆန့်ကျင်ရန်ပြုသူသည် မည်မျှပင် အင်အားကြီးမားနေစေကာမူ ၎င်း၏ ကျူးကျော်အနိုင်ကျင့်ခြင်းကို အောင်မြင်စွာ တွန်းလှန်တိုက်ထုတ်နိုင်မည် ဖြစ်သည်။

ထို့ပြင် "သဒ္ဓါ၊ သတိ၊ သမာဓိနှင့် ဝီရိယပညာ ဗိုလ်ငါးဖြာ" ဟု ခွန်အားကြီးမားစေသော အခြေခံသဘောလက္ခဏာ ငါးခုရှိရာတွင် သဒ္ဓါဗိုလ်-သဒ္ဓါဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း၊ ဝီရိယဗိုလ် - ဝီရိယဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း၊ သတိဗိုလ်-သတိဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း၊ သမာဓိဗိုလ်- သမာဓိဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်း၊ ပညာဗိုလ်-ပညာဖြင့် ဆန့်ကျင်ဘက်တရားတို့ကို တိုက်ဖျက်ခြင်းတို့ ဖြစ်သည်။ ဆန့်ကျင်ဘက်ဖြစ်သော ရန်သူနှင့်ကြုံတွေ့လျှင် မတုန်လှုပ်ဘဲ အခြေမြဲသောအနက်ကြောင့် ဗိုလ်မည်၏ ဆိုလိုခြင်းလည်းဖြစ်သည်။

## သတိရှိရမည်

သဒ္ဓါမလွန်အောင် သတိရှိရမည်။ ပညာမလွန်အောင် သတိရှိရမည်။ ဝီရိယမလွန်အောင် သတိရှိရမည်။ သမာဓိမလွန်အောင် သတိရှိရမည်။ အရာရာတိုင်းတွင် အမြဲတစေ သတိရှိနေရမည် ဖြစ်သည်။

"သဒ္ဓါလွန်သော် ဆွံ့။ ပညာလွန်သော် ကွန့်။ ဝီရိယလွန်သော် လွန့်။ သမာဓိလွန်သော် ရွံ့" ဟု ရှေးဆိုရိုးစကားရှိခဲ့၏။ မပိုမလွန်မိစေရန် သတိနှင့် စိတ်ကိုစောင့်ကြည့်ကာ ပြုပြင်ရန်၊ အစဉ်နိုးကြားနေရန် လိုအပ်လှသည်။

သဒ္ဓါလွန်ပါက ယုံလွယ်သည်။ ယုံစားမိတတ်သည်။ သဒ္ဓါလွန်ပြီး ပညာမလိုက်နိုင်ပါက မယုံသင့်၊ မယုံထိုက်သူများကို ယုံမိတတ်ကြသည်။ ယုံကြည်မှုလွန်ကဲသောအခါ ဆင်ခြင်တုံတရား နည်းပါးသွားကာ မျက်စိမှိတ် ယုံနေတော့သည်။ မှားနေသည်ကို တွေ့လျှင်လည်း မထောက်ပြရဲ၊ မပြောရဲ။ လွဲနေသည်ကို မဖော်ပြရဲ။ ထိုကဲ့သို့ သဒ္ဓါလွန်ခြင်းကြောင့် ဘေးကျရောက်တတ်သည်။

**ပညာလွန်သော် မာန**

လူအချို့သည် ပညာတွင် အလွန်တော်သည်။ တတ်သည်။ အကုန်သိထားပြီးပြီဟု မိမိကိုယ်ကို ထင်မှားကာ စိတ်ကူးယဉ်၊ လေထဲတွင် တိုက်အိမ်ဆောက်တော့သည်။ ပညာလွန်သော် မာနဟု ရှေးမြန်မာဆိုရိုးစကားရှိပါသည်။ ပညာမာနသည် မိမိကိုယ်တိုင်ရော မိမိပတ်ဝန်းကျင်ကိုပါ လောင်မြိုက်တတ်ပြီး လက်တွေ့ဘဝနှင့် မဆီလျော်၊ ပကတိ အခြေအနေနှင့် ကင်းကွာကာ အကျနာတတ်သည်။

ထို့ပြင် ထက်သန်ပြင်းပြလွန်းသော စေ့ဆော်မှုကြောင့် အချိန်အခါမသိ၊ အခြေအနေမကြည့်၊ လွန်လွန်ကဲကဲ တက်ကြွလွန်းနေကာ မရင့်မီခူးခြွေမိ၊ မမှည့်မီစားချင် လောဘကြီးလွန်းနေတတ်ပြီး စောလွန်းခြင်း၊ ဇောသန်ခြင်းက အံမကျ၊ တလှုပ်လှုပ် တရွရွဖြင့် ဟန်မကျ ဖြစ်တတ်သည်။ အလုပ်မဖြစ်၊ တပ်ဦးကျုံ့က ရန်သူချေမှုန်းခံရတတ်သည်။

ထို့အတူ တည်ငြိမ်အေးဆေးလွန်းခြင်း၊ နှေးကွေးလေးလံလွန်းခြင်းကလည်း မကောင်း၊ ကြောက်ရွံ့နောက်တွန့်လွန်းရာ ရောက်စေသည်။ ထို့ကြောင့် သဒ္ဓါနှင့် ပညာကို သတိနှင့် မျှတအောင်ညှိရန်၊ ဝီရိယနှင့် သမာဓိကိုသတိတရားလက်ကိုင်ထားမှ အမှားနည်းပါးမည် ဖြစ်သည်။ သတိရှိကြရန် အထူးလိုအပ်လှသည်။

ထိုဗိုလ်တရားငါးပါးတို့တွင် တစ်ခုခုသော ဗိုလ်အားသေး၊ အားနည်းသည့်အတွက် လောကုတ္တရာ နယ်ပယ် သမထ၊ ဝိပဿနာမှုတို့၌ မတွင်ကျယ်၊ မဖြစ်ထွန်းနိုင်သလို လောကီနယ်ပယ်တွင်လည်း ထိုဗိုလ်ငါးပါးကို ဟန်ချက်ညီထိန်းညှိနိုင်မှသာ ခရီးပေါက်ရောက် အောင်မြင်တိုးတက်မည်ဖြစ်သည်။

**ယနေ့ခေတ်တွင် မိမိတို့၏စိတ်ကို လမ်းမှားသို့ရောက်အောင် တွန်းပို့နိုင်သည့် ရုပ်ဝတ္ထုပစ္စည်းများစွာ၊ အကြောင်းအရာများစွာတို့က ဆွဲဆောင်မှုအသွင်ဖြင့်ရှိနေပြီး မိမိကိုယ်ကို ထိန်းချုပ်နိုင်မှု စိတ်စွမ်းအားမရှိပါက ကျရှုံးသွားမည်ဖြစ်သည်။ အောင်မြင်လိုသည့် စိတ်ဆန္ဒ၊ ရည်မှန်းချက်ရှိသူသည် မိမိကိုယ်ကို ထိန်းချုပ်မှု ပိုမိုကောင်းအောင် သတိဖြင့် စိတ်ဓာတ်မြှင့်တင် တွန်းအားပေးကြရမည်ဖြစ်သည်။**

> **"ပုဏ္ဏား၏ဖြစ်ရပ်ကို သာဓကယူ၍ လမ်းမှန်မှ မသွေဖည်သွားစေဘဲ လူ့ဘဝရစဉ်ကာလအတွင်း သတိပညာဖြင့် တန်ဖိုးရှိအောင် မှန်ကန်စွာ ရွေးချယ်ဆုံးဖြတ်တတ်ရန် လိုအပ်လှသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒီမိုကရေစီအရေခြုံပြီး CDM ဆိုသည့် မင်းမဲ့စရိုက်ဝါဒကို နားယောင်၍ မလိုက်မိစေရန်၊ မိမိတို့၏ စိတ်ခံစားမှုများကို သတိဟူသော တမံ၊ ဉာဏ်ဟူသော မြေကတုတ်၊ ပညာဟူသော ချွန်းတို့ဖြင့် လုံခြုံအောင် ထိန်းချုပ်၍ နေထိုင်ကျင့်ကြံကြခြင်းဖြင့် မိမိတို့ ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံသည် အေးချမ်းသာယာလုံခြုံမည်ဖြစ်ပါကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်"**

လက်ရှိအချိန်တွင် အစိုးရယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရန်လိုဆန့်ကျင်လိုသူအချို့သည် နိုင်ငံ့ဝန်ထမ်းများကို ပစ်မှတ်ထားပြီး ရုံးမတက်ရအောင် နည်းအမျိုးမျိုးဖြင့် ဟန့်တားနှောင့်ယှက်ခြင်း၊ ငွေကြေးဖြင့် သွေးဆောင်ဖြားယောင်းခြင်း၊ ဖိအားပေးအကျပ်ကိုင် ခြိမ်းခြောက်ခြင်းများကို လုပ်ဆောင်နေကြသည်။ လူတစ်ဦးချင်း၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်အပေါ် ထိခိုက်စေသည့် လုပ်ရပ်များ၊ လူ့တန်ဖိုးနှင့်ဂုဏ်သိက္ခာထိခိုက်စေသည့် အပြုအမူများကို ကိုယ်ကျိုးစီးပွားအတွက် ပြုလုပ်နေကြရာ နိုင်ငံ့ဝန်ထမ်းအချို့သည် လေယူရာတိမ်းယိမ်းကာ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျက်ရှိသည်။

## ဆွဲဆောင်စည်းရုံးနေ

နိုင်ငံရေးသမားအရေခြုံများက CDM လုပ်နေကြသည့်၊ လုပ်ရဲကြသည့် ပြည်သူ့ဝန်ထမ်းတိုင်းသည် တိုင်းပြည်ကို ကယ်တင်မည့် အာဂသူရဲကောင်းများဖြစ်ကြောင်း၊ ထိုကျေးဇူးတရားများကို အစွမ်းကုန် ဆပ်ကြရမည်ဖြစ်ကြောင်း၊ ငွေကြေး၊ လူရာဝင်မှု၊ ဂုဏ်သိက္ခာအဆင့်အတန်း စသည့် မြှောက်လုံး၊ ခြောက်လုံးများဖြင့် နိုင်ငံ့ဝန်ထမ်းများကို CDM တွင် ပိုမိုပူးပေါင်းပါဝင်လာအောင် ဆွဲဆောင်စည်းရုံးနေကြသည်။

ဗုဒ္ဓဘာသာ၊ သာသနာ၊ မြတ်စွာဘုရား၏ အဆုံးအမတရားတော်အပါအဝင် ရတနာသုံးပါး ထွန်းကားသည့် မြန်မာနိုင်ငံတွင် ၅၅၀ ဇာတ်နိပါတ်တော်များနှင့် ယဉ်ပါးနေခဲ့ကြပြီးဖြစ်ရာ မြေခွေးစကားကို ယုံမှားခဲ့သည့် ပုဏ္ဏားတစ်ဦး၏အဖြစ်ကို သာဓကဆောင်၍ ပြောချင်ပါသည်။ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းစိုးစံစဉ် ဘုရားလောင်းသည် သုသာန်တော၌ ရုက္ခစိုးနတ် ဖြစ်လေ၏။

ထိုစဉ် ဗာရာဏသီပြည်၌ နက္ခတ်ပွဲကျင်းပရာ လူတို့သည် နက္ခတ်ကို ပူဇော်သည်ဟုဆိုကာ လမ်းဆုံ လမ်းခွ၌ ငါး၊ အမဲတို့ကို ပုံ၍ထားကြသည်။ အိုးကင်းတို့၌ အရက်တို့ကိုထည့်၍ ပူဇော်ထားကြ၏။ မြေခွေးတစ်ကောင်သည် မြို့တွင်းသို့ ပြွန်ပေါက်မှ ဝင်၍ အမဲသားကိုစား၊ အရက်ကို သောက်ကာ မူး၍ အိပ်ပျော်သွားသဖြင့် မိုးစင်စင်လင်းမှ နိုးလေသည်။ မြို့ပြင်သို့ ထွက်၍ မရတော့ဘဲ လူမြင်ပါက အသတ်ခံရမည်ဖြစ်သဖြင့် လမ်းဘေးတွင် လူမမြင်အောင် ဝပ်၍နေရ၏။

မကြာမီ ပုဏ္ဏားတစ်ယောက်သည် မျက်နှာသစ်ရန်လာ၏။ ပုဏ္ဏားသည် လောဘကြီး၏၊ ငွေမက်၏။ မြေခွေးလည်း ငွေနှင့်မျှားမည်ဟုကြံစည်ကာ "ပုဏ္ဏား ငါ့တွင်ငွေအသပြာ ၂၀၀ ရှိ၏။ ငါ့ကို ဘယ်သူမှ မမြင်အောင် သင့်ကိုယ်ရုံပုဆိုးဖြင့် ထုပ်၍ ချိုင်းကြားမှ ပွေ့ယူပြီး မြို့ပြင်သို့ ထုတ်ပေးလျှင် ထိုငွေ ၂၀၀ ပေးမည်"ဟုဆို၏။ ပုဏ္ဏားလည်း ငွေလိုချင်၍ မြေခွေးပြောသည့်အတိုင်း အဝတ်ဖြင့်အုပ်ကာ ချိုင်းကြားမှ ပိုက်လျက်ယူသွား၏။

သုသာန်သို့ရောက်သော် ဤနေရာတွင် ချလော့ဟုဆို၏။ ပုဏ္ဏားက ချပေးသော် ပုဆိုးကို ဖြန့်ခင်းခိုင်းပြီး သစ်ပင်ရင်းမှ မြေကို တူးစေ၏။ ပုဏ္ဏားမြေတူးနေစဉ် မြေခွေးသည် ပုဆိုးပေါ်တွင် အညစ်အကြေးတို့စွန့်ကာ ချုံအတွင်းသို့ ပြေးဝင်သွားတော့သည်။ ထိုအခြင်းအရာကို မြင်နေသည့် ဘုရားလောင်း ရုက္ခစိုးသည် ပုဏ္ဏားအား အရက်သမားမြေခွေး၏ စကားကို ယုံကြည်ပါသလား၊ ယောက်သွား ၁၀၀ ပင်မရှိသော မြေခွေးတွင် အဘယ်မှာ အသပြာ ၂၀၀ ရှိမည်နည်းဟုပြောပြီး ပုဏ္ဏားအား ပြန်တော့ သင့်ပုဆိုးကို လျှော်ဖွပ်တော့ဟု ဆိုလေသည်။

အသပြာ ၂၀၀ တကယ်ပေးမည်ဟု ထင်မှတ်ကာ မယုံသင့်၊ မယုံထိုက်သူကို ယုံမိသည့် ပုဏ္ဏားသည် ပင်ပန်းဆင်းရဲခဲ့ရသည်။ ထို့ပြင် လိုချင်ရချင်သည့် လောဘကို သတိ၊ ဉာဏ်ပညာတို့ဖြင့် မရှုမှတ်၊ မဆင်ခြင်လိုက်သဖြင့် လောဘမှန်းမသိမှု၊ အဝိဇ္ဇာကြီးစိုးသွားပြီး လမ်းမှန်နှင့် ဝေးကွာသွားခဲ့ရခြင်း ဖြစ်သည်။

## မှန်ကန်စွာ ရွေးချယ်

ပုဏ္ဏား၏ဖြစ်ရပ်ကို သာဓကယူ၍ လမ်းမှန်မှ မသွေဖည်သွားစေဘဲ လူ့ဘဝရစဉ်ကာလအတွင်း သတိပညာဖြင့် တန်ဖိုးရှိအောင် မှန်ကန်စွာ ရွေးချယ်ဆုံးဖြတ်တတ်ရန် လိုအပ်လှသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒီမိုကရေစီအရေခြုံပြီး CDM ဆိုသည့် မင်းမဲ့စရိုက်ဝါဒကို နားယောင်၍ မလိုက်မိစေရန်၊ မိမိတို့၏ စိတ်ခံစားမှုများကို သတိဟူသော တမံ၊ ဉာဏ်ဟူသော မြေကတုတ်၊ ပညာဟူသော ချွန်းတို့ဖြင့် လုံခြုံအောင် ထိန်းချုပ်၍ နေထိုင်ကျင့်ကြံကြခြင်းဖြင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နိုင်ငံသည် အေးချမ်းသာယာလုံခြုံမည် ဖြစ်ပါကြောင်း ဆန္ဒပြုရေးသား တင်ပြလိုက်ရပါသည်။ ။

---

❖ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမယ့် စီမံကိန်းအရ ဆူပူဆန့်ကျင်ရမယ့် သူတို့ လှုပ်ရှားမှုမှာ ဂိမ်းကစားသလို ထင်မှတ်ကာ ပါဝင်လိုကြတယ်။ သတိထားပါလေ။**

# အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန် ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ် ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များနှင့် အချို့သောပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟုစွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံး တုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံး တုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းစသည်ဖြင့်ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅–က၊ ၅၀၆ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင်ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၄။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများ စသည့်ကျူးလွန်ခံရမှုများရှိလာပါက မှတ်တမ်းဓာတ်ပုံအထောက်အထားများနှင့်တကွ ထိရောက်စွာအပြစ်ပေးအရေးယူနိုင်ရေးအတွက် မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းဖိုင်များပေးပို့နိုင်ရေး သက်ဆိုင်ရာခရိုင်အလိုက် ဖော်ပြထားသော Viber ဖုန်းနံပါတ်များသို့ ပေးပို့တိုင်ကြားနိုင်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်–

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁
Viber Phone – ၀၉ ၄၂၅၂၈၃၃၄

(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂
Viber Phone – ၀၉ ၄၅၀၈၄၀၈၈၈

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉ ၈၈၀၈၂၅၆၉၆
Viber Phone – ၀၉ ၇၉၄၆၁၁၃၅၁

(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂
Viber Phone – ၀၉ ၄၂၀၁၆၇၁၂၆

(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉
Viber Phone – ၀၉ ၄၀၃၇၃၉၁၆၃

(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉ ၈၈၀၈၂၅၆၇၇
Viber Phone – ၀၉ ၂၅၀၃၄၄၂၁၉

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂
Viber Phone – ၀၉ ၇၇၇၇၄၁၉၈၀

(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈
Viber Phone – ၀၉ ၂၅၈၂၈၆၉၉၂

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၇၂၇၉၁၅၇

(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉
Viber Phone – ၀၉ ၄၀၉၇၀၁၉၇၂

(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉ ၇၄၀၈၄၇၉၅၀
Viber Phone – ၀၉ ၅၁၃၂၅၁၁

(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၈၂၉၁၇၅၉၆
Viber Phone – ၀၉ ၄၀၀၄၅၅၁၅၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၇၄၆၅၇၁၅၄၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂
Viber Phone – ၀၉ ၂၅၉၈၃၉၂၆၀

(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၁၄၂၇
Viber Phone – ၀၉ ၄၀၀၄၅၅၁၉၉

(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂
Viber Phone – ၀၉ ၂၃၀၀၈၁၇

(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈
Viber Phone – ၀၉ ၄၄၄၇၇၆၆၅၉

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၆၈၀၁၅၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉ ၆၈၀၃၇၄၉၇၄
Viber Phone – ၀၉ ၄၂၀၇၃၆၈၂၇

(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၈၄၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁
Viber Phone – ၀၉ ၂၅၈၄၆၆၆၈

(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉ ၇၅၉၆၉၈၇၈၃
Viber Phone – ၀၉ ၂၅၉၁၀၇၀၇၂

(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉
Viber Phone – ၀၉ ၄၅၈၀၂၅၄၁၉

(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃
Viber Phone – ၀၉ ၉၅၁၄၉၅၄၀၉

(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉
Viber Phone – ၀၉ ၄၂၁၀၇၁၃၆၉

(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁
Viber Phone – ၀၉ ၄၀၂၅၀၈၄၆၈

(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃
Viber Phone – ၀၉ ၈၈၀၀၈၇၃၄၀

(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃
Viber Phone – ၀၉ ၈၈၉၂၉၁၉၄၀

(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉
Viber Phone – ၀၉ ၇၆၄၄၂၂၆၇၄

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁
Viber Phone – ၀၉ ၆၆၉၉၀၅၂၈၁

(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၃၁
Viber Phone – ၀၉ ၇၅၅၁၀၀၇၅၇

(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉
Viber Phone – ၀၉ ၈၉၅၉၁၂၁၆၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆
Viber Phone – ၀၉ ၄၀၀၅၄၀၁၄၀

(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇
Viber Phone – ၀၉ ၂၅၀၉၉၉၇၄၇

(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆
Viber Phone – ၀၉ ၄၄၃၁၃၅၅၂၀

(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅
Viber Phone – ၀၉ ၇၉၆၅၈၄၆၃၇

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၅၄၈၅၈၂၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆
Viber Phone – ၀၉ ၉၅၄၂၀၆၀၆၁

(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅
Viber Phone – ၀၉ ၄၀၀၃၁၁၁၁၀

(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈
Viber Phone – ၀၉ ၇၉၄၄၄၇၂၈၀

(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၁၇၊ ၀၉ ၂၆၁၀၁၇၂၅၇
Viber Phone – ၀၉ ၂၅၇၀၈၀၀၉၈

(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄
Viber Phone – ၀၉ ၉၇၃၃၇၃၆၈၈

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၄၊ ၀၉ ၈၈၉၈၅၈၇၈၈
Viber Phone – ၀၉ ၉၆၉၉၅၆၄၇၂

(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈
Viber Phone – ၀၉ ၄၂၀၇၆၀၂၄၆

*စာမျက်နှာ ၁၈ သို့*

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် မတ် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၀၈၇ ဦး၊ အတွင်းလူနာ ၄၁၉၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။



### ကလေးငယ် ၆၃၉၇ ဦး မွေးဖွားပေးနိုင်ခဲ့

ထိုသို့ လာရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၇၂၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၄၉၇ ဦး စုစုပေါင်း ၇၂၂၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့်မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၅၃၀ ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၈၆၇ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၃၉၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

### ချီးမြှင့်ငွေများ ပေးအပ်

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံ၊ တက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at home)" တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေးမျက်နှာနှင့် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် –

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့်လှည့်လည်အသိပေး ပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကိုဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

*စာမျက်နှာ ၁၇ မှ*

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
Viber Phone – ၀၉ ၆၈၁၁၅၃၄၅၃

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၁၁၂၄
Viber Phone – ၀၉ ၄၄၀၁၄၂၆၆၇

(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone – ၀၉ ၄၀၃၇၄၂၂၆၅

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၁၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅၂
Viber Phone – ၀၉ ၇၈၅၀၈၂၆၁၅

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆
Viber Phone – ၀၉ ၄၂၀၂၅၁၄၈၄

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၂
Viber Phone – ၀၉ ၂၅၅၈၅၄၄၁၀

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊ ၀၉ ၄၂၃၃၃၂၇၄၆
Viber Phone – ၀၉ ၂၅၅၇၁၁၁၇၄

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
Viber Phone – ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
Viber Phone – ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
Viber Phone – ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
Viber Phone – ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁
Viber Phone – ၀၉ ၂၅၄၃၁၅၂၉၉

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
Viber Phone – ၀၉ ၄၂၁၁၂၈၉၅၁

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
Viber Phone – ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
Viber Phone – ၀၉ ၅၁၉၄၂၂၃

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄
Viber Phone – ၀၉ ၇၈၆၂၈၁၄၅၆

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
Viber Phone – ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
Viber Phone – ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
Viber Phone – ၀၉ ၂၅၀၉၃၆၅၆၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
Viber Phone – ၀၉ ၇၈၉၇၂၃၇၄၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
Viber Phone – ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
Viber Phone – ၀၉ ၉၇၆၄၅၃၆၉၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
Viber Phone – ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
Viber Phone – ၀၉ ၄၂၀၀၀၆၀၆၇

(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
Viber Phone – ၀၉ ၉၅၇၉၂၄၁၅၉

(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
Viber Phone – ၀၉ ၇၇၃၁၁၇၈၅၉

(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁
Viber Phone – ၀၉ ၆၈၉၉၁၀၉၇၀

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
Viber Phone – ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၁၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၉၇
Viber Phone – ၀၉ ၂၅၉၀၄၂၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
Viber Phone – ၀၉ ၄၅၄၄၆၆၆၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၀၁
Viber Phone – ၀၉ ၉၅၀၉၇၇၃၇၆

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၂၆
Viber Phone – ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၇၉၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၆၉၇၄၂၁၂
Viber Phone – ၀၉ ၂၆၉၄၈၂၈၂၀

❍ *ကျော့ဖုံးမှ*

ရန်ကုန်တိုင်း ဒေသကြီး ကိုကိုးကျွန်းမြို့နယ်သို့ ယခင်က တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်များဖြင့်သာ ခရီးစဉ်များ ပြေးဆွဲပေးခဲ့ရာမှ YRTA အနေဖြင့် ယခုကဲ့သို့ စတင်ပါဝင်ပြေးဆွဲပေးခဲ့မှုမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် ငါးကြိမ်မြောက် ပြေးဆွဲပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ YRTA အနေဖြင့် ယခုကဲ့သို့ ပြေးဆွဲပေးမှုသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီလမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ ဌာနများဖြစ်သော ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန စသည့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ကာ ယခုကဲ့သို့ ခရီးစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ယနေ့ ထွက်ခွာသွားသော M.V CHARITES သင်္ဘော ငါးကြိမ်မြောက် ခရီးစဉ်တွင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၊ ရန်ကုန်မြို့သို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံများ၊ ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ ၂၄ နာရီ မီးလင်းရေးကို အထောက်အကူပြုစေမည့် ဒီဇယ်ဆီများနှင့် ဆက်စပ်ပစ္စည်းများ စသည်ဖြင့် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ပစ္စည်းများကို တင်ပို့သယ်ဆောင်သွားခြင်း ဖြစ်ကြောင်း သိရသည်။

ယနေ့ ကိုကိုးကျွန်းမြို့နယ်သို့ ထွက်ခွာမည့် M.V CHARITES သင်္ဘောခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်များနှင့် ဒေသခံများအား ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ အတွင်းရေးမှူး ဒေါက်တာမောင်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဆူးလေဆိပ်ကမ်းသို့ သွားရောက်တွေ့ဆုံကာ လိုက်လံအားပေး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ထိုက်အောင်ဝင်း**

**ဓာတ်ပုံ- မိုးမခ**

---

❒ *ကျော့ဖုံးမှ*

သစ်တုံးတစ်တုံး ကန့်လန့်ဖြတ် တင်ထားခြင်းနှင့် သံလမ်းထိန်း ကလစ် ၂၅၀ ခန့် ဖြုတ်ထားခြင်း၊ ကမာရွတ်ဘူတာလမ်း ကားလမ်းကူးတွင် တာယာပောင်းမီးရှို့၍ ကားလမ်းကူးပိတ်ဆို့ထားခြင်း၊ သံလမ်းထိန်း ကလစ် ၄၀၀ ခန့် ဖြုတ်ထားခြင်း၊ သံလမ်းအဆက်ပါ ဖြုတ်၍ သံလမ်း အဆက်နေရာ ဟထားခြင်းတို့ကြောင့် တပ်မတော်သားများ၊ ရထားရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံတာဝန်သိ ပြည်သူများနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီးနောက် ရထားသည် ခရီးဆုံးဘူတာသို့ အောင်မြင်စွာ ပြေးဆွဲနိုင်ခဲ့သည်။

မသမာသူ အကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာနယ်မြေ ရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ် ပုံမှန်ပြေးဆွဲလျက်ရှိသဖြင့်မိဘပြည်သူများ၊ဝန်ထမ်းများအနေဖြင့် လိုက်ပါစီးနင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျော့ဖုံးမှ*

တိုက်စစ်မှူးအဂူရိုကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူပြီး အသင်းမှ အားထားရသည့် လူကာကူ သို့မဟုတ် မာတီနက်ဇ်တို့ထဲမှ တစ်ဦးဦးကို ယခုနှစ်နွေရာသီတွင် ရောင်းထုတ်ရန် ပြင်ဆင်နေခြင်း ဖြစ်ကြောင်း သိရသည်။ လူကာကူကို ပရီမီယာလိဂ်ကလပ်ချယ်ဆီးနှင့် မန်စီးတီးအသင်းတို့အပြင် စပိန်နာမည်ကြီး ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ပြင်သစ်နာမည်ကြီး ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

လူကာကူသည် ၂၀၁၉ ခုနှစ်တွင် မန်ယူအသင်းမှ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး အသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၈၅ ပွဲပါဝင်ကစားခွင့်ရရှိထားကာ ၅၉ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ အာဂျင်တီးနား တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ မာတီနက်ဇ်သည် ယခုနှစ် ရာသီတွင် အင်တာမီလန်အသင်းအတွက် ပြိုင်ပွဲစုံ ၃၇ ပွဲတွင် ၁၆ ဂိုးအထိ သွင်းယူပေးထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။

အင်တာမီလန်အသင်းသည် ယခုနှစ်ရာသီ စီးရီးအေတွင် ၂၇ပွဲ ကစားပြီး အမှတ်ပေးဇယားကို ဦးဆောင်ထားကာ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် အမှတ်ပေးဖလားကို ဆွတ်ခူးရန် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။

**အောင်ဇော်**




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**


| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်



# မြန်မာသမိုင်းစာပေ (၇)

မောင်ခင်မင် (ဓနုဖြူ)

စကားဆက်ရရင် မင်းသားဗညားနွဲ့ဟာ အခုလို အန္တရာယ်တွေနဲ့ ကြုံနေရတော့ စိုးရိမ်ပြီး ဒဂုံမြို့ကို၊ ဒဂုံမြို့ဆိုတာ အခုရန်ကုန်ပေါ့၊ ဒဂုံမြို့ကို ရှောင်ထွက်သွားပြီး အင်အားစုနေတုန်း သူ့ခမည်းတော် နေမကောင်းဖြစ်ပြီး နတ်ရွာစံကြောင်းကြားတော့ ဟံသာဝတီကို ပြန်ချီတက်လာပြီး ထီးနန်းသိမ်းပိုက်တာပါပဲ။ ရာဇာဓိရာဇ်ဆိုတဲ့ ဘွဲ့လဲခံယူတာပေါ့။ အဓိပ္ပာယ်က မင်းတကာတို့ရဲ့ မင်းပေါ့ကွယ်။ 'ရာဇဓိရာဇာ'လို့ ပါဠိလို ခေါ်တဲ့ဘွဲ့ပေါ့။ ရာဇာဓိရာဇာကနေ ' ရာဇာဓိရာဇ်' ဖြစ်လာတာပေါ့။ လက်အောက်ခံမြို့တွေကို စည်းရုံးသိမ်းသွင်းပြီး အင်အားတောင့်တင်းလာတာပေါ့ "

"ဟုတ်ကဲ့ပါ။ စိတ်ဝင်စားစရာကောင်းပါတယ် ဆရာ"

"ဟံသာဝတီမင်း ရာဇာဓိရာဇ်နဲ့ အင်းဝမင်း ပထမမင်းခေါင်တို့ဟာ နှစ်ပေါင်းများစွာ အားပြိုင်တိုက်ခိုက်နေကြပေမဲ့ အပြန်အလှန် လေးစားမှုရှိတယ်ကွဲ့။ တစ်ယောက်နဲ့တစ်ယောက် 'ညီတော်' 'နောင်တော်' လို့ခေါ်တယ်"

"ဩော်"

"ပြီးတော့ ဒီမင်းနှစ်ပါးဟာ အပြန်အလှန်အမျိုးတော်ကြတယ်။ အမျိုးတော်တာမှ နှစ်ကြော့သုံးကြော့ စပ်ပြီးအမျိုးတော်တာ"

"ရှင်၊ အဲဒါဘာကိုပြောတာလဲ ဆရာ"

"ဒီလိုလေ။ စစ်ပွဲမှာ ဆင်ပေါ်က ပြုတ်ကျကျန်ခဲ့တဲ့ ရာဇာဓိရာဇ်ရဲ့ သမီးတော်ကို မင်းခေါင်ဆီဆက်တော့ မင်းခေါင်ဟာ သူ့သားတော်နဲ့ ပေးစားလိုက်တယ်။ ဒီတော့ မင်းနှစ်ပါးဟာ ခမည်းခမက်တော် သွားရော"

"ဩော်၊ ဟုတ်ကဲ့"

"တစ်ခါ အဲဒီလိုပဲ မင်းခေါင်ရဲ့ သမီးတော် စစ်ပွဲမှာ ပြုတ်ကျကျန်ခဲ့လို့ ရာဇာဓိရာဇ်က မိဖုရားအဖြစ် သိမ်းပိုက်ပြန်ရော"

"ဟာ ဒီလိုဆို မင်းနှစ်ပါးဟာ သမီးယောက္ခမလဲ တော်တာပေါ့နော်"

"ဟုတ်တယ်။ ဒါတင် မပြီးသေးဘူး... တစ်ခါကျတော့ မင်းခေါင်က သူ့အစ်မတော် မင်းသမီးကို ရာဇာဓိရာဇ်ဆီ ဆက်သပြန်ရော"

"ဒီတော့ မင်းနှစ်ပါး သမီးယောက်ဖနဲ့ တော်ပြန်ရော"

"ထူးခြားတယ်နော်"

"တစ်ခါမှာ မင်းနှစ်ပါး တိုက်ခိုက်တာတွေရပ်ပြီး ပြည်မြို့က 'မြသိတင်ဘုရား'မှာ တွေ့ဆုံကြတာဟာ 'မြသိတင်'ဆိုတာ ပြည်ရွှေဆံတော်ဘုရားရဲ့ ရှေးဘွဲ့တော်ပေါ့။ အဲဒီလို တွေ့ဆုံပြီး အပြန်အလှန်လက်ဆောင်တွေ လဲလှယ်ပြီးတော့ ဘုရားအကြောင်းတရားအကြောင်းတွေ ပြောဆိုဆွေးနွေးကြသတဲ့"

"ဩော် ၊ တော်တော်ထူးတာပဲနော်"

"စဉ်းစားကြည့်တော့ ဒီမင်းနှစ်ပါးရဲ့အကြောင်းက လွမ်းစရာကောင်းပါတယ်။ ဗညားဒလရေးတဲ့ ရာဇာဓိရာဇ် အရေးတော်ပုံ အဆုံးပိုင်းမှာ ဘာပါသလဲဆိုတော့ မင်းခေါင်နတ်ရွာစံသွားတာ ရာဇာဓိရာဇ်ကြားတော့ ကြေကြေကွဲကွဲပြောတယ်တဲ့။ ငါ့ညီတော်နဲ့ ငါနဲ့ဟာ နှစ်ပေါင်းများစွာ စစ်ပြိုင်ကြတယ်။ အခုသူနတ်ရွာစံသွားပြီ။ ငါလဲနောင်တရတယ်လို့ ပြောတယ်။ အဲဒီအခါမှာ မိဖုရားတွေက ရာဇာဓိရာဇ်ကို မင်းခေါင်ရဲ့ မိဖုရားတွေကို သွားသိမ်းပါလားလို့ ကျီစယ်တော့ ရာဇာဓိရာဇ်က ဘာပြောသလဲဆိုရင် 'ညဉ်းတို့ငါ့ကို ကျီစယ်လှောင်ပြောင် ပြောပေမဲ့ ငါကတော့ သံဝေဂရပါပြီ။ ငါ့ပခုံးတစ်ဖက်နဲ့ ညည်းတို့ကို လုပ်ကျွေးမယ်။ ပခုံးတစ်ဖက်နဲ့ နောင်ဘဝအတွက် ကောင်းမှုပြုမယ်'လို့ ပြောသတဲ့။ အဲဒီနောက် မကြာခင်မှာပဲ ရာဇာဓိရာဇ်လဲ ဆင်ဖမ်းရင်း ဆင်ထိပြီး နတ်ရွာစံသွားတယ်"

"ဩော်၊ တကယ့်လွမ်းစရာ ဇာတ်လမ်းပဲနော်"

"ဟုတ်တယ်။ ဒါကြောင့် ဝတ္ထုကြီးတစ်ပုဒ်လို အရေးအဖွဲ့ကောင်းတယ်လို့ ပြောရတာလေ"

**"အဲဒီခေတ်ကာလက အင်းဝနဲ့ဟံသာဝတီကြားက မြို့ရွာ နယ်ပယ်တွေအကြောင်းတွေလဲ အများကြီး ပါတာပေါ့ကွယ်။ ရာဇာဓိရာဇ်မှာ တိုင်ပင်စရာ မှူးမတ်ပညာရှိတွေ၊ သူရဲကောင်းတွေလဲ အများကြီး ပဲ။ မင်းခေါင်မှာလဲ အဲဒီလိုပဲ မှူးမတ်ပညာရှိတွေ၊ သူရဲကောင်းတွေရှိတာပဲ။ ရာဇာဓိရာဇ်ဟာ ရဟန်း မှူးမတ်ပညာရှိတွေရဲ့ စကားကို အလေးထားတယ်။ သူရဲကောင်းတွေကိုလဲ အင်မတန် ချစ်ခင်ပြီး ချီးမြှောက်တယ်"**

"ကျွန်တော်တို့ ဖတ်ပုံမယ် ဆရာ"

"အဲဒီခေတ်ကာလက အင်းဝနဲ့ဟံသာဝတီကြားက မြို့ရွာ နယ်ပယ်တွေအကြောင်းတွေလဲ အများကြီး ပါတာပေါ့ကွယ်။ ရာဇာဓိရာဇ်မှာ တိုင်ပင်စရာ မှူးမတ်ပညာရှိတွေ၊ သူရဲကောင်းတွေလဲအများကြီးပဲ။ မင်းခေါင်မှာလဲ အဲဒီလိုပဲ မှူးမတ်ပညာရှိတွေ၊ သူရဲကောင်းတွေရှိတာပဲ။ ရာဇာဓိရာဇ်ဟာ ရဟန်းမှူးမတ်ပညာရှိတွေရဲ့ စကားကို အလေးထားတယ်။ သူရဲကောင်းတွေကိုလဲ အင်မတန် ချစ်ခင်ပြီး ချီးမြှောက်တယ်"

"ဟုတ်ကဲ့"

"အသေးစိတ်တော့ ဖတ်ကြည့်ကြပေါ့ကွယ်။ နမူနာသာဓကေ တစ်ခုနှစ်ခု ပြောပြမယ်"

"အေး ပြောပါအုံး သူငယ်ချင်းရယ်။ တို့လဲစိတ်ဝင်စားပါတယ်"

"တစ်ခါမှာ ရာဇာဓိရာဇ်ဟာ အင်းဝကို လှေတပ်ချီတက်လာပြီး ဝိုင်းရံထားတယ်။ အဲဒီအခါမှာ ပင်းယက 'စကြိုသူမြတ်' လို့ခေါ်တဲ့ ရဟန်းတော်က ရာဇာဓိရာဇ်နဲ့ တွေ့ဆုံပြီး တိုင်းသူပြည်သားတွေ စိတ်အေးချမ်းသာနေနိုင်ဖို့ စစ်မက်မပြုပါနဲ့လို့ မေတ္တာရပ်ခံတဲ့အခါ ရာဇာဓိရာဇ်က သူမြတ်ရဲ့စကားကို နာယူပြီး စစ်မက်မပြုတော့ဘဲ လှည့်ပြန်သွားတယ်။ စကြိုသူမြတ်က ရာဇာဓိရာဇ်ကို တင်သွင်းတဲ့ မေတ္တာစာဆိုတာ မြန်မာစာပေမှာ အထင်အရှားရှိတယ်"

"ရာဇာဓိရာဇ်မှာ 'ဖြတ်ဇ' ခေါ်တဲ့ သူရဲကောင်းအမတ်ကြီးရှိတယ်။ အဲဒီအမတ်ကြီးက ပြောစရာရှိရင် ပြတ်ပြတ်သားသားပြောတတ်တယ်။ ရာဇာဓိရာဇ်ကလဲ သူ့စကားကို နားထောင်တယ်။ တစ်ခါမှာ ရာဇာဓိရာဇ်ရဲ့ မိဖုရားတစ်ပါးရဲ့ဖခင် အမတ်ကြီးတစ်ယောက် မင်းခေါင်ရဲ့ လက်ထဲရောက်သွားလို့ သူ့သမီးက သူ့အဖေကို ကယ်ပေးပါလို့ ရာဇာဓိရာဇ်ကို ငိုယိုပြီး လျှောက်ထားသတဲ့။ ရာဇာဓိရာဇ်က ဖြတ်ဇကို တိုင်ပင်တော့ ဖြတ်ဇက ဘာပြောသလဲဆိုရင် ခုခေတ်စကားနဲ့ပြောရင် အရှင်မင်းကြီး စစ်မရှုံးအောင်သာ အကြံပေးတတ်ပါတယ်။ မိဖုရားရှုံးမဲ့ ကိစ္စ မှာတော့ အကြံမပေးတတ်ပါဘူး" လို့ ရဲရဲဝံ့ဝံ့လျှောက်ထားသတဲ့"

"တော်တော် လေးစားစရာကောင်းတယ်နော်"

"သူရဲကောင်းတွေကိုလဲ ချစ်တယ်။ မြှောက်စားတယ်။ မင်းတို့ကြားဖူးမှာပါ။ 'လဂွန်းအိမ်'ဆိုတဲ့ သူရဲကောင်းက သူ့သခင်ကို အချစ်စမ်းချင်လို့ သည်းထိတ်ရင်ဖိုကိစ္စကြီးတစ်ခု လုပ်လိုက်တာလေ"

"ပြောပြပါ ဆရာ"

"လဂွန်းအိမ် ခေါင်းဆောင်ပြီး စစ်ထွက်ခါနီးမှာ စစ်မထွက်ဘဲ စောင်ခြုံပြီး အိပ်နေတယ်။ သူ့ကိုမေးတော့ ဘုရင်ရဲ့ မိဖုရားတစ်ပါးကို တပ်မက်မိလို့ သိပ်ခံစားနေရပါတယ်။ စစ်မချီချင်တော့ပါဘူးလို့ ပြောတယ်"

"ဟယ်၊ အန္တရာယ်များလိုက်တာ"

"ရာဇာဓိရာဇ် အဲဒီစကားကြားတော့ ဘာပြောတယ်ထင်သလဲ။ 'မိဖုရားကို ငါမနှမြော သင်းကိုသာ နှမြောသည်'တဲ့ ။ အဲဒီလိုပြောပြီး မိဖုရားကို လဂွန်းအိမ်ဆီ ပို့လိုက်တယ်။ မိဖုရားလဲ ငိုယိုပြီးသွားရတာပေါ့။ လဂွန်းအိမ်က မိဖုရားကို ကန်တော့ပွဲနဲ့ ဆီးကန်တော့ပြီး၊ သခင်ကို အချစ်စမ်းတာပါ၊ အခုသူ့ကို တကယ်ချစ်မှန်း သိပါပြီလို့ ပြောပြီးတော့ ရှုပ်ရှုပ်ချုံချုံစစ်ပွဲဝင်လို့ အောင်နိုင်သွားတဲ့ အကြောင်းပေါ့"

"ဒါလဲ ဝတ္ထုတစ်ပုဒ်ပဲနော် ဆရာ"

"ဟုတ်တယ်။ အဲဒီလဂွန်းအိမ်ရဲ့ ဘဝနိဂုံးဟာလဲ ကြေကွဲစရာကောင်းတယ်။ မင်းခေါင်ရဲ့သားတော် မင်းရဲကျော်စွာရဲ့တပ်က ပရိယာယ်ဆင်ပြီး လဂွန်းအိမ်ကို ချိန်းတိုက်တော့ ဒဏ်ရာအပြင်းအထန်ရပြီး ကျဆုံးသွားတယ်။ လဂွန်းအိမ်ရဲ့အလောင်းကို ဖောင်ပေါ်တင်ပြီး မျှောလိုက်တဲ့အခါ ရာဇာဓိရာဇ်က ဖောင်ကို စောင့်ယူပြီးတော့ လဂွန်းအိမ်ရဲ့အလောင်းကို သူ့ပါးနဲ့ကပ်ပြီး ငိုတယ်တဲ့။ 'ဗိုလ်မင်းဖြတ်ဇလဲ ငါ့ကိုစွန့်သွားခဲ့ပြီ၊ အခုမင်းလဲ ငါ့ကိုစွန့်သွားပြီ။ ငါ့မှာ တိုင်ပင်ဖော် တိုင်ပင်ဖက်မရှိတော့ဘူး။ ငါ့အစွယ်နှစ်ချောင်း ကျိုးပြီ'လို့ ဝမ်းနည်းပန်းနည်း ငိုပြီးတော့ လဂွန်းအိမ်ရဲ့ အလောင်းကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်တယ်တဲ့ကွယ်"

"ဩော်၊ ကြေကွဲစရာပဲနော် သူငယ်ချင်း"

"ဟုတ်တယ်။ ဒီတော့ရာဇာဓိရာဇ်အရေးတော်ပုံဟာ ရသမြောက် သမိုင်းမှတ်တမ်းကြီး တစ်စောင်လို့ဆိုရမှာပေါ့ကွယ်"။

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာအလိုက် ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၁) ရက်မှစပြီး ၂၀၂၁ ခုနှစ်၊ မတ်(၃၁)ရက်အထိ နေ့စဉ် နံနက်(၆) နာရီမှစ၍ 'ဝ' ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ အစီအစဉ်များကို ည (၁၁) နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၁ ခုနှစ်၊ ဧပြီ (၁) ရက် မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင် (၃၁) ရက်အထိ နေ့စဉ် နံနက် (၆) နာရီမှ (၈) နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ နံနက် (၈) နာရီ မှ (၁၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် (၁၀) နာရီမှ နံနက် (၁၁) နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် (၁၁) နာရီမှ မွန်းတည့် (၁၂) နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂) မှ မွန်းလွဲ (၁) နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ မွန်းလွဲ (၁) နာရီမှ (၂) နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ (၂) နာရီမှ (၃) နာရီအထိ ချင်း (ချိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ (၃) နာရီမှ ညနေ (၅) နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ညနေ (၅) နာရီမှ ည (၇) နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ ည (၇) နာရီမှ (၉) နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည (၉) နာရီ မှ (၁၁) နာရီအထိ '၀' ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**(၁.၄.၂၀၂၁) မှ (၃၁.၇.၂၀၂၁)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း**

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | ကချင် | ၀၆:၀၀ – ၀၈:၀၀ နာရီ |
| ၂။ | ကယား | ၀၈:၀၀ – ၁၀:၀၀ နာရီ |
| ၃။ | စကောကရင် | ၁၀:၀၀ – ၁၁:၀၀ နာရီ |
| ၄။ | အနောက်ပိုးကရင် | ၁၁:၀၀ – ၁၂:၀၀ နာရီ |
| ၅။ | အရှေ့ပိုးကရင် | ၁၂:၀၀ – ၁၃:၀၀ နာရီ |
| ၆။ | ချင်း (လိုင်ဇိုး) | ၁၃:၀၀ – ၁၄:၀၀ နာရီ |
| ၇။ | ချင်း (ချိုး) | ၁၄:၀၀ – ၁၅:၀၀ နာရီ |
| ၈။ | မွန် | ၁၅:၀၀ –၁၇:၀၀ နာရီ |
| ၉။ | ရခိုင် | ၁၇:၀၀ – ၁၉:၀၀ နာရီ |
| ၁၀။ | ရှမ်း | ၁၉:၀၀ – ၂၁:၀၀ နာရီ |
| ၁၁။ | " ဝ " | ၂၁:၀၀ – ၂၃:၀၀ နာရီ |

- တိုင်းရင်းသားအစီအစဉ် (၁၁)ဘာသာအား နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၂၃:၀၀) နာရီထိ ထုတ်လွှင့်ချိန် (၁၇:၀၀) နာရီ ထုတ်လွှင့်လျက်ရှိပါသည်။
- (၄) လတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၂၂) ကြိမ်မြောက် ဖြစ်ပါသည်။

# ကယားပြည်နယ်၌ ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**လွိုင်ကော် မတ် ၂၈**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ယမန်နေ့က ပြည်နယ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ(သုံးကြိမ်)ရွတ်ဆို ဘုရားကန်တော့၍ မဟာမင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပြီး ထူးမခြားနား(ဘွဲ့သီချင်းခံ)သုံးပိုဒ်ဖွင့်၍ ပူဇော်သည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ လွိုင်ကော်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ပြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးမြို့သာသနာ့ရောင်ခြည်ကျောင်း ဆရာတော်က သမ္ဗောဒနီယသြဝါဒကထာကို မြွက်ကြား ချီးမြှင့်တော်မူသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးတို့အား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်ပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




## တောင်ကြီးမြို့၌ (၇၂)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကျင်းပ

**တောင်ကြီး မတ် ၂၈**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့ ကန်ကြီးရပ်ကွက် ပအိုဝ်းအမျိုးသား ဘက်စုံဖွံ့ဖြိုးရေးကွင်း (ဒဲဉ်သီးဗွေကွင်း) ၌ မတ် ၂၇ ရက်က ပအိုဝ်းအမျိုးသားနေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံ၊ ပအိုဝ်းအမျိုးသားအလံတော်နှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား အလေးပြုကြသည်။

**သဝဏ်လွှာ ဖတ်ကြား**

ဆက်လက်၍ ပအိုဝ်းအမျိုးသားနေ့ပွဲတော်ဖြစ်မြောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဖြားခွန်ဝင်းကိုက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက သဝဏ်လွှာ ဖတ်ကြားသည်။

ထို့နောက်ပအိုဝ်း အမျိုးသားခေါင်းဆောင် ဖြားတန် စင်ဖာအောင်ခမ်းထီက ပေးပို့လာသည့် ပအိုဝ်းအမျိုးသားနေ့ သဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့မှ အလှူငွေကျပ် သိန်း ၂၀ ကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေးအပ်ရာ ပွဲတော်ဖြစ်မြောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးခွန်ဝင်းကိုက လက်ခံယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဒုတိယဝန်ကြီး ဦးကိုကိုလွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများနှင့် စက်မှုသင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၈**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်သည် မတ်၂၅ ရက်က မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ရှိ အမှတ်(၁၀) အထည်စက်ရုံသို့ ရောက်ရှိပြီး မိမိ ထုတ်ကုန်ပစ္စည်းအား ဈေးကွက်ရှိ ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရေးဆောင်ရွက်ရန်၊ ကုန်ချောလက်ကျန်များ ကုန်စင်အောင် ရောင်းချနိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံရှိ ကုန်ကြမ်းများကို မိမိတို့ ဌာနအတွင်းရှိ စက်ရုံများတွင် ပြန်လည်အသုံးပြု နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် စက်ရုံ ရေရှည်ရပ်တည် လည်ပတ်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

**ကုန်ချောများဝယ်သူထံအရောက်ပို့**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြင်းခြံမြို့ရှိ အထည်စက်ရုံခွဲသို့ ရောက်ရှိပြီး ပတ်တီးများ ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်၏ GDP လည်း တိုးတက်မည်ဖြစ်၍ ကြိုးစားဆောင်ရွက်ကြရန်၊ ကုန်ချောများအား ဝယ်ယူသူထံ အရောက်ပေးပို့သည့်စနစ် ကျင့်သုံးနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ စက်ရုံကို နိုင်ငံတော်အကြီးအကဲများက ရည်ရွယ်ချက်ကြီးမားစွာဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ "သံသေလျှင် တစ်ပြည်ဝ" ဟူသော ဆိုရိုးစကားရှိကြောင်း၊ ထို့ကြောင့် စီမံကိန်းလုပ်ငန်းများအား အမြန်ဆုံးပြီးစီးအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ စက်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိအောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အစဉ်အမြဲ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် စီမံချက်များ ရေးဆွဲ၍ သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်နှင့် မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများ အဆင်သင့်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ လုံခြုံရေးကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**နည်းပညာသစ်များရရှိရေး**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အမှတ်(၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ)သို့ ရောက်ရှိပြီး သင်တန်းကျောင်းခန်းမတွင် ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သင်တန်းများ ပြန်လည်ဖွင့်လှစ်လျှင် အဆင်သင့်ဖြစ်နေရန်အတွက် ကြိုတင်ပြင်ဆင်ထားရန်၊ သင်ထောက်ကူပစ္စည်းများကိုလည်း စစ်ဆေးပြုပြင်၍ ထိန်းသိမ်းထားရှိရန်၊ နိုင်ငံတော်မှ အားကိုးရသည့် စက်မှုကျွမ်းကျင်လုပ်သားများ ဖြစ်စေရန်အတွက် လေ့ကျင့်သင်ကြားပေးရန်၊ နည်းပြ ဆရာ/ဆရာမများ အနေဖြင့် တိုးတက်လာသည့် နည်းပညာသစ်များရရှိရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးသင်ယူကြရန်တို့ကို မှာကြားသည်။



**ဘိလပ်မြေထုတ်လုပ်မှုစစ်ဆေး**

မတ် ၂၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့ရှိ ဝန်ထမ်းများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ကျောက်ဆည်စက်မှုနယ်မြေစက်ရုံများမှ ဝန်ထမ်းများကို လည်းကောင်း တွေ့ဆုံ၍ စက်မှုကဏ္ဍအနေဖြင့် လတ်တလောဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အမှတ်(၃၃)အကြီးစားစက်ရုံ (ကျောက်ဆည်)တွင် ဘိလပ်မြေများ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

**Sky Net သတင်းဌာနမှ သတင်းထောက် ပိုးဥရန်နိုင်**က ဆက်လက် မေးမြန်းရာ ယခင်က ည ၁ နာရီမှ မနက် ၉ နာရီခွဲအထိ All internet shut-down လုပ်ဆောင်ပြီး အခုနောက်ပိုင်းတွင် Mobile data shut down ကိစ္စများဖြစ်လာကြောင်း၊ Money transactions များနှင့် Online services များတွင် တော်တော်လေး အခက်အခဲဖြစ်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့ သတင်းမီဒီယာများမှာဆိုလျှင် Online နှင့် လုပ်နေရခြင်းဖြစ်သည့်အတွက် ယခုကိစ္စများနှင့် ပတ်သက်ပြီး Telecom Sector များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ မည်သည့်အကြောင်းအရာများ ဆွေးနွေးလုပ်ဆောင်နေပါလဲ၊ ပုံမှန် မည်သည့်အချိန်တွင် ဖြစ်မည်နှင့် မည်သည့်အခြေအနေမှာ ပြန်ဖြစ်နိုင်မည်ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က လောလောဆယ် လုပ်ရန်အစီအစဉ် မရှိသေးပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ဆူပူအကြမ်းဖက်မှုများ၏ အဓိက လှုံ့ဆော်ပေးနေခြင်းသည် Online ပေါ်ကနေ လှုံ့ဆော်နေခြင်းဖြစ်သည့်အတွက် မိမိတို့ လုပ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် အဓိကအခြေခံအကျဆုံး အရေးကြီးဆုံးလုပ်ငန်းသည် တရားဥပဒေစိုးမိုးရေးလုပ်ငန်းနှင့် တည်ငြိမ်ရေးလုပ်ငန်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးလုပ်ငန်း မရှိပါက ကျန်သည့်လုပ်ငန်းများသည် ထိုအပေါ်မှ တစ်ဆင့်ချင်းသွားရခြင်းဖြစ်သည့်အတွက် ကျန်လုပ်ငန်းများသည် လုပ်ဆောင်၍ရစရာမရှိကြောင်း။

နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှု အတော်များများသည် အင်တာနက်လူမှုကွန်ရက်ပေါ်မှ လှုံ့ဆော်ဆောင်ရွက်နေခြင်းကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေနှင့် လုံလောက်သည့်အချိန်အတိုင်းအတာထိ ကန့်သတ်ထားခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ခေတ်သစ်သတင်းစာ သတင်းဌာနမှ သတင်းထောက် ဦးတင်ထွန်း**က အကြံပြုချက် ပြောကြားရာ ယနေ့နံနက်တွင် လေယာဉ်နှင့်ရောက်ရှိခြင်းဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ဝမ်းသာစရာစကားများ၊ မိမိတို့ သတိထားရမည့်ကိစ္စများ ပြောလိုပါကြောင်း၊ ဖြစ်လေသမျှဘုံဘဝ၊ ကြုံရတဲ့ဘုံဘဝ၊ မိစ္ဆာပါတီ၏ နိဂုံး၊ ဒီမှာပြထားသည့် အဖျက်သမားကိစ္စ၊ နောက်မိမိပြောလိုသည်မှာ မီဒီယာကိစ္စဖြစ်ပြီး ခုနက မီဒီယာသမားတစ်ယောက်ကလည်း မီဒီယာနှင့်ပတ်သက်ပြီး မေးထားကြောင်း၊ "One hundred questions for only one answer . One hundred answers for only one question." ယနေ့ မြန်မာပြည်မီဒီယာများ ဘယ်လိုဖြစ်နေတာလဲ၊ ဗိုလ်ချုပ်ပြောသွားသည့်အထဲတွင်ပါသည့် "မီဒီညာ၊ မီဒီညာ" ဒေါ်လာစားတွေ ဖြစ်ကြောင်း။

အမှန်တကယ်တွင် မိစ္ဆာပါတီ၏ ဩဇာအောက်တွင် လောင်းရိပ်မိနေသည့်အတွက် အဖြစ်မှန်ကို မသိကြကြောင်း၊ မရေးနိုင်ကြကြောင်း၊ တိုင်းပြည် ထိခိုက်နစ်နာမည့်သတင်းများ ၊ စောစောက ပြောသွားသည့် အသုံးအနှုန်းများ (fake news) မိမိတို့ မီဒီယာတွင် နံပါတ်တစ် သူများပြောတာကို မည်သည့်အခါမျှ မရေးရကြောင်း၊ မိမိတို့ ကျင့်စဉ်ဖြစ်ကြောင်း၊ နံပါတ်နှစ် ကောလာဟလ မရေးရကြောင်း၊ နံပါတ်သုံး တိုးတိုးလေးပြောသည်ကို မရေးရကြောင်း၊ ဒီမှာရှိသည့် မီဒီယာသမားများ သိပါကြောင်း၊ မသိတာက ထိုမိစ္ဆာပါတီကို ပြောရမည်ဖြစ်ကြောင်း၊ ယနေ့ ထိုအကြောင်းကို မပြောလျှင် မရကြောင်း။

နံပါတ်တစ် မန္တလေးက ဇော်မြင့်မောင်ဆိုသူက စတုတ္ထမဏ္ဍိုင်မရှိပါဟူ၍ ပြောခဲ့ဖူးကြောင်း၊ နံပါတ်နှစ် အောင်မိုးညိုဆိုသူသည် စတုတ္ထမဏ္ဍိုင်မရှိဟူ၍ ပြောကြောင်း၊ အလွန်စော်ကားခြင်းဖြစ်ကြောင်း၊ မိမိတို့ ငယ်ငယ်လေးက ၁၉၅၄ ခုနှစ်ကတိုင် သတင်းလောကကို ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ မိမိတို့နှလုံးသားကို အပ်နှင့်ဆွသည်ကို ခံနိုင်သော်လည်း မီဒီယာလောကကို ထိုသို့စော်ကားခြင်းမျိုး မည်သို့မျှ သည်းမခံနိုင်ကြောင်း။

မည်သူပဲစော်ကားစော်ကား သည်းမခံနိုင်ကြောင်း၊ ထိုအချိန်က စတုတ္ထမဏ္ဍိုင်မရှိဘူး ဆိုပြီးပြောသည့် မိစ္ဆာပါတီ၏ပုဂ္ဂိုလ်ကို မည်သည့်မီဒီယာက ကန့်ကွက်ခြင်း၊ ရှုတ်ချခြင်း ရှိခဲ့ မရှိခဲ့သည်ကို ပြန်ပြီးစဉ်းစားစေလိုကြောင်း၊ ကြေညာချက်တစ်စောင်ထုတ်ပြီး ကန့်ကွက်ခြင်းမရှိခဲ့ကြောင်း၊ အလွန်ဝမ်းနည်းစရာကောင်းကြောင်း၊ မီဒီယာအဖွဲ့အစည်းပေါင်း ၂၃ ဖွဲ့ရှိကြောင်း၊ ထိုမီဒီယာအဖွဲ့အစည်းပေါင်း ၂၃ ဖွဲ့က ကြေညာချက်တစ်စောင်ပင် မထုတ်ကြောင်း၊ ဗိုလ်ချုပ်တို့လည်း သိပါကြောင်း၊ မေ ၃ ရက်ဆိုလျှင် ကမ္ဘာ Press day လာဦးမည်ဖြစ်ကြောင်း၊ မိမိတို့အချိန်ပေါင်းများစွာ ကျော်ဖြတ်ခဲ့ပြီးပြီဖြစ်ကြောင်း။

မိမိဆိုလျှင် အမေရိကန်နိုင်ငံ အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲကို ဗီဇာမလိုဘဲ တက်ခွင့်ရှိကြောင်း၊ အိုဘားမားလက်ထက်တွင် မိမိအကုန်လုံး မေး၍ရကြောင်း၊ မိမိတို့မေးနိုင်ကြောင်း၊ ထိုအရာကို အားလုံးသိရှိကြကြောင်း၊ ရှုတ်ချကန့်ကွက်မှုများ ရေးကြ၊ ပြောကြလားဆိုလျှင် မပြောကြောင်း၊ အကြံပေးစရာရှိကြောင်း၊ ရွေးကောက်ပွဲမသမာမှုက ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ကြောင်း၊ တစ်ထောင့်တစ်ညပုံပြင်ထက် ရှည်လျားပြီး မပြီးနိုင်ကြောင်း၊ ထိုအရာကြောင့် တိုင်းပြည်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ မလွှဲမရှောင်သာ ယူလိုက်ရကြောင်း။



ကနီမြို့နယ် ဆက်သွယ်ရေးတာဝါတိုင်ကို မီးရှို့ဖျက်ဆီးထားမှု။

ရွေးကောက်ပွဲ မသမာမှုများသည် အလွန်များပြားပြီး ပြော၍မဆုံးနိုင်ကြောင်း၊ သို့သော် မီဒီယာများက မရေးကြကြောင်း၊ ကြေးမုံသတင်းစာတွင် တွေ့လိုက်ရကြောင်း၊ ဘူဒိုဇာ Operation ဆိုပြီး လုပ်လိုက်သည်မှာ အလွန်ကောင်းမွန်ကြောင်း၊ ရပ်ကွက်ထဲတွင် အတားအဆီးများ လုပ်ထားသည်မှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ မရှိကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် ဒီမိုကရေစီရနိုင်ပါမည်လား တွေးတောဆင်ခြင်စေလိုကြောင်း၊ ဒီမိုကရေစီနှင့် မသက်ဆိုင်ပါကြောင်း၊ ဒီမိုကရေစီလည်း မရနိုင်ပါကြောင်း၊ မီဒီယာများတွင် တာဝန်ပျက်ကွက်နေမှု အများအပြားရှိကြောင်း၊ NGO၊ INGO များ၊ ဒေါ်လာစားများ အများအပြားရှိကြောင်း၊ ဗိုလ်ချုပ်တို့ ရှင်းပြနေသည့် အချက်များထဲမှ အချို့အချက်များသည် မိမိတို့ သိရှိပြီးသားများဖြစ်ကြောင်း။

အချို့လုပ်ဆောင်ချက်များသည် အလွန်နောက်ကျကြောင်း၊ ဥပမာ- CRPH ထူထောင်သည်မှာ သုံးလခန့်ရှိပြီးဖြစ်ကြောင်း၊ ထိုအဖွဲ့ကို မနေ့ကမှ တရားမဝင်အဖွဲ့အစည်းဟု ကြေညာသည်မှာ အလွန်နောက်ကျကြောင်း၊ မိစ္ဆာပါတီ NLD က မီဒီယာကို ဂရုမစိုက်၊ တန်ဖိုးမထားကြောင်း၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို မိမိ တစ်နေ့ သုံးခါ၊ ၁၀ ခါလောက် ကန်တော့ကြောင်း၊ မိမိသည် မည်သည့်ပါတီမှ ပါတီဝင်ထားခြင်းမဟုတ်ဘဲ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာကို ဗိုလ်ချုပ်မှူးကြီးက အလွန်တန်ဖိုးထား၍ဖြစ်ကြောင်း။

မိမိသည် ၁၉၅၄ ခုနှစ်ခန့်ကတည်းက သတင်းစာလောကထဲကို ဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ စာနယ်ဇင်းအကြောင်းကို မိမိလက်တန်းပြောနိုင်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသည့်အချိန်တွင် မိမိအသက်က ၁၀ နှစ်ရှိပြီဖြစ်ကြောင်း၊ ဖြစ်စဉ်အားလုံးကို လက်တန်းပြောနိုင်ကြောင်း၊ လွတ်လပ်စွာရေးသားပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်ဟု ဆိုရာတွင် ပုံနှိပ်ထုတ်ဝေခွင့်ဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများကို သေချာဖတ်ရှုကြစေလိုကြောင်း၊ ဒါတို့ပြည် ဒါတို့မြေဆိုသည်မှာ မည်သည့်အတွက်ပြောကြသည်ကို ၎င်းတို့ကိုယ်တိုင် မသိကြကြောင်း၊ ထို့ကြောင့် မီဒီယာများအနေဖြင့်လည်း တာဝန်သိသိနှင့် ယခုလိုကိစ္စများကို ရေးသားကြစေလိုကြောင်း။

မည်သည့်စာစောင်မှ အမှန်တရားကို ဖော်ထုတ်ရေးသားခြင်းများ မရှိကြောင်း၊ ဝမ်းနည်းစရာ အလွန်ကောင်းကြောင်း၊ မီဒီယာတွင် မိမိတို့သုံးနှုန်းခဲ့သည့် ဝေါဟာရတစ်ခုရှိကြောင်း၊ စာနယ်ဇင်းဟုခေါ်ကြောင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်တို့ဖြစ်ကြကြောင်း၊ ယခု မိမိတွင် Broadcasting၊ Twitter စသဖြင့်ရှိကြောင်း၊ printed media ခေတ်သစ်သတင်းစာရှိပါကြောင်း၊ ခေတ်သစ်ဆိုသော logo အများကြီးရှိကြောင်း၊ မီဒီယာအချို့ကို ပိတ်သိမ်းလိုက်သည့်အတွက် ဝမ်းသာပါကြောင်း၊ မီဒီယာဥပဒေများ၊ ကျင့်စဉ်များ၊ Code of Conduct များ ချိုးဖောက်၍ ပိတ်ခြင်းဖြစ်ကြောင်း၊ နောက်ထပ်ချိုးဖောက်သည့် မီဒီယာများရှိခဲ့လျှင် ထပ်မံပိတ်သိမ်းပါကလည်း ဘာမှမဖြစ်ပါကြောင်း။




ATM စက်များအား အကြမ်းဖက်ဖျက်ဆီးထားမှု။

တရားဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် တရားမျှတမှန်ကန်ပါကြောင်း၊ မီဒီယာများကလည်း ဥပဒေကို လေးစားရမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် နံပါတ်တစ် တပ်မတော်နေ့၊ နံပါတ်နှစ် တောင်သူလယ်သမားနေ့ မရှိကြောင်း၊ မလိုချင်ကြောင်း ပြောဆိုနေကြသည်ကို တွေ့ရပါကြောင်း၊ မိမိတို့ ကြုံတွေ့ခဲ့ရသည့် တောင်သူလယ်သမားဦးကြီးများ၏ ဘဝ/ကျေးဇူးကို နားမလည်ကြကြောင်း၊ မီဒီယာများကလည်း တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုရကောင်းမှန်း မသိပါကြောင်း၊ **ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တောင်သူလယ်သမားနေ့ သဝဏ်လွှာပို့ရာ စာလုံးရေ ၃၂၀ ရှိပါကြောင်း၊ မိမိတို့၏ practice မှာ စကားလုံးအရေအတွက်ကိုပါ တွက်ချက်ရကြောင်း၊** Eleven Media က တောင်သူလယ်သမားနေ့ အယ်ဒီတာ့အာဘော်ရေးသားချက်မှာ ကောင်းမွန်ပါကြောင်း၊ ကျေးဇူးလည်းတင်ကြောင်း၊ ထိုအချိန်တွင် အခြားမီဒီယာများက တစ်စိတ်ကို တစ်အိတ်လုပ်၍ အဖျက်သမားလုပ်နေကြကြောင်း၊ မီဒီယာများက ဖောက်ဖျက်မှုများပြုလုပ်သည့်အတွက် အရေးယူဆောင်ရွက်ခြင်းကို မိမိသဘောတူလက်ခံပါကြောင်း။

ဖြစ်သမျှ ကြုံရလေပြီ၊ ဘုံဘဝ ကြုံရလေပြီ၊ သုညပါတီ၊ မိစ္ဆာပါတီ၏ နောက်ထပ်ဆိုးကျိုး အများအပြားရှိကြောင်း၊ တပ်မတော်နေ့ မလိုကြောင်း၊ ဒါကို မည်သည့်ပါးစပ်ကပြောလဲ၊ ထိုမီဒီယာများက မသိဘူးလား၊ မိမိပြောလိုသည်မှာ တိုင်းပြည်တွင် တောင်သူလယ်သမား ဦးကြီးများ၏ အခန်းကဏ္ဍကို ပြန်စဉ်းစားကြည့်စေလိုကြောင်း၊ အနိမ့်ဆုံးစကားလုံးဖြင့် ပြောရမည်ဆိုပါက ဂျပန်တော်လှန်ရေးတွင် တောင်သူဦးကြီးများ အသက်ပေးခဲ့သည်မှာ နည်းသလား၊ တောင်သူလယ်သမား ခေါင်းများကိုဖြတ်ပြီး စည်ပင်သာယာအမှိုက်တင်ကားထဲတွင် လှည့်ပြသည်ကို ၎င်းတို့မသိဘူးလား၊ ထိုပုံများကို မသိဘူးလား၊ တောင်သူလယ်သမားနေ့ကို မီဒီယာများက ဂရုမစိုက်ကြကြောင်း။

*စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*

လွတ်လပ်စွာပြောခွင့်ဆိုခွင့်ကို Internet မည်သို့ပိတ်ပိတ် နည်းပညာများ ထွန်းကားကြောင်း၊ VPN ဖြင့် ကျော်သွားပါက ရရှိကြောင်း၊ သတင်းလွတ်လပ်ခွင့်ဆိုသည်မှာ သတင်းက မူလကတည်းက လွတ်လပ်ခွင့်ရှိပြီးဖြစ်ကြောင်း၊ မိမိရေးသားသည့် အပေါ်တွင်သာ မူတည်ကြောင်း၊ မိမိတို့သည် ရခိုင်ကိုလည်းသွားခဲ့ကြောင်း၊ ရခိုင်ဆို၍ ဝမ်းသာစကားပြောလိုကြောင်း၊ ယခု AA က NCA လက်မှတ်ထိုးတော့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရခိုင်ကိစ္စတွင် AA က တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ အင်မတန်ကောင်းမွန်ကြောင်း၊ ဒါက နံပါတ်(၁) ဖြစ်ကြောင်း၊ နံပါတ်(၂)မှာ ဘင်္ဂလားဒေ့ရှ်ကလည်း မြန်မာကိုထောက်ခံကြောင်း၊ နံပါတ်(၃) အာဆီယံနိုင်ငံများကလည်း မြန်မာ့ပြည်တွင်းရေးကို မစွက်ဖက်ဘဲ ရုရှားက ထောက်ခံကြောင်း၊ တရုတ်က ထောက်ခံကြောင်း၊ နိုင်ငံတကာက မိမိတို့ပုံရိပ်ကို သိက္ခာချမည့်သူ တစ်ယောက်မျှ မရှိကြောင်း။

ထိုသတင်းကို မီဒီယာများရေးသလား၊ မရေးကြကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဝမ်းနည်းကြောင်း၊ မီဒီယာနှင့်ပတ်သက်ပြီး တိုင်းပြည်အကျိုးနှင့် မီဒီယာအကျိုး ယှဉ်လာပါက မီဒီယာအကျိုးကို စွန့်လွှတ်နိုင် ရမည်ဖြစ်ကြောင်း၊ ဤသည်မှာ မိမိခံယူချက်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ဒေါ်လာများ၊ ရွှေများပေးကြောင်း၊ ရွှေတိဂုံဘုရားတွင် ရွှေတန်ချိန် ၂ သောင်းနှင့် ၂ သောင်း ၃ ထောင်ကြားရှိကြောင်း၊ ရွှေတစ်တန်ကို ၄၅ ဒသမ ၅ သန်းခွဲရှိကြောင်း၊ မည်မျှတန်ဖိုးရှိမည်လဲ၊ မသမာမှုလုပ်ဆောင်ပြီး ဘုရားရွှေ၊ ဘုရားငွေကို ဘုရားပစ္စည်း ငရဲမီးဆိုသည်ကိုလည်း မကြောက်ကြကြောင်း၊ ထိုလူတွေက အလွဲသုံးစားလုပ်သည့်အတွက်ကြောင့် ဗိုလ်ချုပ်တို့ကပြကြောင်း၊ ဦးဖြိုးမင်းသိန်းက နာရီဒေါ်လာ ၁ သိန်းတန်ကိစ္စ သတင်းစာရှင်းလင်းပွဲကိစ္စ လုပ်စဉ်က မယူပါဘူးဆိုပြီး ယခုကျ မောင်ဝိတ်က ဝန်ခံကြောင်း၊ ထိုအရာများသည် ဆက်တိုက်လာဦးမည် ဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ မီဒီယာများအနေဖြင့် နောက်ထပ် သစ္စာဖောက်သည့်ကိစ္စများရှိပါက အရေးယူပေးစေလိုကြောင်း ပြောကြားသည်။



ဆူပူအကြမ်းဖက် ဆန္ဒပြသူများက မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

**Myanmar National post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က နစကကောင်စီက တာဝန်ယူကတည်းက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်ခဲ့ကြောင်း၊ ထိုအပေါ်မှာဆန္ဒပြဆူပူမှုများတွင် မပါသည့်ပြည်သူများက ကြိုဆိုပြီး ထောက်ခံကြသည့်သူများရှိကြကြောင်း၊ သို့သော် ဒီဘက်ပိုင်းတွင် ဝန်ကြီးတို့က ဆူပူမှုများနှင့်ပတ်သက်ပြီး ဝရမ်းထုတ်ခဲ့သူများရှိကြောင်း၊ ထိုလူများနှင့်ပတ်သက်ပြီး ယနေ့အချိန်ထိ ထိန်းသိမ်းနိုင်ခြင်း မရှိသေးပါကြောင်း၊ ၎င်းတို့ကလည်း ဆက်လက်ပြီး ဆူပူနေဆဲ၊ လှုံ့ဆော်နေဆဲရှိသေးသည်ကို တွေ့ရပါကြောင်း၊ ယခုအခြေအနေသည် မည်သည့်အတွက်ကြောင့် ကြန့်ကြာနေရသည်ကို ပြည်သူများက သိလိုနေကြပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဖမ်းဝရမ်းထုတ်ခံရသူ အတော်များများသည် မြန်မာပြည်တွင် မရှိပါကြောင်း၊ မြန်မာနိုင်ငံထဲတွင် အနည်းငယ်တော့ ရှိပါကြောင်း၊ ရှိသည့်သူများကလည်း နယ်စပ်တွင် ရောက်ရှိနေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူများလည်းရှိကြောင်း၊ မိမိတို့သိထားသည့် သတင်းအရတိမ်းရှောင်နေသူပေါင်း နယ်စပ်တွင် တစ်ထောင်ကျော်နီးပါးခန့် ရှိပါကြောင်း၊ ထိုအကြောင်းကြောင့်လည်းပါပါကြောင်း။

တချို့ကိစ္စများသည် မိမိတို့အနေဖြင့် လက်ငင်းလုပ်ရမည်ဖြစ်ကြောင်း၊ လက်ငင်းလုပ်ရမည့် အရေးကြီးကိစ္စဆိုသည်မှာ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေး ဦးစားပေးဆောင်ရွက်နေသည့်အတွက် ထိုဘက်တွင် အားနည်းချက် အနည်းငယ်ရှိပါကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ပြည်သူလူထု၏ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အမြဲတမ်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ယခုလက်ရှိတွင် တရားဥပဒေစိုးမိုးရေးအတိုင်း သွားနေသည်ဆိုသော်လည်း ပြည်သူများ အမြင်တွင် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များလည်း ပြန်လည်မတည်ဆောက်နိုင်သေးပါကြောင်း၊ မည်သည့်အချိန်ကာလတွင် ပြန်လည်အခြေချနိုင်မှုနှင့် တိတိကျကျ ဆောင်ရွက်နိုင်မှုကို သိရှိလိုကြောင်း၊ နောက်တစ်ခုမှာ ဆန္ဒပြမှုများနှင့် ပတ်သက်ပြီး NLD အစိုးရလက်ထက်တွင်လည်း ဆန္ဒပြမှုများ ရှိခဲ့ပါကြောင်း၊ ထိုအချိန်က ဆန္ဒပြသည့်အချိန်တွင် ဆန္ဒပြသူများက ၎င်းတို့၏ ဆိုလိုရင်းကို တောင်းဆိုပါကြောင်း၊ ၎င်းတို့ ကိုင်လိုသည့် ကြွေးကြော်သံကို ကိုင်ကြကြောင်း၊ သို့သော် နိုင်ငံ့ခေါင်းဆောင်ပုံများကို ဒေါ်အောင်ဆန်းစုကြည်၏ပုံဖြစ်စေ၊ ဦးဝင်းမြင့်၏ပုံဖြစ်စေ မဖွယ်မရာပြုလုပ်သည်ကို မတွေ့ခဲ့ရပါကြောင်း၊ သို့သော် ယခုအခါ နိုင်ငံ့ခေါင်းဆောင်ပုံများအား မဖွယ်မရာပြုလုပ်ခြင်းများကို မမြင်ချင်အဆုံး တွေ့လာရပါကြောင်း၊ ယခုအခြေအနေများအပေါ် ဗိုလ်ချုပ်တို့အနေဖြင့် လူငယ်များကို ဘာများပြောချင်သည်၊ ဘာတွေလုပ်ဆောင်သွားရန် ရှိမည်ဆိုသည်ကို သိရှိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးကိစ္စကိုပြောရလျှင် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၆၀၀၀ ကျော် ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိတွင် ၁၄၅၀၀ ကျော် ခန့်အပ်ပြီး ဖြစ်ကြောင်း၊ ၈၅ ရာခိုင်နှုန်းကျော်ခန့် ခန့်အပ်ပြီး ခန့်အပ်ရန် ၁၅ ရာခိုင်နှုန်း နီးပါး ကျန်နေသေးပါကြောင်း၊ ဆက်လက် ခန့်အပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပုံများကိစ္စကို ဖြေကြားရလျှင် နိုင်ငံ့ခေါင်းဆောင်ပုံများကို သာမက ဆရာတော်များ၏ ပုံများကိုပါ မဖွယ်မရာပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူငယ်လူရွယ်များကို မိမိအနေဖြင့် ပြောကြားလိုသည်မှာ အဓိကအားဖြင့် နိုင်ငံရေးစနစ်များ ၊ စီးပွားရေးစနစ်များ၊ လူမှုရေးစနစ်များအကြောင်း စသည်ဖြင့် ကြီးကြီးကျယ်ကျယ် ပြောကြပါကြောင်း၊ မည်သည့် စီးပွားရေးစနစ်ဖြစ်စေ အမှန်တကယ်တွင် လူမှုရေးစနစ် အပေါ်တွင်သာ အခြေခံရပါကြောင်း၊ ဥပမာအားဖြင့် မိမိတို့ မည်မျှပင်ကြီးကြီးကျယ်ကျယ် ပြောနေစေကာမူ ထိုင်းနိုင်ငံနှင့်ယှဉ်လျှင် မိမိတို့နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေပါကြောင်း။

ထိုင်းနိုင်ငံတွင်လည်း ယခုကဲ့သို့ပင် ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံနှင့်ယှဉ်၍ ပြောနေခြင်း မဟုတ်ဘဲ အိမ်နီးချင်း နိုင်ငံလည်းဖြစ်၊ ဖြစ်စဉ်ချင်းလည်းတူ၍ ပြောပြနေခြင်းဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင်လည်း တပ်မတော်မှ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရှပ်နီ၊ ရှပ်ဝါများ၏ ဆန္ဒပြမှုများ ယခုကဲ့သို့ ဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထေရဝါဒဗုဒ္ဓ ဘာသာ အထွန်းကားဆုံးနိုင်ငံအဖြစ် ကြွေးကြော်ကြပါကြောင်း။

ထိုင်းနိုင်ငံတွင် ဆန္ဒပြသည့်အချိန်က မည်သည့်ဘုန်းကြီးပုံကို မည်သည့်ထိုင်းလူမျိုး၊ မည်သည့် ထိုင်းလူငယ်က မဖွယ်မရာပြုလုပ်သည်ကို မြင်ဖူးပါသလဲ၊ ထေရဝါဒဗုဒ္ဓဘာသာနှင့် ပတ်သက်လာလျှင် ကျန်သည့်နိုင်ငံများမှ မြန်မာနိုင်ငံတွင် လာရောက်အတုခိုးရ သင်ယူရပါကြောင်း၊ တရားတော်များ၊ သမထ၊ ဝိပဿနာများနှင့် ပတ်သက်လျှင်လည်း မြန်မာနိုင်ငံတွင် လာကြည့်မှ၊ ရှုမှသာ ပြည့်စုံသည်ဟု ယူဆကြပါကြောင်း။

ယခုလိုအခြေအနေရှိသည့်နိုင်ငံတွင် လွန်ခဲ့သည့် ၁၀ နှစ်၊ အနှစ် ၂၀၊ ၂၅ နှစ်ခန့်က လူငယ်များသည် ဘုန်းကြီးကျောင်းများတွင် နေခဲ့ဖူးခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ တက်ခဲ့ဖူးခြင်းတို့ကြောင့် ၎င်းတို့၏အကျင့်စရိုက်ကို ယခု တက်ရောက်လာကြသည့် မီဒီယာများထဲမှ အဆိုပါခေတ်ကို မီဖူးသည့်သူများ သိရှိကြမည်ဖြစ်ပါကြောင်း၊ ယခုနောက်ပိုင်း လူငယ်များအား ဘာသာတရားကို ရိုသေနေရမည်၊ ကိုင်းရှိုင်းနေရမည်ဟု မိမိအနေဖြင့် မဆိုလိုပါကြောင်း၊ မိမိနိုင်ငံ၏ လူမှုရေး၊ ယဉ်ကျေးမှုစနစ်များကို အဓိကဆိုလိုခြင်းဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အခြေတည်မှုသည် အဆိုပါစနစ်များအပေါ်တွင် အများကြီး မူတည်ပါကြောင်း၊ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်စီးပွားရေးစနစ်ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေ မပြောစေလိုပါကြောင်း၊ အထက်ပါစနစ်များမှ မခိုင်မာလျှင် မည်သည့်စနစ်မှ ခိုင်မာမည်မဟုတ်ပါကြောင်း၊ လူငယ်များအနေဖြင့် ယခုပြသထားသည့် အကြမ်းဖက်သည့် ပစ္စည်းများကိုကိုင်၍ အကြမ်းဖက်ခြင်း၊ မီးရှို့နေခြင်းများသည် မှန်ကန်သည့်လမ်းကြောင်း ဖြစ်ပါသလားဟု ပြန်လည်သုံးသပ်ရန် လိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူပြီးသည့် နောက်ပိုင်းတွင် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုသာ သွားမည်ဟု ရှင်းရှင်းလင်းလင်းပြောထားပြီးဖြစ်ပါကြောင်း၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်စေရန် ရွေးကောက်ပွဲပြုလုပ်၍ အနိုင်ရပါတီကို အာဏာလွှဲပြောင်းပေးမည်ဟု အတိအလင်း ပြောကြားပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကွန်မြူနစ်စနစ်ကို သွားနေခြင်း မဟုတ်သကဲ့သို့ ဆိုရှယ်လစ်စနစ်ကို သွားနေခြင်းလည်း မဟုတ်ပါကြောင်း၊ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို သွားနေခြင်းဖြစ်ပါကြောင်း၊ ယခုလူငယ်များလိုချင်နေသည့် ဒီမိုကရေစီစနစ်ကို ပေးနိုင်ရန် မိမိတို့အနေဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း။

သို့သော် ယခုလက်ရှိတွင် လူငယ်များအနေဖြင့် ဘာကိုလိုချင်၍ ယခုကဲ့သို့ အခြေအနေမျိုး ဖြစ်ပေါ်စေရန် လုပ်ဆောင်နေသည်ကို နားမလည်နိုင်ပါကြောင်း၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ပေးနေသည့်သူများထဲမှ အဖမ်းခံရသူ တော်တော်ရှားပါကြောင်း၊ လူငယ်များသာ သေကျေ၊ ဒဏ်ရာရရှိခြင်း ရှိပါကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် ယခုကိစ္စနှင့်ပတ်သက်၍ ပြန်လည်ဆန်းစစ်၊ သုံးသပ်ကြစေလိုသည်ဟု စေတနာဖြင့် အကြံပေးလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က လူငယ်များ ဆုံးရှုံးရသည်ဖြစ်စေ၊ လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားနှင့် ရဲတပ်ဖွဲ့ဝင်များ ဆုံးရှုံးရသည်ဖြစ်စေ တိုင်းပြည်အတွက် အမြတ်မရှိ၊ အရှုံးချည်းသာ ဖြစ်နေပြီး လူငယ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသာ ထိပ်တိုက်တွေ့နေရပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ချေမှုန်းသည့်အခါ လူငယ်များထိခိုက်ရပြီး လူငယ်များဘက်မှ ပြန်ပြီးတုံ့ပြန်သည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးရပါကြောင်း၊ ယခုလို အခြေအနေမျိုးတွင် အဓိကတာဝန်ရှိသည့်လူများ၊ လှုံ့ဆော်သူများ၊ ဝရမ်းထုတ်ထားသည့် ခုနစ်ယောက် ၊ CRPH အဖွဲ့ဝင်များ၊ ယင်းအဖွဲ့များကို မထိန်းသိမ်းနိုင်လျှင် လူငယ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆုံးရှုံးနေပါကြောင်း၊ ပြည်သူများအတွက် မည်သို့ပြောကြားလိုသည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ယင်းအမြင်မှာ ဟုတ်ပါကြောင်း၊ ယင်းအမြင် မှန်သည်ဟုပြောရခြင်းမှာ ပထမဦးဆုံးအခြေအနေမှ တပ်မတော်က တာဝန်ယူလိုက်ပြီးသည့်အခြေအနေတွင် ဆန္ဒပြမှုများအတွက် တပ်မတော်အကြီးအကဲအနေဖြင့် ပြောကြားသည်မှာ ငြိမ်းချမ်းစွာဆန္ဒပြမှုဆိုလျှင် တရားဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆူပူမှုဖြစ်လာမည်ဆိုပါက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုလို ဆောင်ရွက်ခဲ့ခြင်းအပေါ် အားလုံးသည် ဖမ်းဆီးမှုနှင့်ပတ်သက်ပြီး ထိန်းသိမ်းဆောင်ရွက်သည်များလည်း ရှိပါကြောင်း၊ ယခုလိုဆောင်ရွက်မှုအပေါ် လစ်ဟာသွားသည်များလည်း ရှိကောင်းရှိနိုင်ပါကြောင်း၊ ဥပမာပြောရမည်ဆိုလျှင် လှုံ့ဆော်သူများထဲတွင် ပါနေသော၊ CRPH အဖွဲ့ဝင်များထဲတွင် ပါနေသောလူများကို ထိန်းသိမ်းခဲ့ပါကြောင်း၊ လိုအပ်သည့် မေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး ပြန်လွှတ်ပေးခဲ့ကြောင်း၊ ပြန်လွှတ်ပေးခဲ့သည့်အခါ ပိုဆိုးခဲ့ပါကြောင်း။

မည်သို့ပင်ဖြစ်စေ လောလောဆယ်အခြေအနေတွင် ဆန္ဒပြမှုများနှင့် ဆူပူမှုဖြစ်စဉ်များ လျော့ကျနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ သို့သော် ထပ်မံဖြစ်ပွားအောင် လှုံ့ဆော်မှုများ လုပ်ဆောင်နေသည်လည်း ရှိကြောင်း၊ လှုံ့ဆော်နေသူများကို အဓိကထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်အခါ မိမိတို့ နိုင်ငံတစ်နိုင်ငံတည်း တတ်နိုင်တာရှိပြီး တချို့အရာများတွင် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စများကိုလည်း လုပ်ဆောင်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မသိနားမလည်လို့ပါဆို၍ တရားဥပဒေက ခွင့်လွှတ်ရိုးထုံးစံမရှိ

**ကမ္ဘာကြီးဟာ ခေတ်တွေ၊ စနစ်တွေ တိုးတက်ပြောင်းလဲလာမှုတွေကြောင့် ရွာတစ်ရွာလို ဖြစ်လာချိန်မှာ လူသားတွေဟာလည်း နေ့စဉ်နဲ့အမျှ အွန်လိုင်းပလက်ဖောင်းမှာ အချိန်တော်တော်များများကို ကုန်ဆုံးနေကြရပါတယ်။ လူတိုင်းနီးပါး ဖုန်းကိုင်နေကြချိန်မှာ လူမှုကွန်ရက်တွေကို အကျိုးရှိရှိ အသုံးပြုကြသူတွေရှိသလို အကျိုးမဲ့စေတဲ့ အွန်လိုင်းပလက်ဖောင်းတွေမှာ စီးမျောနေကြသူတွေကလည်း ရှိနေတတ်တာပါပဲ။**

လင်းနိုင်

နည်းပညာတိုးတက်လာတာနဲ့အမျှ စာဖတ်နှုန်းကလည်း ကျဆင်းလျက်ရှိနေတာကို သုတေသနလေ့လာချက်တွေအရ သိရပါတယ်။ ဉာဏ်ကွန့်မြူးစေမယ့် စာတွေကို ဖတ်ခြင်းကြောင့် လူသားတွေရဲ့ နေထိုင်မှုပုံစံတွေ၊ အတွေးအမြင်အယူအဆတွေကို ပြောင်းလဲစေနိုင်တဲ့အပြင် အတ္ထုပ္ပတ္တိတွေဖတ်ခြင်းကြောင့်လည်း စိတ်ဓာတ်တွေ တက်ကြွစေကာ ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင်ကို ရောက်အောင်သွားနိုင်ဖို့ လမ်းညွှန်ပေးပါတယ်။ ဒါကြောင့်လည်း ဘက်လိုက်မှုမရှိတဲ့ စာရေးဆရာကြီးတွေရဲ့ စာအုပ်စာပေကောင်းတွေကို ကျွန်တော်အမြဲဝယ်ယူဖတ်ရှုလေ့ရှိပါတယ်။ ဒီအပတ် ရုံးလေးရက်ပိတ်မှာ ဖတ်မယ့်စာအုပ်တွေက အဆင်သင့်ဝယ်ထားပြီးသား ဖြစ်နေသော်လည်း ဝယ်ထားတဲ့စာအုပ်တွေကို စာအုပ်စင်မှာ မတွေ့တာကြောင့် 'အောင်အောင်၊ စာအုပ်တွေ ကိုင်သေးလား၊ စာအုပ်အသစ် သုံးအုပ် မတွေ့ဘူး'လို့ အတူနေသူ တူဖြစ်သူအား မေးလိုက်ရာ 'အဲဒီစာအုပ်တွေ လေးလေးမဖတ်သေးဘူးထင်လို့ အခန်းထဲ ယူထားတယ်' ဟု သူ့အခန်းထဲမှ ပြန်ဖြေတယ်။

> **"လူမှုကွန်ရက်သုံးတဲ့နေရာမှာ အထူးသတိထားဖို့ကိုလည်း ကြုံတုန်းပြောရဦးမယ်။ အွန်လိုင်းမှာတွေ့တဲ့ သတင်းတွေကို မျှဝေတာ၊ ထင်မြင်ယူဆချက်တွေ ပေးတဲ့အခါမှာ အထူးသတိထားဖို့ပြောချင်တာ။ မတ်လ ၂၁ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မတရားအသင်းများ အက်ဥပဒေ ပုဒ်မ ၁၆ အရ တရားမဝင်ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) နဲ့ အဲဒီကော်မတီက ဖွဲ့စည်းတဲ့အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ အဓိပ္ပာယ်ဖော်ပြချက်များနဲ့အညီ မတရားအသင်းအဖြစ်ကြေညာခဲ့တာကြောင့် အွန်လိုင်းပလက်ဖောင်းပေါ်က အဲဒီအဖွဲ့အစည်းနဲ့ ပတ်သက်ဆက်နွှယ်တဲ့ အကြောင်းအရာ၊ သတင်းအချက်အလက်၊ ဓာတ်ပုံတွေကို မမျှဝေမိဖို့လိုသလို ထင်မြင်ယူဆချက်တွေ မပေးမိအောင်လည်း အထူးဂရုစိုက်ဖို့လိုတယ်"**

တူတော်မောင်ရဲ့ အဖြေက အခြားအချိန်ဆို စိတ်တိုမိမှာ မဟုတ်သော်လည်း စာအုပ်ဖတ်ချင်စိတ်ရှိချိန်မှာ စာအုပ်ပျောက်ရှာနေရတာကြောင့် 'ယူထားရင်လည်း အစောကတည်းက ပြောပေါ့ကွ၊ လူအများနဲ့နေရတဲ့ အဆောင်မှာသာ ခုလိုလုပ်ရင်တော့ မင်းကို ခိုးတယ်လို့ စွပ်စွဲကြလိမ့်မယ်' လို့ ကျွန်တော့်အပြောကို သိပ်သဘောမကျတဲ့ အောင်အောင်က 'လေးလေး ပြောတာ မရှင်းဘူး၊ သူများပစ္စည်းခိုးယူမှ ခိုးတာမဟုတ်ဘူးလား'လို့ ပြန်မေးလာတယ်။ 'အောင်အောင် ဒီနားလာခဲ့ လေးလေး ပြောပြမယ်' ဆိုပြီး ကျွန်တော်ရှိရာ ဧည့်ခန်းထဲ လှမ်းခေါ်လိုက်တယ်။

### ဥပဒေနားလည်အောင် လေ့လာ

ဒီမှာ အောင်အောင် 'ခိုးမှုဆိုတာက အရပ်ထဲမှာတော့ ပိုင်ရှင်မသိဘဲ ယူရင်ခိုးတာပဲ။ ဥပဒေအရဆိုရင်တော့ ခိုးမှု(ပုဒ်မ ၃၇၈)ဆိုတာ လူတစ်ယောက်က (လက်ရှိဖြစ်တဲ့) (ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း) ကို (လက်ရှိဖြစ်သူ သဘောမတူဘဲ) (မရိုးဖြောင့်သဘောနဲ့ ယူရန်ကြံရွယ်ပြီး) (ထိုပစ္စည်းကို ရွှေ့စေရင်) ခိုးမှုမြောက်တယ်လို့ ဆိုထားတယ်။ ဒါကြောင့် ခိုးမှုမြောက်စေတဲ့ အင်္ဂါရပ် (၅) ရပ်ထဲကမှ ခုနက စာအုပ်ကိစ္စနဲ့ ဥပမာပေးပြောပြရရင် ပစ္စည်းကို ရွှေ့စေခြင်းနဲ့ ငြိစွန်းတာကို ပြောပြမယ်။ ခိုးချင်တဲ့စိတ်နဲ့ ယူမယ့်ပစ္စည်းကို ရွှေ့သွားစေပြီဆိုတာနဲ့ ခိုးမှုကမြောက်တယ်။ A ရဲ့ ပိုက်ဆံအိတ်ထဲက ငွေအထပ်လိုက်ကို ခါးပိုက်နှိုက် B က မြင်တော့ ခိုးချင်စိတ် ဖြစ်နေတယ်။ ဒါပေမယ့် ပိုက်ဆံအိတ်ကို မထိသရွေ့၊ မရွှေ့သေးသရွေ့ ခိုးမှုမမြောက်သေးဘူး။ ဒါပေမဲ့ A ရဲ့ ပိုက်ဆံအိတ်ကို လွယ်အိတ်ထဲ၊ လက်ဆွဲခြင်းတောင်းထဲ ထည့်လိုက်မိရင်တော့ (နေရာရွှေ့ထားလိုက်ရင်) မယူသေးပေမယ့် ခိုးမှုပဲ။ A က ချက်ချင်းသိသွားလို့ B က စတာပါကွာလို့ ပြန်ပြီးဆင်ခြေပေးကောင်းပေးနိုင်ပေမယ့် ဥပဒေအရတော့ ခိုးမှုမြောက်နေပြီဆိုတာ အရပ်ထဲက လူအများက သိပ်မသိကြဘူး။ ကိုယ့်လုပ်ရပ်က လွဲမှားနေတယ်၊ အပြစ်ဖြစ်နေတယ်ဆိုတာ လွဲမှားတဲ့လုပ်ရပ် လုပ်ကြသူတိုင်း၊ အပြစ်လုပ်ကြသူအများစုက မသိကြဘူး၊ ဟုတ်တယ်မလား' လို့ မျက်ခုံးပင့်ပြီး ပြောလိုက်တော့မှ တူတော်မောင်က 'ဟုတ်တယ် လေးလေး၊ ခုနောက်ပိုင်း လူအများစုက စာဖတ်တာ နည်းလာတယ်၊ ဥပဒေတွေနားလည်အောင် လေ့လာဖို့ဆို ပိုဝေးရောပေါ့၊ လေးလေးက ဥပဒေအကြောင်း အနည်းအကျဉ်း သိထားတော့ သိချင်တာ ထပ်မေးဦးမယ်' ဆိုပြီး သူ့အခန်းထဲ ပြေးဝင်သွားတယ်။

ပြန်ထွက်လာတော့ လက်ထဲက ဖုန်းကိုကြည့်ပြီး 'ခု ကျွန်တော့်သူငယ်ချင်းရဲ့ ဌာနမှာ CDM လုပ်ကြတဲ့သူတွေရှိတယ်။ CDM မလုပ်ကြတဲ့ဝန်ထမ်းတွေကလည်း ဌာနရဲ့ ၇၅ ရာခိုင်နှုန်းကျော်ကျော် အများကြီး ရှိတယ် လေးလေး။ အဲဒါကတော့ ဝန်ထမ်းတွေရဲ့ ယုံကြည်ရာ၊ အားသာရာကိစ္စပေါ့။ သိချင်တာက လေးလေးရာ၊ ဌာနကို စွန့်ခွာပြီး အလုပ်ထွက်သွားကြတဲ့သူတွေက အပြင်ကနေပြီး ဌာနထဲက ဝန်ထမ်းတွေကို CDM လုပ်ဖို့ တိုက်တွန်းတာ၊ CDM မလုပ်ကြတဲ့ဝန်ထမ်းတွေကို ခြောက်လှန့်သလိုလို၊ ပုတ်ခတ်သလိုလို၊ နောက်ဆုံး ဆဲရေးတိုင်းထွာတာတွေအထိ လုပ်နေကြတာကို ဘယ်လိုမှ ဥပဒေအရ အရေးယူလို့မရဘူးလား၊ အရေးမယူကြဘူးလား။ ဒီလို လူတွေကြောင့် ဌာနရော၊ ဌာနဝန်ထမ်းတွေပါ ဂုဏ်သိက္ခာကျစေတယ်မဟုတ်လား၊ လေးလေးရာ'လို့ ကျွန်တော့်ကို မေးလာတယ်။

အမေးရှိရင်တော့ အဖြေပေးရမှာပေါ့ကွာ။ လေးလေးသိသလောက် ပြောပြရရင် 'တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း ပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နဲ့ ၃၅၃၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ မိသားစုဝင်တွေကို CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း ပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅ –က နဲ့ ၅၀၆ အပြင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) နဲ့ပါ အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေနဲ့ အနှစ် ၂၀ အထိ ထောင်ဒဏ်ချမှတ်လို့ရတယ်။ အဲဒီတော့ တူလေးသူငယ်ချင်းရဲ့ ဌာနကို စော်ကားပုတ်ခတ်နေသူတွေ၊ ဝန်ထမ်းတွေကို CDM လုပ်ဖို့ စည်းရုံးလှုံ့ဆော်သူတွေ၊ CDM မလုပ်ကြတဲ့ နိုင်ငံ့ဝန်ထမ်းကောင်းတွေကို လူမှုရေးအရ အနိုင်ကျင့်တာ (Social Bullying) ပြုလုပ်နေတာတွေကို သက်ဆိုင်ရာနယ်မြေအလိုက် တိုင်တန်းလို့ရသလို တရားရုံးကနေလည်း တရားစွဲလို့ရတယ်။ ပြစ်မှုကျူးလွန်တဲ့သူတွေရဲ့ သက်သေအထောက်အထားတွေကတော့ သိပ်ပြီး ခက်ခက်ခဲခဲရှာနေဖို့ မလိုဘူးထင်တယ်။ ဘာလို့ဆိုရင် ပြစ်မှုကျူးလွန်သူတွေက သူတို့ရဲ့ ဖေ့စ်ဘွတ်အကောင့်မှာကို တင်ထားကြတာ မဟုတ်လား။ အကောင်းဆုံး သက်သေတွေပဲလေကွာ။ တချို့ကတော့ ပြန်ဖျက်တာတို့၊ ပြန်ဖြုတ်တာတို့ကို ခုရက်ပိုင်းတွေမှာ ပြုလုပ်လာကြတာကိုလည်း တွေ့နေ မြင်နေရတယ်။ ဒါကြောင့် Social Media မှာရော၊ လူမှုပတ်ဝန်းကျင်မှာပါ နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်ပြုလုပ်နေသူတချို့ရဲ့ နည်းမျိုးစုံနဲ့ Social Bullying ပြုလုပ်နေတာတွေကို ဆက်သွယ်တိုင်ကြားဖို့ နိုင်ငံသူနိုင်ငံသားအားလုံးမှာ တာဝန်ရှိတယ်၊ ဟုတ်တယ်မလား တူလေး။

### နားလည်လွယ်တဲ့ ခေတ်လူငယ်တွေ

'နောက်ပြီး လူမှုကွန်ရက်သုံးတဲ့နေရာမှာ အထူးသတိထားဖို့ကိုလည်း ကြုံတုန်းပြောရဦးမယ်။ အွန်လိုင်းမှာ တွေ့တဲ့သတင်းတွေကို မျှဝေတာ၊ ထင်မြင်ယူဆချက်တွေ ပေးတဲ့အခါမှာ အထူးသတိထားဖို့ပြောချင်တာ။ မတ်လ ၂၁ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မတရားအသင်းများ အက်ဥပဒေ ပုဒ်မ ၁၆ အရ တရားမဝင် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) နဲ့ အဲဒီကော်မတီက ဖွဲ့စည်းတဲ့အဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ အဓိပ္ပာယ်ဖော်ပြချက်များနဲ့အညီ မတရားအသင်းအဖြစ် ကြေညာခဲ့တာကြောင့် အွန်လိုင်းပလက်ဖောင်းပေါ်က အဲဒီအဖွဲ့အစည်းနဲ့ ပတ်သက်ဆက်နွှယ်တဲ့ အကြောင်းအရာ၊ သတင်းအချက်အလက်၊ ဓာတ်ပုံတွေကို မမျှဝေမိဖို့လိုသလို ထင်မြင်ယူဆချက်တွေ မပေးမိအောင်လည်း အထူးဂရုစိုက်ဖို့လိုတယ်။

'ကုန်ကုန်ပြောရရင်ကွာ အဲဒီလိုအကြောင်းအရာတွေ တင်တဲ့သူတွေ၊ မျှဝေတဲ့သူတွေကို တူလေး ဖေ့စ်ဘွတ်အကောင့်ထဲကို ထားမနေနဲ့။ ပြင်ပလောကမှာလည်း အဲဒီလိုအဖွဲ့အစည်းက လူတွေနဲ့ မပတ်သက်မိအောင်နေဖို့လိုတယ်။ အသန့်အပြန့်ကြိုက်တဲ့ ငါ့တူက အမှိုက်ပုံမှာ သွားထိုင်မှာ မဟုတ်မှန်း သိပေမယ့် ရောယောင်ပြီး အမှိုက်ပုံနားကို ရောက်သွားရင်လည်း ညစ်ပတ်နံစော်တဲ့ အနံ့ဆိုးကို မရှူရှိုက်စေချင်လို့ပေါ့ကွာ၊ ဟုတ်ပြီလား' လို့ ပြောပြတော့ ခေါင်းလေးတညိတ်ညိတ်နဲ့ Generation Z ပီပီ နားလည်လွယ်ကြတဲ့ ခေတ်လူငယ်တွေ မဟုတ်လား။

ကျွန်တော်ဟာ ဥပဒေပညာရှင် မဟုတ်သော်လည်း ဥပဒေနဲ့ပတ်သက်တဲ့ စာအုပ်စာပေကောင်းတွေကို ရွေးချယ်ဖတ်ထားခဲ့ခြင်းကြောင့်လည်း တူတော်မောင်ရဲ့ မေးခွန်းကို လူငယ်တစ်ယောက် နားလည်အောင် ပြောပြနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဦးဆောင်တဲ့သူ၊ လမ်းပြတဲ့သူတွေက လွဲမှားတဲ့ အယူအဆနဲ့ မိုက်မဲတဲ့ခံယူချက်တွေကို မျှဝေရင်တော့ Generation Z တွေအနေနဲ့လည်း လမ်းလွဲရောက်ပြီး လမ်းမှားမှာ ဒုက္ခတွေ၊ အခက်အခဲတွေ၊ နာကျင်ဆုံးရှုံးခြင်းတွေနဲ့ပဲ ဆုံတွေ့ရနိုင်ပါတယ်။ သာဓကအနေနဲ့ လမ်းမတွေပေါ်က ဖျက်လိုဖျက်ဆီး ဆူပူမှုလုပ်ရပ်တွေက သက်သေပဲမဟုတ်ပါလား။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ထိန်းသိမ်းမှုတွေကြောင့် ထိခိုက်နာကျင်ရတာတွေကို စာနာမိသော်လည်း ဖျက်လိုဖျက်ဆီးလုပ်ရပ်တွေသာ မပြုလုပ်ခဲ့ရင် ထိခိုက်နာကျင်စရာဆိုတာလည်း ရှိလာမှာမဟုတ်ပါဘူး။ အမှန်မြင်လျက် အမြင်မှန်ဖို့ လိုပါတယ်။

### တိုင်းပြည်ရဲ့ အနာဂတ် အားရကျေနပ်စရာ

မြန်မာနိုင်ငံရဲ့ လတ်တလော ပြောင်းလဲမှုဖြစ်စဉ်မှာ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို လိုက်နာမှုမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်တာတွေ၊ စည်းရုံးလှုံ့ဆော်တာတွေကို မသိလို့ပဲဖြစ်ဖြစ်၊ နားမလည်လို့ပဲဖြစ်ဖြစ် ပါဝင်လုပ်ဆောင်ကြရင် ဥပဒေအရ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်အသီးသီးကို ခံယူကြရမယ်ဆိုတာကို အထူးသတိထား သိရှိနေကြဖို့ လိုပါတယ်။ ဥပဒေကို မသိနားမလည်လို့ပါဆိုပြီး ပြစ်မှုကျူးလွန်ပြီးမှ ဝန်ချတောင်းပန် ထုချေနေရင်လည်း ပြစ်မှုကျူးလွန်သူ မည်သူကိုမဆို တရားဥပဒေက ခွင့်လွှတ်ရိုးထုံးစံမရှိပါကြောင်းနဲ့ ကျွန်တော်တို့ပြည်သူတွေမှာ ဥပဒေဗဟုသုတ ထိုက်သင့်သလောက် ရှိနေကြရင် တိုင်းပြည်ရဲ့အနာဂတ်ဟာ အတော်ကျေနပ်၊ အားရစရာဖြစ်လာလိမ့်မယ်လို့ ယုံကြည်မှုများနဲ့ ရေးသားလိုက်ရပါတယ်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၂၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်နှင့် အရာတော်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ် တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် မဲရုံပေါင်း ၉၆ ရုံ | ၁၀၉၂၁၉ | ၈၀၈၆၅ | ၆၇၂၈ | ၄၆၉ | ၉၆၃၀ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် မဲရုံပေါင်း ၁၂၃ ရုံ | ၁၄၂၃၆၆ | ၁၁၁၈၁၂ | ၁၇၀၈၂ | ၁၀၄၆ | ၁၅၆၅၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်နှင့် အရာတော်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၁၉ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၈၁၂၂၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၀၃၀၇၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၈၁၄၉၊ မြေပြင်လက်ကျန် ၇၁၃၃၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၇၄၃၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၁၈ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | ဆားလင်းကြီး | ၉၆ | ၁၂၁၃၈၉ | ၈၉၅၈၅ | ၃၁၈၀၄ | ၃၀၇၈၂ | ၁၄၂၁ | ၃၉၉ |
| ၂ | အရာတော် | ၁၂၃ | ၁၅၉၈၃၄ | ၁၁၃၄၈၉ | ၄၆၃၄၅ | ၄၀၅၅၂ | ၆၀၁၂ | ၂၁၉ |
| | စုစုပေါင်း | ၂၁၉ | ၂၈၁၂၂၃ | ၂၀၃၀၇၄ | ၇၈၁၄၉ | ၇၁၃၃၄ | ၇၄၃၃ | ၆၁၈ |

**ဆားလင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရစစ်ကိုင်းတိုင်းဒေသကြီး၊ဆားလင်းကြီးမြို့နယ်တွင်ရပ်ကွက်၃ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ မဲရုံပေါင်း ၉၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၂၁၃၈၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၉၅၈၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၁၈၀၄ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၇၈၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၄၇၉၉ | ၈၉၃၂၈ | ၂၅၄၇၁ | ၂၄၅၀၀ | ၁၃၇၀ | ၃၉၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၅၇ | ၂၅၇ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၃၃၃ | | ၆၃၃၃ | ၆၂၈၂ | ၅၁ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၁၃၈၉ | ၈၉၅၈၅ | ၃၁၈၀၄ | ၃၀၇၈၂ | ၁၄၂၁ | ၃၉၉ |

၆။ ဆားလင်းကြီးမြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စုရှိ မဲရုံ ၉၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၄၂၁ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၃၉၉ အပိုတွေ့ရှိရပါသည်။

၇။ ဆားလင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|
| ၁ | အမှတ် (၁) ရပ်ကွက် | ၁၈၀၀ | ၁၃၀၇ | ၄၉၃ | ၄၉၃ | | |
| ၂ | အမှတ် (၂) ရပ်ကွက် | ၁၄၅၀ | ၁၁၅၂ | ၂၉၈ | ၂၉၈ | | |
| ၃ | အမှတ် (၃) ရပ်ကွက် | ၁၉၀၀ | ၁၅၆၂ | ၃၃၈ | ၃၃၈ | | |
| ၄ | ကျားတက်ကျေးရွာအုပ်စု | ၃၉၀၀ | ၂၈၆၆ | ၁၀၃၄ | ၉၈၄ | ၅၀ | |
| ၅ | ကွဲခိုတောကျေးရွာအုပ်စု | ၁၆၅၀ | ၁၃၅၄ | ၂၉၆ | ၂၉၆ | | |
| ၆ | ကျိုင်းခမောက်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၃၂၅ | ၅၂၅ | ၅၂၅ | | |
| ၇ | ကျောက်မျက်ကျေးရွာအုပ်စု | ၄၆၀၀ | ၃၈၂၃ | ၇၇၇ | ၇၇၃ | ၄ | |
| ၈ | ခွန်သာကျေးရွာအုပ်စု | ၂၁၀၀ | ၁၄၁၂ | ၆၈၈ | ၆၈၈ | | |
| ၉ | ချောင်းရိုးကျေးရွာအုပ်စု | ၆၀၀ | ၄၄၅ | ၁၅၅ | ၁၅၅ | | |
| ၁၀ | ငါးခုန်ကျေးရွာအုပ်စု | ၃၃၅၀ | ၂၅၉၈ | ၇၅၂ | ၇၅၂ | | |
| ၁၁ | ဆုံတားကျေးရွာအုပ်စု | ၂၂၅၀ | ၁၇၁၇ | ၅၃၃ | ၅၃၃ | | |
| ၁၂ | ဆားထုံးကျေးရွာအုပ်စု | ၃၄၅၀ | ၂၇၅၂ | ၆၉၈ | ၆၉၈ | | |
| ၁၃ | ဆားခါးကျေးရွာအုပ်စု | ၁၇၀၀ | ၁၂၇၂ | ၄၂၈ | ၄၁၈ | ၁၀ | |
| ၁၄ | ဇီးချိုင်ကျေးရွာအုပ်စု | ၁၃၅၀ | ၉၈၈ | ၃၆၂ | ၃၆၂ | | |
| ၁၅ | ဇီးပနီ(တောင်)ကျေးရွာအုပ်စု | ၁၃၀၀ | ၉၈၈ | ၃၁၂ | ၃၁၂ | | |
| ၁၆ | ဇီးပနီ(မြောက်)ကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၇၉ | ၃၇၁ | ၃၇၁ | | |
| ၁၇ | ညောင်ပင်တိုကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၁၀ | ၃၄၀ | ၂၄၀ | ၁၀၀ | |
| ၁၈ | ညောင်ပင်ကြီးကျေးရွာအုပ်စု | ၅၂၀၀ | ၄၂၁၈ | ၉၈၂ | ၁၀၃၂ | | ၅၀ |
| ၁၉ | တရားကျေးရွာအုပ်စု | ၂၇၀၀ | ၁၉၇၇ | ၇၂၃ | ၇၂၃ | | |
| ၂၀ | တုံကျေးရွာအုပ်စု | ၂၅၀၀ | ၂၀၅၃ | ၄၄၇ | ၃၉၇ | ၅၀ | |
| ၂၁ | တောင်ပလူကျေးရွာအုပ်စု | ၃၂၅၄ | ၂၈၅၂ | ၄၀၂ | ၃၄၇ | ၅၅ | |
| ၂၂ | ထန်းဇင်ကျေးရွာအုပ်စု | ၃၉၀၀ | ၂၉၆၈ | ၉၃၂ | ၈၈၂ | ၅၀ | |
| ၂၃ | ဒူးထောက်ကျေးရွာအုပ်စု | ၁၅၅၀ | ၁၂၉၂ | ၂၅၈ | ၂၅၈ | - | |
| ၂၄ | ဒုံးတောကျေးရွာအုပ်စု | ၆၃၄၅ | ၄၉၈၆ | ၁၃၅၉ | ၁၁၆၂ | ၁၉၇ | |
| ၂၅ | နွေကူးတို့ကျေးရွာအုပ်စု | ၂၅၀၀ | ၁၉၅၅ | ၅၄၅ | ၅၄၅ | | |
| ၂၆ | ပေါင်းဝကျေးရွာအုပ်စု | ၁၄၅၀ | ၁၀၈၃ | ၃၆၇ | ၃၆၇ | | |
| ၂၇ | ပန်းထူးကျေးရွာအုပ်စု | ၂၉၅၀ | ၂၂၀၈ | ၇၄၂ | ၇၃၈ | ၄ | |
| ၂၈ | ဖလန်ကန်ကျေးရွာအုပ်စု | ၃၃၀၀ | ၂၆၀၅ | ၆၉၅ | ၆၉၆ | | ၁ |
| ၂၉ | ဖောင်းကတာကျေးရွာအုပ်စု | ၅၂၅၀ | ၄၃၀၂ | ၉၄၈ | ၈၄၈ | ၁၀၀ | |
| ၃၀ | ဘုတ်စုကျေးရွာအုပ်စု | ၂၂၅၀ | ၁၇၁၇ | ၅၃၃ | ၅၃၃ | | |
| ၃၁ | ဘိုက်သရက်ကျေးရွာအုပ်စု | ၁၁၀၀ | ၈၁၀ | ၂၉၀ | ၂၉၀ | | |
| ၃၂ | မတောင့်တကျေးရွာအုပ်စု | ၂၁၀၀ | ၁၆၀၅ | ၄၉၅ | ၄၄၅ | ၅၀ | |

*စာမျက်နှာ ၂၆ သို့*

စာမျက်နှာ ၂၅ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၃၃ | မိုးကြိုးပြင်ကျေးရွာအုပ်စု | ၅၅၀၀ | ၄၃၃၄ | ၁၁၆၆ | ၉၆၆ | ၂၀၀ | |
| ၃၄ | မြေစွန်းကျေးရွာအုပ်စု | ၃၁၅၀ | ၂၄၀၇ | ၇၄၃ | ၇၄၃ | | |
| ၃၅ | ရေမိန်ကျေးရွာအုပ်စု | ၁၂၀၀ | ၁၀၄၂ | ၁၅၈ | ၁၅၈ | | |
| ၃၆ | ရုံးပင်ရိုးကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၆၈ | ၅၈၂ | ၂၃၂ | ၃၅၀ | |
| ၃၇ | ရွှေသမင်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၅၄၇ | ၈၅၃ | ၈၅၃ | | |
| ၃၈ | ရွာသမင်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၁၉၇ | ၆၀၃ | ၄၅၃ | ၁၅၀ | |
| ၃၉ | ရွာရှည်ကျေးရွာအုပ်စု | ၇၀၀၀ | ၅၇၈၀ | ၁၂၂၀ | ၁၄၂၀ | | ၂၀၀ |
| ၄၀ | လက်ပတောင်းကျေးရွာအုပ်စု | ၃၄၅၀ | ၂၈၇၈ | ၅၇၂ | ၅၇၂ | | ၀ |
| ၄၁ | လင်းစကျက်ကျေးရွာအုပ်စု | ၃၃၀၀ | ၂၂၄၄ | ၁၀၅၆ | ၁၁၅၄ | | ၉၈ |
| ၄၂ | သမ္မတောကျေးရွာအုပ်စု | ၂၄၅၀ | ၂၀၅၀ | ၄၀၀ | ၄၅၀ | | ၅၀ |
| ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း | | ၁၁၄၇၉၉ | ၈၉၃၂၈ | ၂၅၄၇၁ | ၂၄၅၀၀ | ၁၃၇၀ | ၃၉၉ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၅၇ | ၂၅၇ | | | | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၃၃၃ | | ၆၃၃၃ | ၆၂၈၂ | ၅၁ | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၁၂၁၃၈၉ | ၈၉၅၈၅ | ၃၁၈၀၄ | ၃၀၇၈၂ | ၁၄၂၁ | ၃၉၉ |

## အရာတော်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ မဲရုံပေါင်း ၁၂၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၅၉၈၃၄ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၃၄၈၉၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၆၃၄၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၀၅၅၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၅၆၂၅၄ | ၁၁၃၀၀၉ | ၄၃၂၄၅ | ၃၇၄၅၂ | ၆၀၁၂ | ၂၁၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၈၀ | ၄၈၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၁၀၀ | | ၃၁၀၀ | ၃၁၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၅၉၈၃၄ | ၁၁၃၄၈၉ | ၄၆၃၄၅ | ၄၀၅၅၂ | ၆၀၁၂ | ၂၁၉ |

၉။ အရာတော်မြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စုရှိ မဲရုံ ၁၂၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၆၀၁၂ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၁၉ အပို တွေ့ရှိရပါသည်။

၁၀။ အရာတော်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ် (၁) ရပ်ကွက် | ၄၂၅၀ | ၂၇၃၄ | ၁၅၁၆ | ၁၀၁၆ | ၅၀၀ | |
| ၂ | အမှတ် (၂) ရပ်ကွက် | ၂၆၀၀ | ၁၈၅၄ | ၇၄၆ | ၇၄၆ | | |
| ၃ | အမှတ် (၃) ရပ်ကွက် | ၂၄၅၀ | ၁၆၀၇ | ၈၄၃ | ၇၉၂ | ၅၁ | |
| ၄ | ကန်သာကျေးရွာအုပ်စု | ၃၄၀၀ | ၂၅၆၆ | ၈၃၄ | ၈၃၄ | | |
| ၅ | ကမ်းဖြူကျေးရွာအုပ်စု | ၅၁၅၀ | ၃၄၅၂ | ၁၆၉၈ | ၁၄၄၉ | ၂၄၉ | |
| ၆ | ကျောက်ပျောက်ကျေးရွာအုပ်စု | ၂၈၀၀ | ၂၂၂၃ | ၅၇၇ | ၅၂၇ | ၅၀ | |
| ၇ | ငွေတွင်းရွာကျေးရွာအုပ်စု | ၂၉၀၀ | ၂၃၅၁ | ၅၄၉ | ၃၄၉ | ၂၀၀ | |
| ၈ | ဆင်တလည်ကျေးရွာအုပ်စု | ၁၃၅၀ | ၉၆၇ | ၃၈၃ | ၃၃၃ | ၅၀ | |
| ၉ | ဇရစ်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၈၇ | ၅၆၃ | ၅၆၃ | | |
| ၁၀ | ညောင်ခြေထောက်ကျေးရွာအုပ်စု | ၃၅၅၀ | ၂၇၁၃ | ၈၃၇ | ၆၃၇ | ၂၀၀ | |
| ၁၁ | ဒုံဒစ်ကျေးရွာအုပ်စု | ၂၆၀၀ | ၁၇၀၁ | ၈၉၉ | ၈၉၉ | | |
| ၁၂ | မလဲသာကျေးရွာအုပ်စု | ၇၅၀၀ | ၆၃၉၄ | ၁၁၀၆ | ၈၆၂ | ၂၄၄ | |
| ၁၃ | မကျီးစောက်ကျေးရွာအုပ်စု | ၃၁၀၀ | ၂၂၉၁ | ၈၀၉ | ၈၀၉ | | |
| ၁၄ | မင်းကျေးရွာအုပ်စု | ၃၀၅၀ | ၂၄၀၈ | ၆၄၂ | ၄၄၂ | ၂၀၀ | |
| ၁၅ | မြေနက်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၇၆၀ | ၆၄၀ | ၆၄၀ | | |
| ၁၆ | ဝါးတန်းကျေးရွာအုပ်စု | ၆၂၀၀ | ၄၀၈၉ | ၂၁၁၁ | ၁၄၆၁ | ၆၅၀ | |
| ၁၇ | ပျော်ပုံကျေးရွာအုပ်စု | ၂၆၀၀ | ၂၀၇၈ | ၅၂၂ | ၅၂၂ | | |
| ၁၈ | ဝါးရောင်းကျေးရွာအုပ်စု | ၈၂၅၀ | ၆၇၄၁ | ၁၅၀၉ | ၁၄၅၉ | ၅၀ | |
| ၁၉ | ဝက်ခဲကျေးရွာအုပ်စု | ၂၈၀၀ | ၂၁၈၇ | ၆၁၃ | ၇၁၃ | | ၁၀၀ |
| ၂၀ | သလဲဘာကျေးရွာအုပ်စု | ၄၅၀၀ | ၃၂၀၀ | ၁၃၀၀ | ၁၂၀၀ | ၁၀၀ | |
| ၂၁ | သခွပ်ပင်လယ်ကျေးရွာအုပ်စု | ၃၁၅၀ | ၂၁၂၇ | ၁၀၂၃ | ၉၇၃ | ၅၀ | |
| ၂၂ | ကျွန်းတောကျေးရွာအုပ်စု | ၁၀၅၀ | ၇၉၃ | ၂၅၇ | ၂၅၇ | | |
| ၂၃ | ကိုင်းကျေးရွာအုပ်စု | ၂၅၀၀ | ၁၇၈၁ | ၇၁၉ | ၇၁၉ | | |
| ၂၄ | ခင်သာကျေးရွာအုပ်စု | ၃၂၀၀ | ၂၅၄၉ | ၆၅၁ | ၆၅၃ | | ၂ |
| ၂၅ | ခြင်ပင်ကျေးရွာအုပ်စု | ၅၂၅၀ | ၂၉၄၅ | ၂၃၀၅ | ၁၆၀၅ | ၇၀၀ | |
| ၂၆ | ငှက်ပျောခြံကျေးရွာအုပ်စု | ၃၇၅၀ | ၂၈၈၄ | ၈၆၆ | ၈၁၆ | ၅၀ | |
| ၂၇ | နောင်ကြီးအိုင်ကျေးရွာအုပ်စု | ၅၈၀၀ | ၃၇၁၉ | ၂၀၈၁ | ၁၉၉၁ | ၉၀ | |
| ၂၈ | နေရာခင်းကျေးရွာအုပ်စု | ၂၆၅၀ | ၂၀၂၃ | ၆၂၇ | ၅၇၇ | ၅၀ | |
| ၂၉ | ဘောင်းကျကျေးရွာအုပ်စု | ၃၀၀၀ | ၂၆၂၅ | ၃၇၅ | ၄၉၂ | | ၁၁၇ |
| ၃၀ | မကျီးကန်ကျေးရွာအုပ်စု | ၈၇၅၀ | ၆၄၄၄ | ၂၃၀၆ | ၂၂၀၆ | ၁၀၀ | |
| ၃၁ | မှော်တောကျေးရွာအုပ်စု | ၃၉၅၀ | ၂၅၂၂ | ၁၄၂၈ | ၇၂၈ | ၇၀၀ | |
| ၃၂ | ရသစ်ကျေးရွာအုပ်စု | ၅၇၅၀ | ၄၀၂၄ | ၁၇၂၆ | ၁၆၂၆ | ၁၀၀ | |
| ၃၃ | ရေယိုကျေးရွာအုပ်စု | ၅၄၀၀ | ၃၇၁၁ | ၁၆၈၉ | ၁၄၁၇ | ၂၇၂ | |
| ၃၄ | ရဲချင်းကျေးရွာအုပ်စု | ၃၂၀၀ | ၁၈၅၇ | ၁၃၄၃ | ၉၄၃ | ၄၀၀ | |
| ၃၅ | ရှားကုန်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၇၄၈ | ၄၅၂ | ၄၅၂ | | |
| ၃၆ | လိန်လှကျေးရွာအုပ်စု | ၃၅၀၀ | ၂၂၃၁ | ၁၂၆၉ | ၉၁၉ | ၃၅၀ | |
| ၃၇ | ဝါးတောမကျေးရွာအုပ်စု | ၅၈၅၀ | ၄၀၃၆ | ၁၈၁၄ | ၁၈၁၄ | | |
| ၃၈ | အုပ်ရှင်းကြီးကျေးရွာအုပ်စု | ၂၆၅၀ | ၂၁၅၆ | ၄၉၄ | ၄၉၄ | | |
| ၃၉ | အုပ်ရှစ်ကြီးကျေးရွာအုပ်စု | ၅၈၅၀ | ၄၂၆၉ | ၁၅၈၁ | ၁၄၇၉ | ၁၀၂ | |
| ၄၀ | သစ်ကျင်းကြီးကျေးရွာအုပ်စု | ၂၀၀၀ | ၁၂၈၉ | ၇၁၁ | ၂၁၁ | ၅၀၀ | |
| ၄၁ | အောင်သာကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၁၁ | ၃၈၉ | ၃၈၉ | | |
| ၄၂ | တောင်မွှာကျေးရွာအုပ်စု | ၁၅၀၄ | ၁၀၆၂ | ၄၄၂ | ၄၃၈ | ၄ | |
| ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း | | ၁၅၆၂၅၄ | ၁၁၃၀၀၉ | ၄၃၂၄၅ | ၃၇၄၅၂ | ၆၀၁၂ | ၂၁၉ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၈၀ | ၄၈၀ | | | | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၁၀၀ | | ၃၁၀၀ | ၃၁၀၀ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၁၅၉၈၃၄ | ၁၁၃၄၈၉ | ၄၆၃၄၅ | ၄၀၅၅၂ | ၆၀၁၂ | ၂၁၉ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၇၆) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား အဆင့်တိုးမြှင့်ခြင်းနှင့် ဆုပေးပွဲများ ကျင်းပ



**နေပြည်တော် မတ် ၂၈**

(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပ ပြုလုပ်ကြရာ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများက တက်ရောက် မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၇၆) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများတွင် ပထမဆုရရှိကြသည့် အရာရှိ၊ စစ်သည်များနှင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ အမျိုးသား တစ်ဦးနှင့် "မြတောင်" ကျောင်းတိုက်အတွင်းမှ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများ သိမ်းဆည်းရမိ



**နေပြည်တော် မတ် ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် မဟာအောင်မြေမြို့နယ် ၈၅ x ၃၅ လမ်းရှိ "မြတောင်" ကျောင်းတိုက်အနီးတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် ကျောင်းတိုက်တောင်ဘက်မုခ်အနီး၌ သူရစိုး (ခ) စိုးသူ (၃၀)နှစ် (ဘ) ဦးအောင်ထူးအား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ လက်လုပ်မိုင်း ၃ လုံး၊ ကျည်ကာအင်္ကျီ ၁ ထည်၊ လက်အိတ် ၁ ထုပ်၊ ကင်းဘက်ဖိနပ် ၂ ရန်၊ လေးခွ ၁ လက်၊ ဒူးကာ ၄ ခု၊ တံတောင်ကာ ၃ ခု၊ ဖန်ဂေါ်လီ အလုံး ၃၀ နှင့် ဦးထုပ် ၂ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် သူရစိုးအား လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်နိုင်ရေး ထိန်းသိမ်းထားရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးဆောင်ရွက်နေစဉ် မွန်းလွဲ ၁ နာရီ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ကို ကျောင်းတိုက်ဘက်မှ အမျိုးသား ၁ ဦး (စိစစ်ဆဲ)က လက်လုပ်မိုင်း ၁ လုံးဖြင့် ပစ်ပေါက်ခဲ့သဖြင့် ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦးတွင် နဖူးထိမှန်ဒဏ်ရာရရှိခဲ့၍ "မြတောင်" ကျောင်းတိုက်ဆရာတော်အား ခွင့်ပြုချက် တောင်းခံကာ ကျောင်းဝင်းအတွင်းရှိ အဆောင်များကို ဝင်ရောက်ရှာဖွေခဲ့ရာ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် ဒိုင်း ၃၀ ချပ်၊ ဦးထုပ်မျိုးစုံ ၇ လုံး၊ ကျည်ကာအင်္ကျီ ၅ ထည်၊ Hand Speaker ၂ လုံး၊ မျက်မှန် အလက် ၁၀၀၊ ယာဉ်နံပါတ်ပြား ၆ ခုနှင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ လက်ကိုင်ဆိုင်းဘုတ်များကို သိမ်းဆည်းရမိခဲ့သည်။ (ဓာတ်ပုံ)

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသည့် သူရစိုး (ခ) စိုးသူနှင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့်ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားသူများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အောင်မြေသာစံမြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြန်အောင်မြို့နယ်တွင် ဆူပူအကြမ်းဖက်သူများက အုပ်ချုပ်ရေးမှူးရုံး၊ ရဲကင်းစခန်းများနှင့် အဆောက်အအုံများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် ၁၉ လမ်းနှင့် ၈၉ လမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးမှူးရုံးကို မတ် ၂၇ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူအင်အား ၁၅၀ ခန့်က မီးပုလင်းများ၊ မီးကွင်းများဖြင့် လာရောက်ပစ်ပေါက်ခဲ့ရာ မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှု ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်ကျွမ်းမှုကြောင့် သွပ်မိုး၊ ပျဉ်ခင်း မြေစိုက် နှစ်ထပ်ရုံး မီးလောင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ ယနေ့ နံနက် ၂ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ (၉၄) ရပ်ကွက်၊ ယုဇနအိမ်ရာ B ဘလောက်၊ ပိတောက်လမ်းရှိ ပေ ၃၀ ပတ်လည်ခန့်ရှိ တစ်ထပ်သွပ်မိုး အုတ်ကာအဆောက်အအုံကို ဆူပူအကြမ်းဖက်သူလူတစ်စုက မီးရှို့ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှု ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် နှစ်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ထို့အတူ ယနေ့နံနက် ၂ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ် အင်ပင်မြို့ဘန့်ဘွေးကုန်းကျေးရွာရှိ ယာယီရဲကင်းစခန်းကို ဆူပူအကြမ်းဖက်သူလူတစ်စုက မီးရှို့ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် နံနက် ၃ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အထက်ပါမီးလောင်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်နိုင်ရေးအတွက် အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၈**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်တွင် တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အရှေ့မြို့ပတ်လမ်းအတိုင်း မောင်းနှင်လာသည့် မသက်သာဖွယ်ဆိုင်ကယ် နှစ်စီးအား ရပ်တန့်စစ်ဆေးရှာဖွေရာ မောင်မောင်ဦး(ဘ) ဦးသိန်း၊ ထက်အောင်လင်း(ဘ) ဦးမိုးနိုင်ဦးနှင့် မြင့်မြတ်အောင် (ဘ) (စိစစ်ဆဲ) တို့သုံးဦးကို လက်လုပ်မိုင်း နှစ်လုံး၊ ယမ်းထုပ် နှစ်ထုပ်၊ ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ၎င်းတို့ သုံးဦး၏ ထွက်ဆိုအရ ကျောင်းကြီးစုရပ်ကွက်၊ ဖရဲငွေတောင်လမ်း၊ အိမ်အမှတ် (ဖတ/၁၅၇) နှင့် ဝါးပြားတောင်၊ နယ်မြေ(၇)၊ စံပယ်လမ်း၊ အိမ်အမှတ် (မ/၃၇၇) တို့မှ လေသေနတ် နှစ်လက်၊ မီးစာတပ်ထားသည့် ဓာတ်ဆီပုလင်း ၁၃၄ လုံး၊ ဓား နှစ်ချောင်း၊ ဒူးလေးတစ်လက်၊ အသံမိုင်း သုံးလုံး၊ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ တွံတေးမြို့နယ်၊ ရွှေဆံတော်ဘုရားလမ်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းလမ်းကြားတို့၌ အာကာဟိန်း (ဘ) ဦးသန်းလွင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ပေါ်၌ တင်ဆောင်လာသည့်အိတ်အတွင်းမှ လေသေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဟားခါးမြို့၊ ဈေးဟောင်းရပ်ကွက်၊ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ကျောက်ဘုရားကျောင်းဝင်းအတွင်းရှိ ကာဆင်ခန်းမ၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာ (၇) လမ်း၌ ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းစဉ် ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ ဂျင်ကလိ၊ မြား၊ ဓာတ်ဆီပုလင်းတို့ဖြင့် တိုက်ခိုက်ရန်ပြုလာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖြိုခွဲခဲ့ရာ



၎င်းတို့အနက်မှ ဇော်လှိုင်ဝင်း (ဘ) ဦးလှထွန်းကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၌ ယခင်မုံရွာတက္ကသိုလ်ကျောင်းသားသမဂ္ဂ (ဥက္ကဋ္ဌဟောင်း) ဝေမိုးနိုင်၏ သွေးထိုးလှုံ့ဆော်မှုအပေါ် အခြေခံဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ကို ဖြိုခွဲထိန်းသိမ်းစဉ် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးသေဆုံး

**နေပြည်တော် မတ် ၂၈**

မုံရွာမြို့၊ ရဟနာပုံရပ်ကွက်၊ သာစည်လမ်းအတွင်း ဦးအောင်သူ (စိစစ်ဆဲ) လူစုလူဝေး အင်အား ၃၀၀ ခန့်သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် လတ်တလောကာလ မုံရွာမြို့ပေါ်၌ ဆူပူဆန္ဒပြမှုများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်မှု လုပ်ရပ်များတွင် ကိုယ်တိုင် ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်ခဲ့သူ ယခင်မုံရွာ တက္ကသိုလ် ကျောင်းသားသမဂ္ဂ (ဥက္ကဋ္ဌဟောင်း) ဝေမိုးနိုင် (၂၆) နှစ် (ဘ) ဦးကိုကိုနိုင်၏ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများအပေါ် အခြေခံ၍ အများပြည်သူသွား လမ်းမကြီးနှင့် လမ်းသွယ်များကို အတားအဆီးများဖြင့် ပိတ်ဆို့၍ လက်နက်များကိုင်ဆောင်ကာ ဆူပူအော်ဟစ်ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်



သော ပူးပေါင်းအဖွဲ့သည် အဆိုပါ အခြေအနေအား ထိန်းသိမ်းနိုင်ရေးအတွက် သွားရောက်ခဲ့သည်။

**လုံခြုံရေးတပ်ဖွဲ့ကို တိုက်ခိုက်ရန်**

လုံခြုံရေး တပ်ဖွဲ့ဝင်များ ရောက်ရှိချိန် ဆူပူဆန္ဒပြသူများသည် အတားအဆီးများကို အကာအကွယ်ယူ၍ လက်လုပ်သေနတ်၊ လက်လုပ်ဗုံး၊ လောက်လွှဲစင်၊ လေးခွ၊ ဂျင်ကလိ၊ မီးပုလင်း၊ တုတ်၊ ခဲများဖြင့် အကြမ်းဖက် ရန်ပြုပစ်ခတ်ခဲ့ပြီး ဓား၊ လှံ၊ မှိန်းများ ကိုင်ဆောင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် ကြွသံပေး ပြေးတက်လာသည့်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့သည်။

**သိမ်းဆည်းရမိ**

ဆက်လက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားစဉ် ၎င်းတို့ကိုင်ဆောင်အသုံးပြုခဲ့သည့် လက်လုပ်ဂက်(စ်) သေနတ် ၂ လက်၊ ဂက်(စ်) ဘူး ၂ဘူး၊ မီးစာတပ်ဆင်ထားသော ဓာတ်ဆီပုလင်း ၂၉ လုံး၊ လက်လုပ်ဗုံး ၁၈ လုံး၊ အသုံးပြုပြီး လက်လုပ်ဗုံး ၁၂ လုံး၊ သတ္တုလက်လုပ်ဗုံး နှစ်လုံး၊ ယမ်းပျော့များ ထည့်ထားသော အိတ် နှစ်လုံး၊ ဘောစေ့ထည့်ထားသော သံဘူး နှစ်ဘူး၊ ဂျင်ကလိ ၅၁ ချောင်း၊ လေးဖက်ချွန် သံဆူး ၂၅ ခု၊ လောက်လွှဲစင် ၁ ခု နှင့် အခြားဆက်စပ်ပစ္စည်း များအား သိမ်းဆည်းရမိခဲ့သည်။

မုံရွာမြို့အတွင်း ဆူပူဆန္ဒပြမှုနှင့် အကြမ်းဖက်မှုလုပ်ရပ်များတွင် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူ ဝေမိုးနိုင်ကို လုံခြုံရေး တပ်ဖွဲ့ဝင် ၂ ဦးအား ရက်စက်စွာ သတ်ဖြတ်ရာတွင် ဦးဆောင်ပြုလုပ်မှုဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထားရှိခဲ့ပြီး ၎င်းမှာ ထွက်ပြေး တိမ်းရှောင်လျက်ရှိသဖြင့် အများပြည်သူလူထုအနေဖြင့် တရားခံပြေးဖြစ်သူ ဝေမိုးနိုင်အား တွေ့ရှိပါက နီးစပ်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များထံ သတင်းပေးပို့နိုင်ပါရန် မတ် ၂၇ ရက်တွင် အသိပေး သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

အထက်ပါ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် လူသေဆုံးခဲ့မှုများနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းဖွင့်ဆောင်ရွက်ထားရှိပြီး ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ တာဝန်ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သူလူအုပ်စုက အကြမ်းဖက်ရန်ပြုခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရ၊ အကြမ်းဖက်သူ အမျိုးသား တစ်ဦး သေဆုံး

**နေပြည်တော် မတ် ၂၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပွင့်ဖြူမြို့နယ် ကုလားကုန်းကျေးရွာရှိ ဝဏ္ဏ (စိစစ်ဆဲ) ပိုင်ဆိုင်သော “နိုင်လင်း” ဆိုင်ကယ်ပြုပြင်ရေးဆိုင်တွင် လေသေနတ်၊ လက်လုပ်မိုင်းနှင့် ဂျင်ကလိများ ပြုလုပ်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးစဉ် အဆိုပါဆိုင်အနီးအရောက်၌ ဆူပူအကြမ်းဖက်သူ အင်အား ၁၅ ဦးခန့်မှ ဂျင်ကလိ၊ လောက်လေးခွများဖြင့် အကြောင်းမဲ့ ရန်ပြုပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သတိပေးခြောက်လှန့်ပစ်ခတ်ခဲ့ရာ ဦးသန်းလှိုင် (၅၁) နှစ်၊ (ဘ) ဦးကြည်သာ တွင် ထိခိုက်ဒဏ်ရာရရှိ သေဆုံးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ဆိုင်ကယ်ပြုပြင်ရေးဆိုင်သို့ ဝင်ရောက်ရှာဖွေရာ လေးခွ လေးလက်၊ လက်လုပ်မိုင်း နှစ်လုံး၊ ဂျင်ကလိ လေးချောင်း၊ ကုန်းသီး/လောက်စာလုံး ၂၁ လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဦးသန်းလှိုင် သေဆုံးမှုနှင့်ပက်သက်၍ သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်းနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားသူများအား ဥပဒေနှင့်အညီ ဖော်ထုတ် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မြို့နယ်အချို့တွင် ဆူပူအကြမ်းဖက်သူများ အသုံးပြုသည့် လက်နက်ကိရိယာများအား သိမ်းဆည်းရမိစဉ်။

# မြို့နယ်အချို့တွင် ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်အရထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

ဆူပူအကြမ်းဖက်သူများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို နှောင့်ယှက်နိုင်ရေး အစွမ်းကုန်ဆောင်ရွက်မည်ဆိုသည့် ကြွေးကြော်မှုများဖြင့် မတ် ၂၂ ရက် နောက်ပိုင်းမှစ၍ ဆူပူအုံကြွအကြမ်းဖက်လှုပ်ရှားမှုများကို နည်းမျိုးစုံကြိုးစားလာသည့်အပြင် မတ် ၂၅ ရက်မှ ၃၁ ရက်အတွင်း အထူးသဖြင့် မတ် ၂၇ ရက်တွင် တစ်နိုင်ငံလုံး ဆူပူအုံကြွအကြမ်းဖက်ခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အကျပ်အတည်း တစ်စုံတစ်ရာဖြစ်စေရန် ရည်ရွယ်လျက် လူကိုသေစေနိုင်သည့် လက်နက်ကိရိယာများ အလုံးအရင်းဖြင့် စုဆောင်းနေကြောင်း၊ ရပ်ကွက်အတွင်း အေးချမ်းတည်ငြိမ်မှုကို လိုလားသည့်ပြည်သူများ၏ သတင်းပေးပို့ချက်များအရ မတ် ၂၅ ရက်၊ ၂၆ ရက်တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ကွက်အလိုက် ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ပြည်သူအများစုက အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်ခြင်းကို လိုလားသော်လည်း အနည်းစုဖြစ်သည့် ကြေးစားဆူပူအကြမ်းဖက်သူများနှင့် မူးယစ်ဆေးသုံးစွဲသူအများစုသည် အဖျက်အမှောင့်လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာခဲ့ရာ ၎င်းတို့ရည်မှန်းထားသည့် မတ် ၂၇ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆူပူအုံကြွအကြမ်းဖက်ခြင်းကို မျှော်မှန်းဆောင်ရွက်ခဲ့သော်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အချို့နှင့် မြို့နယ်၊ မြို့ကြီးအချို့တွင်သာ အကြမ်းဖက်အင်အား ဆယ်ဂဏန်းဖြင့် နေရာ ၉၀၊ ရာဂဏန်းဖြင့် ၈၇ နေရာ၊ ထောင်ဂဏန်းဖြင့် ၈ နေရာ၊ သောင်းဂဏန်းဖြင့် တစ်နေရာ စုစုပေါင်း ၁၈၆ နေရာတို့တွင် လူကိုသေစေနိုင်သည်အထိ အန္တရာယ်ဖြစ်စေနိုင်သော လက်နက်များကိုင်ဆောင်ကာ ဆူပူအကြမ်းဖက်မှုများ၊ လမ်းကြောင်းများ အထပ်ထပ်ပိတ်ဆို့ခြင်းများကို ဆောင်ရွက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၂၇ ရက် နံနက် ၁၀ နာရီမှစတင်ပြီး ပြည်သူလူထု လူမှုဘဝတည်ငြိမ်အေးချမ်းရေးအတွက် မဖြစ်မနေတာဝန်အရ လူစုခွဲခြင်း၊ အတားအဆီးများ ဖယ်ရှားခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**မလွှဲမရှောင်သာ လူစုဖြိုခွဲ**

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူအကြမ်းဖက်သူများ လူစုကွဲစေရေး အဓိကရုဏ်းဖြိုခွဲရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခဲ့မှုအပေါ် ဆူပူအကြမ်းဖက်သူများက ခြိမ်းခြောက်ခြင်း၊ ကိုယ်ထိလက်ရောက်အန္တရာယ်ပြုခြင်းများအထိ ကျူးလွန်လာပြီး သေနတ်အစစ်များဖြင့် ပစ်ခတ်ခြင်း၊ လက်ပစ်ဗုံးများ ပစ်ပေါက်ဖောက်ခွဲခြင်းများ ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ လူစုဖြိုခွဲမှုများဆောင်ရွက်ခဲ့ရာ အဓိကရုဏ်းဖြိုခွဲရေး လက်နက်များဖြင့် အနီးကပ်



ဆူပူအကြမ်းဖက်သူများက တပ်ဖွဲ့ဝင်များ၏ ယာဉ်အား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။



ဆူပူအကြမ်းဖက်သူများက အဆောက်အအုံအား ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

ဖြိုခွဲရသည့်အတွက် လမ်းပိတ်ဆို့ ရှင်းလင်းမှုဖြစ်စဉ်တွင် ခြောက်ဦး၊ ရဲစခန်းနှင့် ဌာနဆိုင်ရာရုံး အဆောက်အအုံများသို့ စီးနင်းဖျက်ဆီးမှုဖြစ်စဉ်တွင် ခြောက်ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝင်ရောက်လုံးထွေးသတ်ပုတ်မှုဖြစ်စဉ်တွင် သုံးဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ အကြမ်းဖက်သူ သုံးဦးမှ လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ရန် ဆောင်ရွက်စဉ် လက်တွင်း၌ပင် ပေါက်ကွဲ၍ သေဆုံးသူ တစ်ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းပေါ်တွင် ပိတ်ဆို့ထားသည့် အတားအဆီးများ ဖယ်ရှားချိန်အတွင်း၌ အနီးကပ် ဝင်ရောက်လုံးထွေးတိုက်ခိုက်မှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းလက်နက်များဖြင့် အနီးကပ်ပစ်ခတ်မှုကြောင့် ၂၉ ဦး စုစုပေါင်း ဆူပူအကြမ်းဖက်သူ ၄၅ ဦး သေဆုံးခဲ့ရပြီး ၅၅၂ ဦး ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။ ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးမှာ အကြမ်းဖက်သမားများ ပိတ်ဆို့တားဆီးထားသည့် အတားအဆီးများအား ရှင်းလင်းစဉ် ထောင်ချောက်မိုင်းပေါက်ကွဲ၍ ကျဆုံးခဲ့ပြီး ၁၃ ဦးမှာ မူးယစ်ဆေးသုံး အကြမ်းဖက်ဆူပူသူများ၏ အဓမ္မဝင်ရောက်လုံးထွေး အကြမ်းဖက်မှုကြောင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်**

ပြည်သူအများစုအနေဖြင့် အေးချမ်းစွာနေထိုင်လိုကြသော်လည်း ဆူပူအကြမ်းဖက် လူတစ်စုက အများပြည်သူ အေးချမ်းစွာနေထိုင်မှု ပျက်စီးဆုံးရှုံးစေရေးနှင့် အသုံးပြုလျက်ရှိသော ဆက်သွယ်ရေး လမ်းကြောင်းများ ပြတ်တောက်စေရေး ရည်ရွယ်ကာ လမ်းများပေါ်တွင် အတားအဆီးများချထားဆောင်ရွက်ခြင်း၊ သေနတ်များအပါအဝင် အကြမ်းဖက်လက်နက်များ သိုဝှက်ကိုင်ဆောင်ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသက်အန္တရာယ်ထိခိုက်စေသည်အထိ အကြမ်းဖက်ဆောင်ရွက်မှုများကို ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပေးအပ်ထားသည့် တာဝန်များအရ ဥပဒေနှင့်အညီ အဆင့်ဆင့်တားဆီးဆောင်ရွက်ခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် ဖမ်းဆီးထိန်းသိမ်းရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့်ပတ်သက်၍ သေမှုသေခင်းရေးဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေ့စဉ် သတင်းမှန်၊ အဖြစ်မှန်၊ တကယ်အချက်အလက်မှန်များကို

# မှန်မှန် မြန်မြန် သိလိုပါသလား?

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ကြေးမုံ
The Mirror Daily
Established in 1957

THE GLOBAL NEW LIGHT OF MYANMAR

# ဖတ်ရှုနိုင်ပါပြီ။




## ဆက်သွယ် မှာယူနိုင်ပါသည် -

မြန်မာ့အလင်း 01 - 9544 317, 09 - 4480 422 14

ကြေးမုံ 01 - 8292 830, 09 - 4500 255 70

The Global New Light of Myanmar 01 - 8604 532, 09 - 9839 249 91

## ဦးကိုလေး
## မြန်မာ့အာမခံလုပ်ငန်း(ငြိမ်း)
## (ပြွန်တန်ဆာအသင်း)
## အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်ဥတ္တမလမ်းနေ (ဦးသန်းမောင်-ဒေါ်လှစိန်)တို့၏သား၊ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ ဦးဝင်းမောင်-ဒေါ်အေးအေးကြည်၊ (ဦးစိန်ဝင်း)-ဒေါ်လှလှဝင်း၊ ဦးမောင်မောင်ခင်-ဒေါ်အေးအေးကြည်၊ (ဦးအောင်အောင်-ဒေါ်တင်တင်ဦး)၊ ဦးချစ်ကိုကို-ဒေါ်ငွေငွေရီတို့၏ဖခင်၊ မြေး(၉)ယောက်၊ မြစ်(၂)ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၄:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၂၁ရက် (ကြာသပတေးနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် ခုတင်(၅၀၀) အထူးကုဆေးရုံကြီးနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ဗန်းမော်မြို့နယ်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၆ နှင့် ဆက်နွှယ်သည့်
## ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် - ၂

ဦးကျားမို(ခ)အောင်မြင့် **တရားနိုင်** **နှင့်** ဦးအောင်ခန့် **တရားရှုံး**

ကချင်ပြည်နယ် ဗန်းမော်မြို့နေ ဦးအောင်ခန့် မြို့နယ်ရဲတပ်ဖွဲ့မှူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၆ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကျားမို(ခ)အောင်မြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဧပြီ ၂၂ ရက် (၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၁ ခုနှစ် မတ် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နိမ်ကွေနော်)
ဒုတိယမြို့နယ်တရားသူကြီး
ဗန်းမော်မြို့နယ်တရားရုံး

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ
## ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန် အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လျှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက် စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန် ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်လှကြည်
## အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ် (၄)ရပ်ကွက်၊ အမှတ်၁၄၀၊ (၂၈) လမ်းနေ (ဦးလှစိန်-ဒေါ်ဘီ)တို့၏သမီး၊ (ဦးမောင်မောင်တင်)၏ဇနီး၊ ဒေါ်စန်းစန်းငွေ လ/ထ ညွှန်ကြားရေးမှူး(ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်စန်းစန်းအေး အမက(၁၀) ဒဂုံ၊ ဦးကိုကိုနိုင်၊ ဦးသိန်းနိုင်၊ ဦးငွေးနိုင်၊ ဦးမျိုးနိုင်၊ (မစန်းသီတာထွေး)တို့၏ မိခင် ဒေါ်လှကြည်သည် ၂၇-၃-၂၀၂၁ရက် ည၁၀:၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၈-၃-၂၀၂၁ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖွနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ဗန်းမော်မြို့နယ်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၅ နှင့် ဆက်နွှယ်သည့်
## ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် -၁

ဦးကျားမို(ခ)အောင်မြင့် **တရားနိုင်** **နှင့်** ဦးကာဒေါ **တရားရှုံး**

ကချင်ပြည်နယ် ဗန်းမော်မြို့နေ ဦးကာဒေါ ခရိုင်ဆောက်လုပ်ရေးအင်ဂျင်နီယာမှူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၅ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကျားမို(ခ)အောင်မြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဧပြီ ၂၂ ရက် (၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၁ ခုနှစ် မတ် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နိမ်ကွေနော်)
ဒုတိယမြို့နယ်တရားသူကြီး
ဗန်းမော်မြို့နယ်တရားရုံး

## ကျောင်းဒါယကာကြီး
## ဦးသန်းထွေး (ဆင်ဖြူကျွန်း)
## လုံခြုံရေးဌာနစုမှူး / မြန်မာ့ရေနံ၊ MPPE (ငြိမ်း)
## အသက် (၇၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၉၈၂)၊ ရွှေဗဟိုစည်လမ်း၊ ရွှေပေါက်ကံမြို့သစ် (၁၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ပြန့်လွင့်ရပ် (ဦးဘထွန်း-ဒေါ်စိန်းရင်) တို့၏သား၊ ဦးစိုးဝင်း [အုပ်ချုပ်ရေးမှူး၊ ထွေ/အုပ်(ငြိမ်း) } - (ဒေါ်ခင်ဝင်းနွဲ့)၊ (ဦးငွေစန်း-ဒေါ်ကြင်ဝင်း) တို့၏ ညီမောင်၊ တူ/တူမ (၁၄)ယောက်တို့၏ဦးလေး၊ မြေး(၂)ယောက်တို့၏ဘိုးလေး ဦးသန်းထွေး [လုံခြုံရေးဌာနစုမှူး/မြန်မာ့ရေနံ၊ MPPE (ငြိမ်း)] အသက်(၇၇)နှစ်သည် (၁၃၈၂ ခုနှစ် တပေါင်းလပြည့်နေ့) ၂၇-၃-၂၀၂၁ ရက် (စနေနေ့) ညနေ ၃:၂၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၁ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

၂-၄-၂၀၂၁ ရက် (သောကြာနေ့) နံနက်တွင် ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်ပရိတ်တရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်ရှိ အောက်ဖော်ပြပါပုဂ္ဂိုလ်များ၏ မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | ကွင်း/အကွက် အမှတ်အမည် | ဦးပိုင် | ဧရိယာ | နေရပ် |
|---|---|---|---|---|---|
| ၁ | ဦးစံလင်း | အကွက်အမှတ်(၉) ကုလားစု | ၇၆-ဃ | ၀.၁၁၅ | အမှတ်(၁) ရပ်ကွက် |
| ၂ | ဦးပိုင်ဦး | အကွက်အမှတ်(၇) ဈေးပိုင်း | ၂၂၀-က | ၀.၀၄၁ | အမှတ်(၁) ရပ်ကွက် |
| ၃ | ဦးဆန်းထွန်း | အကွက်အမှတ်(၈) ကုလားစုအနောက် | ၅၈-စ | ၀.၃၀၉ | အမှတ်(၁) ရပ်ကွက် |

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ကန်ကြီးထောင့်မြို့နယ်

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့နယ်၊ ကျောက်ဖလာကျေးရွာနေ ဦးသာစိန်၏သမီး မခင်သူဇာမိုး ၁၁/မပတ(နိုင်) ၀၇၆၇၇၃၏ အမည်မှန်မှာ မခင်သူဇာဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၃-၂-၁၉၉၆ခုနှစ် ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်နန္ဒာထွေး(ခ) ဒေါ်နန်းနန္ဒာထွေး ၁၃/ဟပန(နိုင်)၀၀၁၅၈၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### သွေးသည် အသက်

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြု ခြင်းများဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီနားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည် တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ် စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့် သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ် သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါး ခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ ပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# ရန်ကုန်မြို့ပတ်ရထား အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် ခရီးစဉ်ပြေးဆွဲမှုဆောင်ရွက်



**နေပြည်တော် မတ် ၂၈**

မြန်မာ့မီးရထားတွင် ပြေးဆွဲလျက်ရှိသော ရန်ကုန်မြို့ရှိ မြို့ပတ်နှင့် ဆင်ခြေဖုံး ရထားများပြေးဆွဲခြင်း တတိယနေ့ခရီးစဉ်အဖြစ် ယနေ့ နံနက်ပိုင်းတွင် ပြေးဆွဲခဲ့ရာ အင်းစိန်ဘူတာမှ လူစီးတွဲ (၃)တွဲပါ RBE ရထားတွဲဆိုင်းကို လက်ဝဲရစ်လမ်းကြောင်းအတိုင်း နံနက် ၈ နာရီ ၃၅ မိနစ်မှ စတင်ထွက်ခွာပြီး ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီးသို့ နံနက် ၁၁ နာရီမိနစ် ၄၀ တွင် ဆိုက်ရောက်ခဲ့သည်။

အဆိုပါ မြို့ပတ်ရထားတွဲဆိုင်းသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၁၂ နာရီ မိနစ် ၄၀ တွင် ဆက်လက်ထွက်ခွာခဲ့ပြီး ဘူတာစဉ်ဖြတ်သန်းပြီးနောက် မင်္ဂလာဒုံဘူတာသို့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိ၍ ဆက်လက်ထွက်ခွာရာ အင်းစိန်ဘူတာသို့ မွန်းလွဲ ၂ နာရီတွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။

ဤသို့ရထားပြေးဆွဲမှု ဆောင်ရွက်စဉ်အတွင်း ကြို့ကုန်းဘူတာနှင့် သမိုင်းမြို့သစ်ကြား မိုင်တိုင် ၇/၂၁-၂၂ ၌ ရထားလမ်းပေါ်တွင် သစ်တုံး၊ သဲအိတ်၊ သံလမ်းတို့ဖြင့် ပိတ်ဆို့ထားခြင်း (ဓာတ်ပုံ)၊ သံလမ်းအရှည်ဖြင့် သံလမ်းပေါ် ကန့်လန့်ဖြတ် ပိတ်ဆို့ထားခြင်း၊ သမိုင်းမြို့သစ်နှင့် သမိုင်းဘူတာကြား အဆန်လမ်း၌ သစ်တုံးတစ်တုံး၊ အစုန်လမ်း၌

*စာမျက်နှာ ၁၉ ကော်လံ ၁* ❐

# YRTA ကြီးကြပ်မှုဖြင့် ကိုကိုးကျွန်းသို့ သွားရောက်မည့် M.V CHARITES သင်္ဘောခရီးစဉ် ယနေ့ထွက်ခွာ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံမှု၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ကိုကိုးကျွန်းမြို့နယ်သို့ ပြေးဆွဲပေးမည့် M.V CHARITES သင်္ဘောခရီးစဉ်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းမှ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က "ကိုကိုးကျွန်းမြို့နယ်ဟာ ရန်ကုန်တိုင်းဒေသကြီးရဲ့ မြို့နယ်တစ်ခုဖြစ်တာကြောင့် တိုင်းဒေသကြီးအတွင်း မြို့နယ်အားလုံး တန်းတူဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါမှာ ကိုကိုးကျွန်းမြို့နယ်ကိုလည်း အရင်ကတည်းက ဖွံ့ဖြိုးမှုလုပ်ငန်းတွေမှာ အဓိကထား ထည့်သွင်းလုပ်ဆောင်ပေးတာတွေ ရှိပါတယ်။ လက်ရှိ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူတော့ ကျွန်တော်တို့အဖွဲ့ YRTA ကို တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍတွေနဲ့ပတ်သက်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်ဖို့ မှာကြားတာတွေကြောင့် ဒီလမ်းညွှန်မှာကြားမှုတွေအတိုင်း YRTA အနေနဲ့ ဒီကနေ့ ကိုကိုးကျွန်းသင်္ဘောခရီးစဉ်ကို အခုလို ငါးကြိမ်မြောက် ပြေးဆွဲပေးတာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

*စာမျက်နှာ ၁၉ ကော်လံ ၁* ❍



ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုးကျွန်းမြို့နယ်သို့ ပြေးဆွဲနေသည့် M.V CHARITES သင်္ဘောကို တွေ့ရစဉ်။

# အဂူရိုကို ခေါ်ယူနိုင်ခဲ့ပါက အသင်းမှ တိုက်စစ်မှူး လူကာကူကို ရောင်းထုတ်ဖွယ်ရှိနေတဲ့ အင်တာမီလန်

အီတလီစီးရီးအေ အမှတ်ပေးဇယားဦးဆောင်သူ အင်တာမီလန်အသင်းသည် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းမှ အသက် (၃၂ နှစ်) အရွယ် အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယို အဂူရိုကို စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့ပါက အသင်းမှ အသက် (၂၇ နှစ်) အရွယ် ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူကို ရောင်းထုတ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် ဘောလုံးအသင်းများ၏ ဘဏ္ဍာရေးကို ထိခိုက်လျက်ရှိရာ ထိုအထဲတွင် အီတလီကလပ်အသင်းများလည်း အပါအဝင်ဖြစ်သည်။ ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော

*စာမျက်နှာ ၁၉ ကော်လံ ၁* ❖



အင်တာမီလန်အသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူ။

**သတိရှိကြပါကုန်** ဆောင်းပါး စာ ၁၆

**ကိုဗစ် -၁၉ ကန့်သတ်ချက်များ ချိုးဖောက်သူများကို အီသီယိုပီးယားတွင် ပြစ်ဒဏ်ချမှတ်သွားမည်** စာ ၁၃

**ကမ္ဘာတစ်ဝန်း ကာကွယ်ဆေးအလုံးရေ သန်း ၅၀၀ ကျော်ထိုးနှံပြီးချိန်မှာ ဥရောပရဲ့ ကာကွယ်ဆေးပြဿနာ အတော်လေးနက်ရှိုင်းလာ** နိုင်ငံတကာရေးရာ စာ ၁၄